# လယ်ယာ စီးပွား သတင်း
The Agri-Business News


**မျှော်မှန်းချက် (Vision)**

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။


နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် | ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ | (20-11-2019) အမှတ် (၇၆၈)

www.moai.gov.mm







# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ကျင်းပသော Our Ocean Conference 2019 ညီလာခံသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၃

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်အထိ နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ကျင်းပသော Our Ocean Conference 2019 ညီလာခံသို့ တက်ရောက်ကြသည်။**

အဆိုပါညီလာခံတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ၊ သမုဒ္ဒရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများ၊ ရေလုပ်ငန်းနှင့်ဆက်စပ်သော ဝန်ကြီးများတက်ရောက်ကြပြီး နော်ဝေနိုင်ငံဝန်ကြီးချုပ် Ms.Erna Solberg က အဖွင့်အမှာစကားပြောကြားကာ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါညီလာခံတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဝန်ကြီးများ၊ သိပ္ပံပညာရှင်များက ကမ္ဘာ့သမုဒ္ဒရာအတွင်း စိန်ခေါ်နေသော သမုဒ္ဒရာများ ရင်ဆိုင်နေရသည့် ပြဿနာများနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်ချက်၊ ရာသီဥတုပြောင်းလဲမှုအပေါ် အရေးယူဆောင်ရွက်မှု၊ သမုဒ္ဒရာများ ညစ်ညမ်းမှုကာကွယ်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ငါးအလွန်အကျွံဖမ်းဆီးမှုနှင့် ရေလုပ်ငန်းစီမံအုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခြင်း၊ သမုဒ္ဒရာများမှရရှိမည့်အစားအစာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ရေရှည်တည်တံ့သောပင်လယ်သမုဒ္ဒရာစီးပွားရေးတည်ဆောက်ခြင်း၊ သမုဒ္ဒရာများ သန်မာအားကောင်းစေရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ပေးခြင်းစသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရေရှည်တည်တံ့သောငါးလုပ်ငန်း Sustainable Fisheries အခန်းကဏ္ဍအောက်တွင် မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ရေပြင်အတွင်း အထူးငါးလုပ်ငန်းစီမံခန့်ခွဲသည့်ဇရိယာများနှင့် ငါးသယံဇာတထိန်းသိမ်းရေးဇုန်များ ထပ်မံတိုးချဲ့သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ကိုရီးယားသမ္မတနိုင်ငံ ပင်လယ်သမုဒ္ဒရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Seong Hyeok MOON နှင့်အဖွဲ့အား တွေ့ဆုံပြီး နှစ်နိုင်ငံငါးလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့်ပတ်သက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မည့်အစီအမံများကို ရင်းနှီး

စာ - ၂ သို့






# ၁၆ ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနား နေပြည်တော်တွင် ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

**၁၆ ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Horizon Lake View Hotel၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန်များ၊**




**ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံ ၁၀ နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် (အပေါ်ပုံ)က အမှာစကားပြောကြားရာတွင် ဆင်းရဲမှုပြဿနာသည် တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသဖြင့် မိမိတို့အာဆီယံဒေသတွင်း နိုင်ငံများလည်း ရင်ဆိုင်နေရကြောင်း၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များ ထိရောက်အောင်မြင်မှုသည် ကျေးလက် လူထုအသိုက်အဝန်းမှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့ကိုယ်တိုင် ကြိုးပမ်း ဆောင်ရွက်နိုင်မည့် ပတ်ဝန်းကျင်

စာ - ၂ သို့

# မြေဩဇာဆိုင်ရာ နည်းပညာကော်မတီ အကြိမ် ၃၀ မြောက်အစည်းအဝေး နေပြည်တော်တွင် ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

**မြေဩဇာဆိုင်ရာ နည်းပညာကော်မတီ အကြိမ် ၃၀ မြောက်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ် ၁၅ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြေဩဇာဆိုင်ရာ နည်းပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာရဲတင့်ထွန်း (ပုံ) နှင့် နည်းပညာကော်မတီဝင်များ၊ စွန့်ဦးလုပ်ငန်းရှင်စိုက်ပျိုးရေးပညာရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**





အစည်းအဝေးတွင် မြေဩဇာဆိုင်ရာ မှတ်ပုံတင်လျှောက်ထားလာသော လျှောက်လွှာ ၃၇၉ စောင်နှင့်ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များကို ဆွေးနွေးကြပြီး စံချိန်စံညွှန်းပြည့်မီသည့်မြေဩဇာများကို မြေဩဇာကော်မတီသို့ ဆက်လက်တင်ပြရန် ဆွေးနွေးဆုံးဖြတ်ကြသည်။

**MOALI ပြန်ကြားရေး**




ရှေ့ဖုံး – ပြည်ထောင်စုဝန်ကြီး မှ

ပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၄ ရက် နံနက် ၁၁ နာရီက နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Dag-In geUlstein နှင့် တွေ့ဆုံပြီး ထိုသို့တွေ့ဆုံရာတွင် နော်ဝေနှင့်မြန်မာနိုင်ငံတို့အကြား ကျယ်ပြန့်နက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနယ်ပယ်တွင် စွမ်းဆောင်ရည်မြင့်မားလာရေးနှင့် သယံဇာတအရင်းအမြစ်စီမံခန့်ခွဲမှုများ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ငါးလုပ်ငန်းကဏ္ဍ Fish for Development အစီအစဉ်ဖြင့် နော်ဝေနိုင်ငံမှ ပံ့ပိုးကူညီပေးနေသည့် လုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံအပေါ် ကူညီထောက်ပံ့မှုများအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

**MOALI ပြန်ကြားရေး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ Narod နှင့် YARA တို့မှ တာဝန်ရှိသူများအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၄**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Norod ရုံးသို့ ရောက်ရှိပြီး အမှုဆောင်ဒါရိုက်တာ Mr.Jon Lomoy အားတွေ့ဆုံ၍ မြန်မာ့ ပင်လယ်ပြင်ရေပိုင်နက်အတွင်း Dr.Fridtjof Nansen သုတေသနရေယာဉ်ဖြင့် ၂၀၂၂ ခုနှစ်အတွင်း သုတေသနဆောင်ရွက်မည့်ကိစ္စ၊ ရေပြင်အတွင်း Micro Plastic ပါဝင်မှု သုတေသနပြုဆောင်ရွက်မည့်ကိစ္စ၊ ငါးလုပ်ငန်းသတင်းအချက်အလက်ကို အခြေခံပြီး စီမံခန့်ခွဲမှုကိစ္စ၊ ဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားလာရေးဆိုင်ရာ ပံ့ပိုးပေးရေးကိစ္စ၊ ငါးလုပ်ငန်းဆိုင်ရာ ဥပဒေမူဘောင်များ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ ရေငန်ငါးမွေးမြူရေးနှင့်တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။**



နော်ဝေနိုင်ငံ Narod ရုံးတွင် နှစ်နိုင်ငံကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြစဉ်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နော်ဝေနိုင်ငံ အော်စလိုမြို့ရှိအဆင့်မြင့်နည်းပညာဖြင့် ဓာတ်မြေဩဇာထုတ်လုပ်သည့် ယာရာကုမ္ပဏီ၏ ဖိတ်ကြားချက်အရ ယာရာကုမ္ပဏီသို့ ရောက်ရှိကြရာ Excuetive Vice President Mr.Pablo Barrera Lopez နှင့်အဖွဲ့က ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသို့ ဓာတ်မြေဩဇာတင်ပို့ရောင်းချဖြန့်ဖြူးနေမှု အခြေအနေများကို တင်ပြကြသည်။



အော်စလိုမြို့ရှိ ဓာတ်မြေဩဇာထုတ်လုပ်သည့် ယာရာကုမ္ပဏီတွင် တွေ့ဆုံဆွေးနွေးကြစဉ်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ တောင်သူဦးကြီးများထံသို့ အဆင့်မြင့်နည်းပညာဖြင့် ဓာတ်မြေဩဇာများ တိုက်ရိုက်ရောက်ရှိနိုင်ရေး၊ မိမိဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်နိုင်မှုအခြေအနေ၊ ယာရာကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် Digital Farming စနစ်တစ်ခုဖြစ်ပေါ်လာရေးအတွက် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးကြသည်။

**MOALI ပြန်ကြားရေး**

ရှေ့ဖုံး – ၁၆ ကြိမ်မြောက် မှ

တစ်ရပ် ဖန်တီးပေးနိုင်မှုအပေါ် များစွာမူတည်ပါကြောင်း၊ ထို့ကြောင့် တို့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအသိုက်အဝန်းဖန်တီးပေးခြင်းသည် အဓိကကျသည့်အချက် ဖြစ်လာပါကြောင်း၊ ယခုအစည်းအဝေးများတွင် **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် အောင်မြင်ရေး၊ တုန့်ပြန်စွမ်းအား ကောင်းသောရပ်ရွာများ ထူထောင်ပေး"** ဆောင်ပုဒ်နှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများက ဦးတည်ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ဖြစ်သည့် မြန်မာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအစီအစဉ် (MSDP) ကို ရေးဆွဲချမှတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းအစီအစဉ်နှင့်အညီ ဆင်းရဲမှုလျှော့ချရေး၊ ရေရှည်ကျေးလက်ဖွံ့ဖြိုးရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကိုရေးဆွဲ၍ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အခြေခံအဆောက်အအုံနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေရရှိရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းများဖြင့် မြန်မာနိုင်ငံ၏ ဆင်းရဲမှုကို ၂၀၁၇ ခုနှစ် တွင် ၂၄ ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါကြောင်း၊

အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအစီအစဉ်မူဘောင်အနေဖြင့် ဆင်းရဲသူများနှင့် ထိခိုက်လွယ်အုပ်စုများမှ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းစေမည့် လုပ်ငန်းအစီအစဉ်များကို အဓိကဦးတည်ထားပါကြောင်း၊ ယင်းမူဘောင်တွင် လူမှုဖွံ့ဖြိုးရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများသည် အရေးပါသည့်အချက်များ ဖြစ်ပါကြောင်း၊ လူမှုအရင်းအနှီးတိုးတက်မြင့်မားမှုနှင့် လူမှုအသိုက်အဝန်း၏ တုံ့ပြန်နိုင်စွမ်းအားကောင်းမှုသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ထိရောက်အောင်မြင်မှုကို အထောက်အကူဖြစ်စေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လူထုဗဟိုပြုစီမံကိန်းများအား အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်းများက ကျေးလက်လူထု၏ အခြေခံအဆောက်အအုံ၊ အသက်မွေးဝမ်းကျောင်း၊ ဝင်ငွေရရှိရေးနှင့်အသိပညာမြင့်မားစေရေးတို့ကို တိုးတက်ဖြစ်ပေါ်စေပြီး တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီးဖြစ်ပေါ်စေပါကြောင်း၊

တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီးပေးခြင်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၂၀၃၀ ၏ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်ရစ်မှုမရှိစေရေး မျှော်မှန်းချက်အောင်မြင်စေရန် အဓိကကျသည့်အချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးများ၏ ဆောင်ပုဒ်ဖြစ်သည့် **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် အောင်မြင်ရေး၊ တုံ့ပြန်စွမ်းအား ကောင်းသောရပ်ရွာများ ထူထောင်ပေး"** သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ၂၀၃၀ နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ ထိရောက်အောင်မြင်စေရေးတို့အတွက် မောင်းနှင်အားတစ်ခု ဖြစ်ပါကြောင်း၊ မိမိတို့အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယခုဆွေးနွေးမည့်ဆောင်ပုဒ်နှင့်အညီ မိမိတို့နိုင်ငံအလိုက် အတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးပေးကြဖို့ တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အမြဲမပြတ် အတူလက်တွဲပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ ခင်းကျင်းပြသထားမှုများ လေ့လာကြစဉ်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံး ASEAN Socio-Cultural Community (ASCC) မှ ဒုတိယအတွင်းရေးမှူးချုပ် H.E Kung Phoak က အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် ၁၆ ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးနှင့် ၁၂ ကြိမ်မြောက် အာဆီယံ+၃ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတို့ကို ဆက်လက်ကျင်းပရာ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်မူဘောင် ၂၀၁၅–၂၀၂၀ ပါ စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် +၃ နိုင်ငံများ၏ ဆွေးနွေးချက်များကို အစည်းအဝေးတွင် အတည်ပြုနိုင်ရေး ဦးဆောင်ညှိနှိုင်း ဆွေးနွေးသည်။

**MOALI ပြန်ကြားရေး**

လယ်ယာ စီးပွား သတင်း
The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
ဆန်းညွန့် (ရေနံချောင်း)၊
သိန်းဖေ၊ အင်ပင်သန်းငွေအောင်၊
မော်ကွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံယံ၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဥ္ဇာလှိုင် (ဘားအံ)၊

**ထုတ်ဝေသူ**
**ဦးမျိုးတင့်ထွန်း**
**မြဲ - ၀၀၄၁၀**

**ပုံနှိပ်သူ**
**ဦးမောင်နီ**
**မြဲ - ၀၀၂၆၉**
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ခေါင်းစီးစာလုံး**
**သက်မော်**

**ဒီဇိုင်း**
**စိုးဟန်၊ နွယ်နီ**

**ဖလင်၊ ကာလာခွဲ**
**မြကျွန်းသာ**

**ကြော်ငြာ**
**လယ်ယာစီးပွားသတင်းအဖွဲ့**

**ဖြန့်ချိရေး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ**
**ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်**
**– ဝါမိုးအောင်စာပေ၊**
**စာပေဗိမာန်အနီး**
**မန္တလေး – မန္တလေးရုံးခွဲ**
**စီမံကိန်းဦးစီးဌာန**



**ဆက်သွယ်ရန်**

**လယ်ယာစီးပွားသတင်း**
**ကမ္ဘာအေးဘုရားလမ်း၊**
**စိမ်းလဲ့မေလမ်းသွယ်**
**ရန်ကင်းစာတိုက် ရန်ကုန်မြို့**
**ဖုန်း–၆၆၃၅၀၅**
Email:agribusinessnews2000@gmail.com


အယ်ဒီတာ့အာဘော်

# အတ္တ ပရ မျှတစွာဖြင့် လယ်ယာထုတ်ကုန်တိုးတက်ရေး ကြိုးပမ်း

ယနေ့ လူတို့၏စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိသော အသက်သခင်ကျေးဇူးရှင်ဟု တင်စားထိုက်သည့် တောင်သူလယ်သမားကြီးများ၏ လိုအပ်ချက်များထဲတွင် ခေတ်မီစိုက်ပျိုးရေးနည်းပညာအကူအညီများ၊ ပြည်တွင်းပြည်ပဈေးကွက် ခိုင်မာကျယ်ပြန့်စွာရရှိရေးသာမက စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးဖြစ်သည့် စိုက်ပျိုးစရိတ်ချေးငွေများ ရရှိရေးလည်း ပါဝင်ပေသည်။

စိုက်ပျိုးစရိတ်ချေးငွေများကို ရှေးအခါကာလက **"အမတော်ကြေး"**ဟု ခေါ်ဝေါ်သုံးစွဲခဲ့ပြီး အစိုးရအဆက်ဆက်တွင် တောင်သူလယ်သမားများသို့ ခေတ်ကာလအားလျော်စွာ ထုတ်ချေးထောက်ပံ့ပေးခဲ့သည်။

စိုက်ပျိုးစရိတ်ချေးငွေများသည် နိုင်ငံတော်၏ဘဏ္ဍာငွေများဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးရာသီတွင် အခက်အခဲမကြုံတွေ့စေရန်၊ တစ်နည်းအားဖြင့် ခေါင်းပုံဖြတ်အမြတ်ကြီးစား ဝိသမလောဘသမားများထံမှ အတိုးနှုန်းကြီးမားစွာ ချေးယူသုံးစွဲရခြင်းမှ ကင်းဝေးစေရန်အတွက် အစိုးရကိုယ်စား သက်ဆိုင်ရာစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က **"ဆောင်းချေးငွေ" "မိုးကြိုချေးငွေ"**နှင့် **"မိုးချေးငွေ"**ဟူ၍ စိုက်ပျိုးရာသီအမီ ထုတ်ချေးပေးခြင်း ဖြစ်သည်။

ထိုသို့ထုတ်ချေးပေးရာတွင် ယခုအစိုးရကာလ ၂၀၁၆–၂၀၁၇ ခုနှစ်တွင် စပါးချေးငွေနှုန်းထားကို ယခင်တစ်ဧက ကျပ်တစ်သိန်းမှ ယခု တစ်ဧက ကျပ်တစ်သိန်းခွဲသို့လည်းကောင်း၊ အခြားသီးနှံများကို ၂၀၁၇–၂၀၁၈ ခုနှစ်တွင် ကျပ်နှစ်သောင်းမှ ကျပ် ငါးသောင်းသို့လည်းကောင်း၊ ၂၀၁၈–၂၀၁၉ ခုနှစ်တွင် ကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းသို့လည်းကောင်း သုံးကြိမ်တိုင်တိုင် ချေးငွေနှုန်းထား တိုးမြှင့်ပေးခဲ့ပြီး ချက်ကြိုကိုလည်း မူလအတိုင်း ကျပ်တစ်သိန်းနှုန်းဖြင့် ဆက်လက်ထုတ်ချေးပေးမည်ဟု သိရသည်။

ထို့ပြင် ၂၀၁၉–၂၀၂၀ ခုနှစ်တွင် လက်ရှိထုတ်ချေးပေးလျက်ရှိသည့်သီးနှံ ၁၄ မျိုးအပြင် ပဲလေးမျိုး (ထောပတ်ပဲ၊ ပဲကြီး၊ ပဲယဉ်း၊ စားတော်ပဲ) ဆီထွက်သီးနှံနှစ်မျိုး (ပန်းနှမ်း၊ နေကြာ) စားဖိုဆောင်သီးနှံနှစ်မျိုး (ကြက်သွန်နီ၊ ငရုတ်)စသည့် ပြည်ပပို့ကုန်နှင့်ပြည်တွင်းစားသုံးမှု များပြားသော သီးနှံရှစ်မျိုးကိုပါ ဆောင်းချေးငွေမှစတင်၍ ယခင်နှစ်နှုန်းထားအတိုင်း ထုတ်ချေးပေးသွားမည်ဟု သိရသည်။

ဆောင်းချေးငွေကိုလည်း တောင်သူများချေးငွေပြန်လည်ပေးဆပ်မှု အဆင်ပြေစေရန်အတွက် ယခင်က သတ်မှတ်ခဲ့သည့် ဇွန်လကုန်အစား စက်တင်ဘာ ၁၅ ရက်အထိ ပေးဆပ်ရက်တိုးမြှင့်ပေးထားသည်။

စိုက်ပျိုးစရိတ်ချေးငွေများသည် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားခြင်းဖြစ်သည်။

ထို့ကြောင့် ချေးယူသုံးစွဲသူ တောင်သူလယ်သမားများသည် ချေးငွေကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်မှသာ မူလရည်ရွယ်ချက်ကို အောင်မြင်ပေါက်မြောက်မည် ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ ချေးငွေရရှိပြီးချိန်တွင် မလိုလားအပ်သည့်သုံးစွဲမှုများနှင့် လောင်းကစားမှုပြုလုပ်ခြင်းများတွင် ပါဝင်သွားပါက **"ဖွတ်မရ၊ ဓားမ ဆုံး"** ဆိုသကဲ့သို့ ချေးငွေပေးဆပ်ချိန်တွင် ပူပန်သောကရောက်ကာ အခက်ကြုံကြရရုံသာမက အပေါင်ပစ္စည်းအဖြစ် တင်သွင်းထားရသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ကို ပြန်လည်ရွေးယူနိုင်ရေးအတွက် အတိုးကြီးဖြင့် ထပ်မံငွေချေးကာ ရွေးနုတ်ရမည်ဆိုပါက **"ဘူးလေးရာ ဖရုံဆင့်"** ကာ အကြွေးသံသရာမှ လွတ်မြောက်နိုင်ကြမည် မဟုတ်ပေ။

ထို့ကြောင့် စိုက်ပျိုးစရိတ်ချေးငွေကို ချေးယူသုံးစွဲကြမည့်သူများသည် ပြည်သူ့ဘဏ္ဍာငွေမှ ချေးငွေများကို လယ်ယာကဏ္ဍတွင် ထိရောက်စွာ အသုံးပြုကာ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ရှေးရှုဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပေသည်။ ။

**စာ–၁၁ မြန်မာနိုင်ငံအလယ်ပိုင်းမှ**

အတွင်း စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရေချိုအရင်းအမြစ်များ စနစ်တကျဖော်ထုတ်အသုံးပြုနိုင်ရန် အထောက်အကူဖြစ်စေမည့် **မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်၏ ဇလဘူမိဗေဒစာအုပ်** ထုတ်ဝေနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသော ဇလဘူမိဗေဒပညာရှင် ဒေါက်တာလီယိုနာဒ်ဝါရင့်ဒရူရီနှင့် ပညာရှင်အသီးသီးတို့ကို ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဩစတြေးလျနိုင်ငံသံရုံး ပထမအတွင်းဝန် Mr.Alex Street၊ AWP စီမံကိန်းမန်နေဂျာ Mr.Rory Hunter၊ ဘာသာပြန်ပညာရှင် ဦးကျော်ဝင်းနှင့် Dr.Len Drury တို့က အသီးသီးရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက ဘာသာပြန်ဆိုသည့် ပညာရှင်များအား ဆုတံဆိပ်များ ဂုဏ်ပြုပေးအပ်သည်။

ယခုထုတ်ဝေသည့်စာအုပ်တွင် မြေအောက်ရေဆိုင်ရာအချက်အလက်များ အလွယ်တကူမရရှိနိုင်မှုကို ကျော်လွှားနိုင်စေရန်၊ ဇလဘူမိဗေဒဆိုင်ရာ အသိပညာများ ပိုမိုတိုးတက်လာစေရန်၊ မြေအောက်ရေသယံဇာတများကို စူးစမ်းလေ့လာခြင်း၊ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ စီမံခန့်ခွဲခြင်းစသည်တို့ကို အထောက်အကူဖြစ်စေရန်အပါအဝင် လူထုရေရှည်အကျိုးအတွက် မြန်မာဘာသာဖြင့် ပထမဆုံးဘာသာပြန်ထုတ်ဝေသည့်စာအုပ်ဖြစ်ကြောင်း သိရသည်။ **MOALI ပြန်ကြားရေး**

## ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၃၁**

**ရှမ်း** **ပြည်နယ် သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အသေးစားချေးငွေလုပ်ငန်း အရစ်ကျလယ်ယာသုံး၊ လုပ်ငန်းသုံးပစ္စည်းကြွေးကျန်မဖြစ်ပေါ်ရေး၊ အသင်းများဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းများ ပြည့်စုံမှန်ကန်ရေးတို့ကို ဆွေးနွေးမှာကြားသည်။**

**သမဝါယမ**

## ရော်ဘာအစေးထွက်လှီးဆော်ဆေး အီသရယ်အသုံးပြု၍ အစေးခြစ်နည်းပညာသရုပ်ပြပွဲ ကျင်းပ

**ကွမ်းခြံကုန်း အောက်တိုဘာ ၂၄**

**ရန်ကုန်** **တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကွမ်းခြံကုန်းမြို့နယ် အင်္ဂလိုးကျေးရွာ ဦးသိန်းဝင်းရော်ဘာခြံတွင် ရော်ဘာအစေးထွက်လှုံ့ဆော်ဆေး အီသရယ်အသုံးပြု၍ အစေးခြစ်နည်းပညာသရုပ်ပြပွဲကို ၂၄.၁၀.၁၉ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဒေါ်အေးမိမိစိုး၊ ကွမ်းခြံကုန်းမြို့နယ် ဦးစီးမှူးနှင့် ဌာနမှတာဝန်ရှိသူများ၊ ရော်ဘာစိုက်တောင်သူများ၊ ရော်ဘာခြံရှင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ စုစုပေါင်း ၂၇ ဦး တက်ရောက်ကြသည်။**



သရုပ်ပြပွဲတွင် တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဒေါ်အေးမိမိစိုးက ရော်ဘာအစေးထွက်လှုံ့ဆော်ဆေးအီသရယ် အသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များဖြစ်သော အပင်သက်တမ်း၊ ရာသီ၊ အီသရယ်ပြင်းအား၊ သုံးစွဲပုံသုံးစွဲနည်းနှင့်အစေးခြစ်နည်းစနစ်များ ရှင်းလင်းပြောကြားပြီး လက်တွေ့ပြသည်။ **(ပုံ)**

ရော်ဘာအစေးထွက်လှုံ့ဆော်ဆေး အီသရယ်အသုံးပြုခြင်းဖြင့် အစေးအထွက်နှုန်းပိုမိုတိုးလာခြင်း၊ အစေးလှီးအခေါက်ကုန်နှုန်း လျှော့ချနိုင်ခြင်း၊ ထုတ်လုပ်စရိတ်နည်းစေခြင်း၊ အစေးလုပ်သားမလုံလောက်မှုကြောင့် ထုတ်လုပ်မှုမထိခိုက်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

**စိုက်ပျိုးရေးဦးစီးဌာန**


## ဝမ်းနည်းကြေကွဲခြင်း

**မိုးလေဝသပညာရှင်ကြီး ဒေါက်တာ(ဦး)ထွန်းလွင် ညွှန်ကြားရေးမှူးချုပ်၊ မိုး/ဇလဌာန (ငြိမ်း)** (၇၂ နှစ်)သည် လယ်ယာစီးပွားသတင်းဂျာနယ် စတင်ထုတ်ဝေခဲ့သည့် ၂၀၀၀ ပြည့်နှစ်ကတည်းက တောင်သူလယ်သမားများအတွက် အလွန်အရေးကြီးသည့် မိုးလေဝသအပတ်စဉ်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်ရန် ကူညီခဲ့သည့်ပညာရှင်ကြီးတစ်ဦး ဖြစ်ပါသည်။ ဒေါက်တာ(ဦး)ထွန်းလွင် ၄.၁၁.၂၀၁၉ ရက် (တနင်္လာနေ့) ညနေ ၆ နာရီ ၅၇ မိနစ်တွင် ကွယ်လွန်အနိစ္စရောက်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **လယ်ယာစီးပွားသတင်းမိသားစု**

**ကမ္ဘာ့ရာသီဥတုကြီးပြောင်းလဲလာမှုဂယက်ဟာ မြန်မာနိုင်ငံကိုလည်း အဖျားခတ်လာတာ တွေ့ရပါတယ်။ ဒီဂယက်ရဲ့အကျိုးဆက်ကြောင့် မြန်မာနိုင်ငံပေါ်မှာ မုန်တိုင်းထန်၊ ရေလျှံပြီး အတိဒုက္ခရောက်နေရတဲ့ဒေသတွေလည်း ရှိပါတယ်။ တချို့ဒေသတွေကျတော့လည်း မိုးရေရှားပါးပြီး ရာသီဥတုပူပြင်းခြောက်သွေ့တဲ့ဒဏ်ကြောင့် သီးနှံပင်မစိုက်ရ၊ မပျိုးရဘဲ မိုးကိုထိုင်မျှော်နေရတဲ့ဒေသတွေလည်း ရှိပါတယ်။ တချို့ကျတော့လည်း သီးနှံတွေစိုက်ပျိုးပြီးမှ မိုးက တစ်စက်ကလေးတောင် ရွာမပေးလို့ အပင်တွေခြောက်သေတဲ့ဒုက္ခနဲ့ ကြုံနေရတဲ့ဒေသ စတဲ့ရာသီဥတုရဲ့ အမျိုးမျိုးသောနှိပ်စက်မှု၊ အထုအထောင်းအောက်မှာ ကြေမွနေအောင်ခံနေရတဲ့အနိဋ္ဌာရုံများဟာ တွေးမိတိုင်း ရင်နာစရာပါပဲ။**

အဲဒီအထဲမှာ ၁၀ စုနှစ်အတွင်း မဖြစ်စဖူး အဖြစ်ထူးနဲ့ကြုံရတဲ့အဖြစ်ကတော့ စိုက်ပျိုးရေအတွက် တည်ဆောက်ခဲ့တဲ့ဆည်ကြီးများမှာ ရေဝင်ပမာဏအလွန်နည်းခဲ့ရတဲ့အဖြစ်ပါပဲ။ တချို့ဆည်များဆိုရင် နှစ်စဉ်ရေဝင်ပမာဏရဲ့ထက်ဝက်လောက်ပဲ ရေဝင်တယ်လို့ ဆိုပါတယ်။ တချို့ဆည်များမှာလည်း နှစ်စဉ်ရေဝင်ပမာဏထက် သုံးပုံတစ်ပုံလောက် ရေဝင်လျော့နည်းတယ်လို့ ဆိုပါတယ်။ ဆည်တွေ ဒီလိုရေဝင်နည်းသွားရခြင်းရဲ့ အကျိုးဆက်ကတော့ ခါတိုင်းနှစ်တွေကလောက် ဆည်တွေကနေ သီးနှံစိုက်ပျိုးဖို့ ရေမပေးနိုင်တော့ဘူးလို့ ဖြစ်စဉ်ဖြစ်လာခြင်းပါပဲ။

ဆည်မြောင်းနဲ့ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနကတော့ ဆည်တွေရေဝင်နည်းတယ်။ သီးနှံစိုက်ပျိုးကြတဲ့အခါမှာ ရေကိုခြွေတာအသုံးပြုကြဖို့၊ ရေသုံးစွဲမှုနည်းတဲ့သီးနှံများကို ပြောင်းလဲစိုက်ကြဖို့ တောင်သူလယ်သမားကြီးများကို ကြိုတင်သတိပေးနှိုးဆော်ထားတာ တွေ့ရပါတယ်။

သီးနှံစိုက်ပျိုးထွက်ရှိမှု၊ အောင်မြင်ဖြစ်ထွန်းမှု၊ ဈေးကွက်ကောင်းရမှုဟာ တောင်သူလယ်သမားကြီးများရဲ့ ဘဝနဲ့ရင်းနှီးရတဲ့ လုပ်ငန်းစဉ်တစ်ခုပါ။ တောင်သူလယ်သမားကြီးများဟာ တစ်ရာသီမှာ သီးနှံတစ်ခုအကြောင်းအမျိုးမျိုးကြောင့် လွဲချော်မှု၊ ကြုံတွေ့ခံစားခဲ့ကြရရင် အစားထိုးလို့မရတဲ့ဘဝပျက်သုဉ်းခြင်း တွင်းနက်ကြီးထဲဆင်းလိုက်ရသလိုနာလန်မထူနိုင်တော့ပါဘူး။ နောက်ထပ် ငါးနှစ်၊ ၁၀ နှစ် ဒူးခေါင်းရှို့မြုပ်လုမတတ် ကျားကုတ်ကျားခဲ အပတ်တကုတ်ကြိုးစားအားထုတ်ရင်တောင်မှ ခေါင်းပြန်ထောင်နိုင်ဖို့ မလွယ်ကူလှပါဘူး။

ဒါကြောင့် တောင်သူလယ်သမားကြီးများအတွက် ဆည်ရေအလုံအလောက်မပေးနိုင်တော့လို့ ရေလိုအပ်ချက်နည်းတဲ့သီးနှံများရွေးချယ်စိုက်ပါ။ ရေကိုခြွေတာပါလို့ အပေါ်ယံသဘောပြောရုံလောက်နဲ့ မလုံလောက်နိုင်ပါ။ ဒီအပေါ်မှာ ယခင်အိန္ဒိယက မြန်မာမတ်ပဲ၊ ပဲတီစိမ်းကို မဝယ်တော့ဘူးလို့ ရုတ်တရက်ရာဇသံပေးခံရတုန်းကလို တောင်သူလယ်သမားကြီးများအတွက် ရင်ထဲဝင်ခံစားပြီး ရေရာသေချာတဲ့အစီအမံများရေးဆွဲ၊ ချပြ၊ နည်းလမ်းပေး၊ ပံ့ပိုးကူညီဆောင်ရွက်မှသာ တောင်သူလယ်သမားကြီးများ ရတက်အေးပြီး အသက်ရှုချောင်မှာ ဖြစ်ပါတယ်။

ဒီလိုစီမံဆောင်ရွက်ဖို့ဆိုရင် တာဝန်ယူတာဝန်ခံ ဆောင်ရွက်ရမည့်ဌာန၊ အဖွဲ့အစည်းဟာ သုံးခုရှိမှာ ဖြစ်ပါတယ်။ (၁) ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ (၂) စိုက်ပျိုးရေးဦးစီးဌာန၊ (၃) တောင်သူလယ်သမားကြီးများ ဖြစ်ပါတယ်။ ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်အလိုက် ရေဝင်မှုပမာဏ၊ ရေပေးဝေနိုင်မှုပမာဏ၊ မည်သည့်ရေသောက်ဧရိယာအထိ ရေပေးဝေနိုင်မည်ဆိုသည့် ညွှန်ပြချက်ကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ ရှေ့မှောက်မှာ တိတိကျကျရေးဆွဲပြီး ရေသောက်ဧရိယာမြေပုံမှာရေမြေပြင်မှာပါ ပွင့်လင်းမြင်သာစွာ ဖော်ပြကြေညာဖို့ လိုပါတယ်။ ဘယ်နေရာအထိရေရောက်အောင် ပေးနိုင်မယ်ဆိုတာပြောဖို့ လိုပါတယ်။ ဒါမှသာ လယ်သမားများဟာ ငါတို့ဘယ်အထိပဲရေရမယ်။ ဘယ်နေရာရေမရောက်နိုင်ဘူး။ တို့ဘယ်နေရာ ဘယ်သီးနှံစိုက်ပျိုးမယ်ဆိုတာကြိုတင်ဆုံးဖြတ်စီမံချက်ချမှတ်နိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင်တောင်သူလယ်သမားက ဘယ်နေရာအထိရေရောက်မယ်။ မရောက်မယ်ဂဃနဏမသိတဲ့အတွက် ဆုံးရှုံးစရာရှိရင် မိအေးပဲ နှစ်ခါနာဖြစ်ကြရမှာပါ။

နောက်တစ်ချက်ကတော့ စိုက်ပျိုးရေးဦးစီးဌာနရဲ့အဆင့်ဆင့်သောအဖွဲ့အစည်းတွေဟာ မိမိဒေသတွင်းရှိတဲ့ဆည်များရဲ့ရေဝင်မှုပမာဏ၊ ရေပေးဝေနိုင်မှုပမာဏ၊ ဘယ်နေရာအထိရေပေးနိုင်မယ်၊ ရေမပေးနိုင်ဘူးဆိုတာကို မိမိရဲ့စိုက်ပျိုးထုတ်လုပ်မှု၊ ကြီးကြပ်မှုကော်မတီအတွင်း အကြေအလည်ညှိနှိုင်းသိရှိအောင် လုပ်ဖို့ လိုပါတယ်။ ဒါမှသာ စပါးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လောက်အောင် ရေပေးဝေနိုင်တယ်လို့ အာမခံတဲ့နေရာမှာ ဘယ်လိုသက်တမ်းတိုတဲ့စပါးမျိုးကို စိုက်ပျိုးဖို့လိုတယ်။ ရေမရောက်နိုင်တဲ့ ဘယ်လိုနေရာမှာတော့ မြေတွင်းအစိုဓာတ်နဲ့ဖြစ်ထွန်းတဲ့ဘယ်လိုသီးနှံတွေ ရွေးချယ်စိုက်ပျိုးပါလို့ တောင်သူလယ်သမားကြီးများကို အကြံပြုနိုင်မှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားကြီးများအတွက် လိုအပ်လာမယ့် ဓာတ်မြေဩဇာ၊ အထူးသဖြင့် မျိုးကောင်းမျိုးသန့်မျိုးများ၊ စိုက်ပျိုးနည်းစနစ်များကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးဖို့ လိုပါတယ်။

တောင်သူလယ်သမားကြီးများအပိုင်းကတော့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း၊ စိုက်ပျိုးထုတ်လုပ်မှု၊ ကြီးကြပ်မှုကော်မတီအတွင်းရှိ ဌာနဆိုင်ရာများနဲ့ထိတွေ့ပြီး မိမိတို့သီးနှံစိုက်ပျိုးရမယ့်ဆည်ဟာ ဘယ်နေရာရောက်သည်အထိ ရေပေးနိုင်မလဲ၊ ဘယ်နေရာဆည်ရေမရနိုင်ဘူးလဲဆိုတာကို ဉစ္စာရင်လို ဉစ္စာရင်ခဲ မိမိဘက်က ကြိုတင်သိရှိအောင် အားထုတ်ကြဖို့လိုပါတယ်။ သို့မှသာ ဘယ်နေရာ ဘာသီးနှံစိုက်မယ်ဆိုတာကို မိမိက ကြိုတင်စီမံနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမဟုတ်လို့လွဲချော်မှုတစ်ခုခုဖြစ်သွားခဲ့ရင် ဦးစွာဆုံးရှုံးနစ်နာမှုခံလိုက်ရမှာက မိမိတို့ပဲဖြစ်မှာကို သတိချပ်ကြစေချင်ပါတယ်။

စာရေးသူအနေနဲ့ ရေဝင်နည်းတဲ့ဆည်များရဲ့ ဆည်ရေသောက်ဧရိယာအတွင်းမှာ သီးနှံတွေ ဘယ်လိုတွက်ချက်စိုက်ပျိုးသင့်သလဲဆိုတဲ့အချက်များကို မီးမောင်းထိုးပြချင်ပါတယ်။

ကနဦးဆွေးနွေးတင်ပြလိုတာကတော့ ဆည်ရေနဲ့စပါးစိုက်ပျိုးခြင်းနည်းလမ်းပဲ ဖြစ်ပါတယ်။ ဆည်ရေပေးတဲ့နည်းလမ်းမှာ မြန်မာနိုင်ငံအထက်ပိုင်းရှိ ဆည်များမှရေပေးဝေတဲ့စနစ်နဲ့ မြန်မာပြည်အောက်ပိုင်းဒေသများမှာရှိတဲ့ဆည်များမှ ရေပေးဝေတဲ့စနစ်ဆိုပြီး ရှိပါတယ်။ မြန်မာနိုင်ငံအထက်ပိုင်းမှာရှိတဲ့ ဆည်တော်တော်များများဟာ မိုးစပါးစိုက်ပျိုးဖို့အတွက် အောင်ရေအထိတာဝန်ယူရေပေးဝေရတဲ့ဆည်နဲ့ တချို့မိုးစပါးအောင်ရေလောက်သာ ရေပေးဝေရတဲ့ဆည်များလည်း ရှိပါတယ်။ တချို့ဆည်တွေဟာ မိုးစပါးစိုက်ပျိုးရေ၊ အောင်ရေအပြင် အခြားပဲမျိုးစုံ၊ ဆီထွက်သီးနှံအတွက်ပါ စိုက်ရေတစ်ကြိမ်၊ အောင်ရေတစ်ကြိမ်ရေပေးဝေမှု၊ တာဝန်ယူရတဲ့ဆည်တွေလည်း ရှိပါတယ်။ (ဥပမာ- ရေသွင်းနှမ်း၊ ရေသွင်းပဲတီစိမ်း၊ ရေသွင်းနေကြာ) မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေမှာရှိတဲ့ဆည်တွေကတော့ အများအားဖြင့် နွေစပါးစိုက်ပျိုးဖို့ပဲ ရေပေးဝေတာ ဖြစ်ပါတယ်။

ဆည်ရေကိုအသုံးပြုပြီး မိုးစပါးပဲစိုက်စိုက်၊ နွေစပါးပဲစိုက်စိုက်၊ ရေခြွေတာအသုံးပြုရေးနဲ့ဆည်ရေကိုလုံခြုံအောင်၊ အလေအလွင့်ထိန်းသိမ်းစောင့်ရှောက်ရေးဟာ မဖြစ်မနေဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဆည်ရေမြောင်းဘောင်တွေ မကျိုးဖျက်ရေး၊ ရေသွားရေလာကို အတားအဆီးဖြစ်စေမယ့်ချုံနွယ်နဲ့နုန်းတွေ ရှင်းလင်းတာကို ဆည်မြောင်းဌာနကတာဝန်ယူရမှာ ဖြစ်ပါတယ်။ စပါးစိုက်ခင်းများမှာ ကန်သင်းမလုံခြင်း၊ ကြွက်ပေါက်များရှိခြင်း၊ ကတွတ်ပေါက်များသေချာမပိတ်ခြင်း၊ ပပ်ကြားကွဲအက်နေရာများ သေချာမပိတ်ခြင်းကြောင့် ရေမလုံဘဲ ရေသွင်းလိုက်၊ ရေခန်းလိုက်နဲ့ ရေအလေအလွင့်ဖြစ်ပါတယ်။ ကုန်ကျစရိတ်လည်း တက်လာမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းကို တောင်သူလယ်သမားကြီးများက ဂရုစိုက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

နွေစပါးကို မိုးစပါးအပြီး ဆောင်းဝင်စအချိန်မှ စတင်စိုက်ပျိုးပြီး မိုးမကျမီအပြီးရိတ်သိမ်းနိုင်အောင် စိုက်ပျိုးပါတယ်။ သို့အတွက် နွေစပါးကို သက်တမ်း ၉၀-၁၁၀ ရက်သာရှိတဲ့စပါးမျိုးများကိုသာ အသုံးပြုကြပါတယ်။ ဥပမာ-ရက် ၉၀၊ သီးထပ်ရင်၊ ဆင်းနွယ်ရင်၊ ရတနာတိုး၊ ရေဆင်း ၂ စတဲ့စပါးမျိုးများ ဖြစ်ပါတယ်။ သက်တမ်းတိုတဲ့အတွက် ရေပေးသွင်းရမှုပမာဏလည်း လျော့ကျစေပါတယ်။ စပါးပင်သက်တမ်းနဲ့ စပါးပင်ရဲ့ရေလိုအပ်ချက်ဟာ ဆက်နွှယ်မှုရှိပါတယ်။ စပါးမှာ အပင်ကြီးထွားဖွံ့ဖြိုးမှုကာလ၊ စပါးအနှံသန္ဓေကြီးထွားမှုကာလ၊ ရင့်မှည့်မှုကာလဆိုပြီး ဇီဝကမ္မဖြစ်စဉ်အရ သတ်မှတ်ထားပါတယ်။ ဒီကြီးထွားမှုအဆင့်ကာလအလိုက်လည်း စပါးပင်ရေလိုအပ်မှုအပြောင်းအလဲရှိနေလေ့ရှိပါတယ်။ စပါးသက်တမ်းရက် ၁၀၀ စပါးမျိုးဖြစ်ပါက အပင်ကြီးထွားမှုကာလ ၃၅ ရက်၊ အနှံသန္ဓေကြီးထွားမှုကာလ ၃၅ ရက်၊ ရင့်မှည့်မှု ကာလ ၃၀ ရက် ဖြစ်ပါတယ်။ အကယ်၍ စပါးအသက်ရက်ဟာ ၁၃၅ ရက်စပါးမျိုးဖြစ်ပါက အပင်ကြီးထွားမှုကာလ ၇၀ ရက်၊ အနှံသန္ဓေကြီးထွားမှုကာလ ၃၅ ရက်နဲ့ ရင့်မှည့်မှုကာလ ၃၀ ရက် ဖြစ်ပါတယ်။



# ရေဝင်နည်းတဲ့ဆည်ရေသောက်ဒေသတွင် သီးနှံပြောင်းလဲစိုက်ဖို့ ကြိုတင်ပြင်ဆင်



အောင်ဆန်း (စိုက်ပျိုးရေး)

စပါးပင်သက်တမ်း ၁၀၀ ရက်စပါးမျိုးမှာ အပင်ကြီးထွားမှုကာလ၌ တစ်ဧကရေ ၂ ဒသမ ၀ ဧကပေလိုအပ်ပါတယ်။ အနှံသန္ဓေကြီးထွားမှုကာလအတွက် တစ်ဧကရေ ၁ ဒသမ ၅ ဧကပေ လိုအပ်ပါတယ်။ ရင့်မှည့်မှုကာလအတွက် တစ်ဧကရေ ၀ ဒသမ ၅ ဧကပေသာ လိုအပ်ပါတယ်။ အကယ်၍ စပါးပင်သက်တမ်း ၁၃၅ ရက် စပါးမျိုးဖြစ်ရင် အပင်ကြီးထွားမှုကာလအတွက် တစ်ဧကရေ ၃ ဒသမ ၅ ဧကပေ လိုအပ်ပါတယ်။ အနှံသန္ဓေကြီးထွားမှုကာလအတွက် တစ်ဧကရေ ၁ ဒသမ ၇ ဧကပေ လိုအပ်ပါတယ်။ ရင့်မှည့်မှုကာလအတွက် တစ်ဧကရေ ၀ ဒသမ ၈ ဧကပေ လိုအပ်ပါတယ်။ စပါးသက်တမ်းရှည်လေ ရေပေးသွင်းရမှု ပမာဏများလေလေဆိုတာတွေ့ရမှာ ဖြစ်ပါတယ်။ အကယ်၍ နွေစပါးမှာမလိုအပ်ဘဲ ရေသွင်းနေမည်ဆိုရင် ရေလေလွင့်ဆုံးရှုံးရသည့်အပြင် လျှပ်စစ်နှင့်ရေတင်ရသောလျှပ်စစ်ရေတင်ဧရိယာဖြစ်ခဲ့လျှင် ဒီဇယ်ရေစုပ်စက်နဲ့ ရေတင်ရတဲ့ဧရိယာဖြစ်ခဲ့ရင် ငွေကိုရေအဖြစ်ပြောင်းလဲပြီး ရေမြောင်းထဲသို့သွန်ပစ်နေဘိအလား ဆုံးရှုံးမှုများလှသည်ကို သတိမူကြစေချင်ပါတယ်။

နောက်တစ်ချက်ကတော့ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ

စာ - ၁၄ သို့

ရေးပြချင်တဲ့ အတွေးစတစ်မျှင်

# ဖောက်သည်



မြတ်စိုး(လှိုင်)

**ကျွန်တော်ကတော့ ဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်တာ သူ့ခမျာမှာတော့ အတော်လေးခံလိုက်ရ၏။ ထိုအကြောင်းကို သိလိုက်ရချိန်တွင် စိတ်ထဲ၌ အတော်ထိခိုက်မိ၏။**

ဖြစ်ပုံက ဒီလိုပါ။

မြို့တွင်းလမ်းမကျယ်ကြီးတစ်ခုပေါ်တွင် ကားရပ်စရာကြုံတိုင်း ထိုအမျိုးသမီးကြီးက အမြဲအကူအညီပေး၏။ သူက စေတနာဖြင့် ကူညီသော်လည်း ကိုယ်က လှူမှုဝတ္တရားအရ အနည်းဆုံး ၂၀၀ ကျပ်မှ အထက် အကြွေကလေးတွေ အဆင်ပြေသလောက် သူ့ကို ပေးလေ့ရှိ၏။

သူကလည်း ကားပါကင်ရပ်ဖို့ လွယ်ကူအဆင်ပြေအောင် အမြဲပြသ အကူအညီပေးသည်။ လမ်းပေါ်တွင် လာနေသည့်ကားများကို လက်တား၍ ခေတ္တရပ်တံ့စေကာ ကားပါကင်ထိုးရာတွင် အထိအခိုက်မရှိ လွယ်ကူအောင် ကူညီပြသပေးသည်။

ပြီးတော့ ယာဉ်မောင်းသူများက မေတ္တာဖြင့် သဒ္ဓါကြေးပေးသမျှကိုသာ ယူသည်။ အကြွေမပါ၍ မပေးလျှင်လည်း ရသည်။ ရပိုင်ခွင့်တစ်ခုပမာ ကိုက်ကိုက်စားစား တောင်းခံခြင်း မပြု။

ဒီတော့ ယာဉ်မောင်းသူများကလည်း သူ့ကိုသဒ္ဓါကြသည်။ သူ့စေတနာကို လေးစားကြသည်။ သူ့အကူအညီကို တန်ဖိုးထားကြသည်။

တကယ်တော့ သူ့အသက်မှာ ၄၀ သာသာရှိသေးသော်လည်း နေပူထဲမှာ အမြဲလှုပ်ရှားနေရ၍ မျက်နှာတွင် နေလောင်ထားကာ အဘွားကြီးအိုရုပ်ပေါက်နေသည်။ ထို့ကြောင့် အများစုက သူ့ကိုချစ်စနိုးဖြင့် အဘွားကြီးဟုသာ လွယ်လွယ်ခေါ်ကြသည်။ နေပူထဲက အဘွားကြီးပေါ့။

သူ့ခမျာ တစ်နေ့တာ ရှာဖွေ၍ရလာသမျှထဲမှ တောမှာနေသည့် အမေအိုကြီးအတွက် ထောက်ပံ့ရန် နေ့စဉ်စုထားသည်။ လမ်းမကြီး ပလက်ဖောင်းပေါ်တွင်လည်း ရေအိုးစင်ကလေးတစ်ခု သူလှူထားပြီး နေ့စဉ် ရေဖိုး ၁၀၀၀ ကျပ်ကိုလည်း အမြဲလှူဒါန်းလျက်ရှိသည်။

ထိုအကြောင်းတွေကို ကျွန်တော်က စီကာပတ်ကုံးရေးကာ ဆောင်းပါးတစ်ပုဒ်ဖြင့် ဂုဏ်ပြုလိုက်မိရာ ဂျာနယ်တွင် ဆောင်းပါးပါလာပြီး နောက်တစ်နေ့မှာ သက်ဆိုင်ရာက သူ့ကိုခေါ်ပြီး ဒဏ်ရိုက်လိုက်သည်ဆိုပါ၏။

သူကျူးလွန်မိသည့်အမှုမှာ အခမဲ့ကားရပ်စရာနေရာတွင် အခကြေးငွေ ယူမိသောကြောင့်ပင်။

ဒါကိုသတိမမူမိသော ကျွန်တော့်အတွက်လည်း သင်ခန်းစာတစ်ခု ရလိုက်ပါသည်။

ယခုအခါ ရန်ကုန်မြို့တွင်းလမ်းတွေပေါ်မှာ တစ်နေ့တခြား ကားတွေများပြားလာ၍ နေပူထဲက အဘွားကြီးတို့လို လူမျိုးတွေ ဟိုနေရာ၊ ဒီနေရာမှာ မကြာမကြာ တွေ့နေရသည်။ လူစည်ကားသည့် စားသောက်ဆိုင်ကြီးတွေ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေ၊ ကုန်တိုက်ကြီးတွေ၊ ဈေးကြီးများ၏ မျက်နှာစာနေရာတွေ စသည်---စသည်။

သူတို့ခမျာ ကြာလာတော့ အမြဲလာတတ်သည့် ပင်တိုင်ဖောက်သည်တွေပင် ရှိနေကြသည်။ ထိုအခါမျိုးတွင် တစ်ကြိမ်တစ်ခါရောက်လာသူအဖို့ ကားရပ်စရာနေရာ အခက်ကြုံကြတော့သည်။

ကားရပ်စရာတွေ့နေပါလျက် ရပ်ခွင့်မရဘဲ အခက်ကြုံရတာမျိုးကလည်း မကြာခဏပင်။

တစ်ခါမှာတော့ ရုံးချိန်နှင့်ဝေးသေးသည့်နံနက်စောစောအချိန် သူငယ်ချင်းရှေ့နေတစ်ဦးနှင့်ချိန်းထားမိ၍ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)ထောင့်တွင် လွတ်နေသောတစ်နေရာစာ၌ ကားရပ်ရန် ပြင်ဆင်လိုက်စဉ် အမျိုးသမီးငယ်တစ်ဦး ရုတ်တရက်ရောက်လာပြီး "ဦးလေးကြာမလား"တဲ့။

'ဘာဖြစ်လို့မေးတာလဲ'ဆိုတော့ "မကြာဘူးဆိုရင် ဒီလမ်းမကြီးပေါ်မှာပဲ ခဏရပ်ခဲ့ပါ၊ ကျွန်မကြည့်ထားပေးပါ့မယ်" ဟုဆို၏။

ထိုလွတ်နေသောတစ်နေရာစာမှာ မကြာမီသူ့ဖောက်သည်ရောက်လာရန် ရှိပုံပေါ်၏။

ထို့ကြောင့် ကျွန်တော်က သူ့ကို ခပ်တည်တည်ကြည့်ကာ "ငါ့ညီမက ဘာလဲ"ဟု မေးတော့ သူကမဖြေ။

"ကောင်းပြီ–ဒါဆိုရင် ကားရပ်ခဲ့လို့ ယာဉ်ထိန်းရဲက ကရိန်းနဲ့လာဆွဲသွားရင် မင်းတာဝန်ယူမလား"ဟု မေးလိုက်သောအခါ ဘာမျှပြန်မဖြေတော့ဘဲ ကျောခိုင်း၍ သုတ်ခြေတင်သွားပါတော့သည်။

သြော်–ဖောက်သည်။ဖောက်သည်။ ■

**ကျောဖုံး – ဧရာဝတီတိုင်း မှ**

အဆိုပါစီမံကိန်းအကောင်အထည်ဖော်ရာ၌ စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့သည် အဓိကတာဝန်ရှိသူများဖြစ်သည့်အတွက် စီမံကိန်းက ထောက်ပံ့ပေးထားသည့်ယာဉ်/စက်ယန္တရားများကို မှန်ကန်ထိရောက်စွာ အသုံးပြုပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသခံပြည်သူများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေများတိုးတက်ရရှိရေး၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးတို့မှတစ်ဆင့် ကျေးလက်ဒေသနှင့် မြို့ပြများ ဖွံ့ဖြိုးတိုးတက်မှုကွာခြားချက် လျော့နည်းစေရေးစသည့် စီမံကိန်းရည်ရွယ်ချက်များ ပြည့်မီအောင် သက်ဆိုင်ရာဌာနအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ပြောသည်။

လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းများအသုံးပြုခြင်းသည် လယ်ယာလုပ်သားခနှင့်စိုက်ပျိုးထုတ်လုပ်မှုစရိတ်လျှော့ချရေး၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းမြင့်တက်လာရေး၊ တောင်သူများဝင်ငွေတိုးတက်ရရှိရေးတို့အတွက် အဓိကအချက်ဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများသည် ကျေးလက်ဒေသများ၌ နှစ်စဉ်မိုးရာသီတွင် ကြုံတွေ့နေရသည့်မိုးရေကြောင့် မြေပြိုမှု၊ လမ်းပျက်စီးမှုများကို ထိန်းသိမ်းပြုပြင်သွားနိုင်မည်ဖြစ်သည့်အတွက် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး ဒေသတွင်းလမ်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

# တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ဘိုကလေးမြို့နယ်တွင် ကျင်းပ

**ဘိုကလေး အောက်တိုဘာ ၂၁**

**ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲမှ ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျွန်းစိုက်ကွင်းရှိ ပေါ်ဆန်းရင်မျိုးသန့်ထုတ် ၃၅ ဧက၌ ကျင်းပသည်။**

ယင်းတောင်သူပညာပေးကွင်းသရုပ်ပြပွဲတွင် ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုးဦး၊ ဒေါင့်ကြီးကျွန်းစိုက်ကွင်းတာဝန်ခံ ဦးဝင်းကိုနှင့် ဒေသခံတောင်သူများ၊ ဒေါင့်ကြီး၊ စကားလွန်း၊ ကဿပေါင်း၊ စိန်ဂွျန်း၊ တဲချောင်းနှင့်ကွင်းဖုန်းကျေးရွာအုပ်စုတို့မှ လေ့လာရေးတောင်သူ ၂၀၃ ဦး တက်ရောက် လေ့လာကြသည်။

ထို့နောက် ဘိုကလေးမြို့နယ် ကျေးရွာခြောက်အုပ်စုမှ လေ့လာရေးတောင်သူများအား ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးမှူးက မျိုးကောင်းမျိုးသန့် စိုက်ပျိုးနည်းနှင့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများစနစ်တကျ သုံးစွဲနည်းများကို ရှင်းလင်းဆွေးနွေးသည်။ **(ပုံ)**

**မော်ကျွန်း – မြင့်အောင်**



**အတွေးနှင့်ရသ**

# လူနှင့်သက်ကြီးစကား

**မောင်မြင့်အောင်**

**ဒီနေ့ စတုတ္ထတန်းကျောင်းသားလေး "မောင်ချစ်ထွေး" ကျောင်းကအပြန်မှာ ခြေလှမ်းတွေ လေးလံနေသည်။ စာမရသောကြောင့် မဟုတ်ပေ။ မနက်ဖြန် ဆရာမကို ပြန်ပြောရမည့်အဖြေတစ်ခုအတွက်ကြောင့် ဖြစ်သည်။ ယနေ့ကျောင်းလွှတ်ကာနီးတွင် မြန်မာစာ ဆရာမက အားလုံးကို ပြောသည်။**

"ဆရာမပြောမယ်၊ သေသေချာချာနားထောင်နော်၊ လောကကြီးမှာ အဖိုးမဖြတ်နိုင်သောအရာဆိုတာ ဘာလဲဆိုတဲ့ အဖြေကို မင်းတို့စဉ်းစားခဲ့၊ မနက်ဖြန် ဆရာမကို အဖြေပေးရမယ်"

ထို့ကြောင့် မောင်ချစ်ထွေး တစ်လမ်းလုံးစဉ်းစားလာခဲ့သည်။ အဖိုးမဖြတ်နိုင်သောအရာဆိုသည်မှာ စိန်တွေ၊ ရွှေတွေလား၊ တိုက်ခံအိမ်ကြီးလား၊ ကားအကောင်းစားကြီးလား သူစဉ်းစား၍ မရခဲ့ပေ။ ထို့နောက် အိမ်ရောက်ရောက်ချင်းပင် သူ့အဒေါ်အပျိုကြီးကို မေးလိုက်၏။

"ဒေါ်လေး အဖိုးမဖြတ်နိုင်တဲ့အရာဆိုတာ ဘာလဲဟင်"

သူ့အဒေါ်က ဖုန်းပွတ်နေသည့်အလုပ်ကို ခဏရပ်ပြီး အနည်းငယ်စဉ်းစားသည်။ ပြီးမှ သူ့ကို ပြောလိုက်၏။

"နင်ကလည်း တုံးလိုက်တာ၊ အဖိုးမဖြတ်နိုင်တဲ့အရာဆိုတာ ဉာဏ်ပညာပေါ့ဟဲ့၊ မသေမချင်း မှတ်ထား"

သို့သော် သူ့အဒေါ်၏အဖြေကို မောင်ချစ်ထွေး ကျေနပ်ပုံမရပေ။ ထို့ကြောင့် သူ့အဖေပြန်လာသည်နှင့် ထိုမေးခွန်းကိုပင် မေးလိုက်ပြန်၏။

"ဒါများသားရယ် အဖိုးမဖြတ်နိုင်တဲ့အရာဆိုတာ ကိုယ်ကျင့်တရားပေါ့ သားရဲ့"

မောင်ချစ်ထွေး နည်းနည်းတွေဝေသွားသည်။ ထို့ကြောင့် အလုပ်ကပြန်လာသော သူ့အစ်ကိုကြီးကို မေးလိုက်ပြန်သည်။

သူ့အစ်ကိုကြီးက အနည်းငယ်စဉ်းစားသည်။ သူကလည်း အဖြေကို စောင့်သည်။ ထို့နောက် မည်သည့်စကားမျှမပြောဘဲ သူကျောပိုးအိတ်ထဲက ဖုန်းထုတ်ပြီး ဂိမ်းကစားနေတော့သည်။

"အစ်ကိုကြီး သားမေးတာကိုပြောပါဦး၊ အဖိုးမဖြတ်နိုင်တဲ့အရာဆိုတာ ဘာလဲလို့"

သူ့အစ်ကိုကြီး စိတ်ပျက်သွားပုံရသည်။ ထို့နောက် သူ့ကို ပြောလိုက်၏။

"ချစ်ထွေး မင်းတစ်သက်လုံးမှတ်ထား၊ အဖိုးမဖြတ်နိုင်တဲ့အရာဆိုတာ ခိုင်မာတဲ့စိတ်ဓာတ်ပဲ"

တစ်ယောက်တစ်မျိုးအဖြေထုတ်ပေးကြသဖြင့် မောင်ချစ်ထွေး မည်သူ့စကားကို အတည်ပြုမည်ကို စဉ်းစား၍ မရဖြစ်နေသည်။ ဆရာမကလည်း အဖြေတစ်ခုပြောရမည်ဆိုသဖြင့် မောင်ချစ်ထွေး ဆုံးဖြတ်ရခက်နေ၏။ နောက်ဆုံးတွင် အသက်အကြီးဆုံးဖြစ်သော သူ့အဘိုးကိုမေးမည်။ အဘိုး၏စကားကို အတည်ယူမည်ဟု ဆုံးဖြတ်ကာ အဘိုးအနားသို့ ရောက်သွားသည်။

"အဘိုး–လောကမှာ အဖိုးမဖြတ်နိုင်တဲ့အရာဆိုတာ ဘာလဲဟင်"

ထိုအခါ အဘိုးသည် တစ်ချက်ပြုံးသည်။ ပြီးမှ ပေါ့ပေါ့ပါးပါးရယ်မောရင်း မနီးမဝေးရှိ တစ်စုံတစ်ခုကို လက်ညှိုးထိုးပြလိုက်သည်။ သူမြင်လိုက်ရသည်က အဘိုးသောက်နေကျ အရည်များပါသည့် ပုလင်းတစ်လုံး ဖြစ်နေသည်။ ■

**လူသား** **တို့အတွက် ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာဘေးကင်းလုံခြုံရေး (Food Safety) ကို အလေးထားလာကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး (FAO) ကလည်း ယင်းကိစ္စကို တစ်ပြေးညီလိုက်နာကျင့်သုံးကြရန် နိုင်ငံတကာသို့ တပ်လှန့်နှိုးဆော်ထားသည်။**




စားနပ်ရိက္ခာလုံခြုံရေးတွင် ဓာတုဓာတ်ကြွင်းကင်းစင်ရေးသည် အဓိကပါဝင်နေသည်။ စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ကြရင်း ဓာတုပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲလာနေကြသည်။ ထိုမှတစ်ဆင့် စားနပ်ရိက္ခာများတွင် ဓာတုဓာတ်ကြွင်းများကြောင့် လူနှင့်သက်ရှိသတ္တဝါတို့၏အသက်အန္တရာယ်ကြုံတွေ့နေကြရသည်။

FAO ၏ အစီရင်ခံစာအရ စားနပ်ရိက္ခာများတွင် ပါလာသည့်ဓာတုဓာတ်ကြွင်းများကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ်လူဦးရေ ၂၅ သန်းခန့် အဆိပ်သင့်ခံကြရပြီး လူ နှစ်သောင်းခန့်အသက်ဆုံးရှုံးနေသည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် လူ ၁၀၀၀ ခန့်နှင့် ကျွဲနွားတိရစ္ဆာန် ၅၀၀ ခန့် ဓာတုပိုးသတ်ဆေးဓာတ်ကြွင်းကြောင့် အသက်ဆုံးရှုံးနေရသည် ဆို၏။

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ရွာတစ်ရွာမှ မူလတန်းကျောင်းသားကလေး ၁၀၀ ကျော် အစာအဆိပ်သင့်၍ သေဆုံးရသည့်အနိဋ္ဌာရုံသတင်းမှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း မြစ်ကြီးနားမြို့နယ်၌ သီးနှံစိုက်ခင်းကို ပိုးသတ်ဆေးဖျန်းပြီး ဆေးဖျန်းပုံးကိုရေဆေး၍ မြက်ခင်းပေါ်သို့ လွယ်လွယ်ပက်ခဲ့ရာ မြက်ခင်းစားသော ကျွဲအကောင် ၅၀ အသက်ဆုံးရှုံးခဲ့ရသည်။

ကျေးရွာ သာရေးနာရေးအလှူပွဲများတွင် ကျွေးမွေးသော အလှူထမင်း၊ဟင်းကို စားပြီး ရွာလုံးကျွတ်အစာအဆိပ်သင့်၍ ဒုက္ခရောက်ခဲ့ကြရသည့်ရွာများလည်း မနည်းတော့ပြီ။ ထို့အတူ ၁၉၇၇ ခုနှစ်က အမေရိကန်နိုင်ငံတွင် ဘလူးဘယ်ရီဖျော်ရည်မှ ဓာတ်ကြွင်းအာနိသင်ကြောင့် တစ်နိုင်ငံလုံး အတိဒုက္ခရောက်ခဲ့ရဖူးသည်။

သို့အတွက် ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများကို လူတို့မှီဝဲစားသုံးနိုင်စေရန် FAO နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ပညာရှင်များပူးပေါင်းပြီး နည်းလမ်းများရှာဖွေ စူးစမ်းခဲ့ကြသည်။

ပထမခြေလှမ်းမှာ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးနည်းလမ်းပင်ဖြစ်သည်။ အဆိုပါနည်းလမ်း ကမ္ဘာ့ပိုးမွှားရောဂါကာကွယ်ရေးဇာတ်ခုံပေါ်သို့ ရောက်လာပြီး နှစ်မကြာခင်မှာပင် ၎င်းစနစ်ထဲ၌ သီးနှံဖျက်ပိုးမွှားများကို ဓာတုပိုးသတ်ဆေးမသုံးဘဲ မိတ်ဆွေပိုး၊ မှိုများ၊ ဘက်တီးရီယားများ၊ ဗိုင်းရပ်စ်ပိုးများဖြင့် အသုံးပြုကာကွယ်နှိမ်နင်းခြင်းကို သွပ်သွင်းလာခဲ့ကြသည်။

ယခုခေတ်အခါတွင် ၎င်းထက်ကျော်လွန်၍ ဇီဝပိုးသတ်ဆေးများကို တီထွင်ကြံဆအသုံးပြုလာကြပြန်သည်။

ဤနည်းလမ်းများသည် လူသားတို့အတွက် ရိက္ခာလုံခြုံရေးကို အပြည့်အဝအာမခံချက်ပေးနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို အဆိပ်များဖြင့် ညစ်ညမ်းမှုကိုလည်း ကာကွယ်ပေးနိုင်သည်ကို တွေ့ရှိရသည်။

မကြာမီက ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနက စပါး၊ ပြောင်း၊ ဂျုံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ လက်ဖက်၊ ကော်ဖီ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်များတွင် ကျရောက်ဖျက်ဆီးသော ဆစ်ပိုး၊ ယင်ဖြူ၊ ကျိုင်း၊ ဖလံ၊ ဖြုတ်၊ ပိုးချည်လောက်ကောင်၊ ပိုးတုံးလုံးစသည့်ဖျက်ပိုးများကို ဗော့ဖြူးရီးယားမှို၊ မက်တာရိုက်ဇီယမ်မှို၊ ဗာတီစီလီယမ်မှိုဖြင့် ကာကွယ်နှိမ်နင်းခြင်းဖြင့် ရရှိလာသောရလဒ်ကို တောင်သူလယ်သမားကြီးများအား ခေါ်ယူပြသခဲ့သည်။ ယခုနှစ်ဆိုလျှင် နယ်သို့ဖြန့်ချိ၍ သီးနှံပိုးမွှားကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုတော့မည်ဖြစ်သည်ဆို၏။

ဗိုင်းရပ်စ်နှင့်ဗာလူလိုဗိုင်းရပ်စ်ပိုးများသည် ချည်မျှင်ရှည်ဝါနှင့် ကုလားပဲသီးနှံဖောက်ပိုးလောက်ကောင်များတွင် အဆိုပါဗိုင်းရပ်စ်ပိုးကျရောက် သေဆုံးသောလောက်ကောင်ကို အမှုန့်ကြိတ်၍ ရေဖျော်ပြီး သီးနှံစိုက်ခင်းများကို ဖျန်းပေးရာ ထိရောက်စွာကာကွယ်နှိမ်နင်းနိုင်ကြောင်း တွေ့ရှိရသည်။

သီးနှံဖျက်ဖြုတ်ပိုး၊ ဘတ်ပိုး၊ စုပ်ပိုး၊ ဆစ်ပိုး ရွက်လိပ်ရွက်ခေါက်ပိုးများ၏ ခန္ဓာကိုယ်များ၊ ဥများ၊ လောက်ကောင်များပေါ်တွင်စွဲကပ်၍ ရောဂါဖြစ်စေသော မက်တာရိုက်ဇီယမ်မှို၊ မိုနီလီအေးမှို၊ ဗြူဇဲရီးယား၊ ဘက်စီးယားနာမှိုတို့သည် အဆိုပါဖျက်ပိုးများကာကွယ်နှိမ်နင်းရန် ထိရောက်မှုရှိသည်ကို တွေ့ရသည်။

အဆိုပါမှိုများ၊ ဘက်တီးရီးယားများသည် လူတို့အတွက် အန္တရာယ်မပြုနိုင်ဟုဆိုသည်။ အမေရိကန်နိုင်ငံတွင် အင်တိုမိုပက်သိုဂျင်းနစ်မှိုကို အသုံးပြု၍ စပါး၊ ဂျုံ၊ ပြောင်း၊ မြေပဲ၊ ကြံ၊ ပန်းသီး၊ ဆီအုန်း၊ ကော်ဖီသီးနှံတို့တွင် ကျရောက်ဖျက်ဆီးသော မြေအောင်းပိုးကို ကာကွယ်နှိမ်နင်းခဲ့သည်။ ဩစတြေးလျနိုင်ငံတွင် အဆိုပါမှိုကို နံ့စားသီးနှံနှင့် ခြပိုးများကို ကာကွယ်နှိမ်နင်းရာတွင် အသုံးပြုခဲ့ကြသည်။

ယခုနောက်ပိုင်းတွင် မိတ်ဆွေပိုးများ၊ မှိုများ၊ ဗိုင်းရပ်စ်ပိုးများအသုံးပြု၍ သီးနှံဖျက်ပိုးမွှားများကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများအပြင် ဓာတုပစ္စည်းမပါဘဲ ဇီဝပစ္စည်းများဖြင့် ထုတ်လုပ်သော ပိုးသတ်ဆေးများသုံးစွဲခြင်းဘက်သို့ ခြေလှမ်းပြင်လာပြီဖြစ်သည်။ ၎င်းပြင် အပင်အားတိုးဆေးရည်များကိုလည်း ဓာတုဆေးများမပါဝင်ဘဲ ဇီဝပစ္စည်းများဖြင့် ထုတ်လုပ်သုံးစွဲသည့်ဘက်သို့ ကူးပြောင်းလာခဲ့ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကျေးရွာတစ်ရွာတွင် ဓာတုဆေးများလုံးဝအသုံးမပြုဘဲ ဇီဝအပင်အားတိုးဆေးရည်နှင့် ဇီဝပိုးသတ်ဆေးရည်များကိုအသုံးပြု၍ ဓာတုကင်းလွတ်သီးနှံစိုက်ခင်း ဧက ၅၀၀ ကို ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရရှိနေပြီဖြစ်သည်။

**ဇီဝအပင်အားတိုးဆေးရည်ထုတ်လုပ်အသုံးပြုပုံမှာ** ငါး၊ ငါးခေါင်း၊ အူ၊ အမြီးစသည့်နှစ်ပိဿာခန့်ကို စဉ့်အိုးထဲတွင်ထည့်ပြီး အအေးခံနှပ်ထားရန်လိုပါသည်။ ထန်းလျက်နှစ်ပိဿာကို မပျစ်မကျဲ ၆ လီတာရရှိအောင် ကျို၍ အအေးခံထားရသည်။ ထို့နောက် အဆိုပါတင်လဲရည် ခြောက်လီတာကို ငါးအစိတ်အပိုင်းများထည့်ထားသော စဉ့်အိုးထဲသို့ လောင်းထည့်ပေးရန် လိုသည်။ လေလုံအောင် အုပ်ထားပြီး အေးသော အရိပ်အောက်ထားကာ မကြာခဏတုတ်ဖြင့် မွှေပေးရသည်။ ပရွက်ဆိတ်၊ လောက်စသည်တို့မကျစေရန် သတိပြုရသည်။ တစ်လကြာလျှင် ဆေးတစ်ဆကို ရေ ၁၀၀၀ ဆအချိုးဖြင့် ရော၍ အပင်အားတိုးဆေးရည်အဖြစ် အသုံးပြုနိုင်သည်။

ဓာတုပစ္စည်းမပါသော ဇီဝပိုးသတ်ဆေးရည်များသည် တောင်သူလယ်သမားကြီးများ ပစ္စည်းလွယ်လွယ်ရရှိနိုင်ပြီး လွယ်လွယ်ပြုလုပ်အသုံးပြုနိုင်သောနည်းများ ဖြစ်ပါသည်။

သီးနှံပိုးမွှားကာကွယ်နှိမ်နင်းရာတွင် ထိရောက်ပြီး ကုန်ကျစရိတ်လည်း သက်သာစေသည်။ ပထမဦးစွာတင်ပြလိုသည့် ဇီဝပိုးသတ်ဆေးရည်မှာ **ကြက်သွန်ဖြူဇီဝပိုးသတ်ဆေးရည်**ဖြစ်ပါသည်။ ပြုလုပ်ပုံမှာ ကြက်သွန်ဖြူ ၆၀ သားကို ကြိတ်စက်ဖြင့် ကြေမွအောင်ကြိတ်ရန် လိုပါသည်။ ရေလေးဂါလန် အရက်ဖြူတစ်ပုလင်း၊ ရှာလကာရည်ပုလင်းဝက်တို့ကို အိုးထဲတွင်ထည့်ကာ ၎င်းအထဲသို့ ကြက်သွန်ဖြူကြိတ်ဖတ် လောင်းထည့်ပြီး အိုးကိုလုံအောင်ဖုံးထားရသည်။ တစ်ပတ်(သို့မဟုတ်) ၁၀ ရက်ကြာလျှင် အသုံးပြုနိုင်သည်။ ဆေးရည်တစ်လီတာ၊ ရေလေးဂါလန်နှင့်ဖျော်၍ ပက်ဖျန်းနိုင်သည်။

**အင်ဖိုင်းအသီးအပွင့်အားဆေးရည်**သည် အသီးပင်များအတွက် များစွာအသုံးဝင်သည်။ သစ်သီးမှည့်သုံးမျိုးကို တစ်မျိုးတစ်ပိဿာနှုန်းဖြင့် ပေါင်းသုံးပိဿာ၊ သကြားသုံးပိဿာ၊ ရေနှစ်လီတာ၊ သုံးလီတာနှင့်ရောပြီး ကြေမွသွားအောင် ကြိုချက်ကာ အအေးခံပြီး ဆေးရည်တစ်ဆကို ရေ ၁၀၀၀ ဆနှင့် ရောကာ အသီးပင်များပွင့်ကာနီးအချိန်တွင် ဖျန်းပေးပါက အလွန်အကျိုးရှိစေသည်။

နောက်တစ်နည်းမှာ **ဆေးရွက်ကြီး ဇီဝပိုးသတ်ဆေးရည်**ဖြစ်သည်။ ဆေးရွက်ကြီးအမှုန့် ၃၀ ကျပ်သား၊ ဆပ်ပြာမှုန့် ၃၀ ကျပ်သား (၅၀၀ ဂရမ်) နှင့် ရေလေးဂါလန်ရောသမမွှေပြီး ပုံးထဲတွင်ထည့်၍ လေလုံအောင်ပိတ်ထားရန် လိုသည်။ တစ်ပတ်ကြာလျှင် ဆေးရည်ကိုပိတ်ပါးစ (သို့မဟုတ်) စွပ်ကျယ်စနှင့်စစ်၍ ဆေးရည်တစ်ဆ၊ ရေ ၁၀၀၀ ဆနှင့်ရော၍ တစ်ပတ်တစ်ကြိမ်ဖျန်းပေးနိုင်သည်။

**မျှစ်ချဉ်ဇီဝပိုးသတ်ဆေးမှာ** မျှစ်ချဉ်နှစ်ပိဿာကို ပီနန်အိတ်အတွင်းထည့်၍ ကြိုးဖြင့်စည်းကာ စပါးခင်းရေဝင်သော ကတွတ်ပေါက်တွင်ချထားပါက ပိုးမွှားစုံကာကွယ်နိုင်သည်ဟု ဆိုပါသည်။ **စပါးလင်ဇီဝပိုးသတ်ဆေးရည်**ပြုလုပ်ပုံမှာ စပါးလင်အရွက် ၂၅ ကျပ်သားကို ပါးပါးလှီးပါ။ ပြီးလျှင် ညက်သွားအောင် ထောင်းရမည်။ ရေတစ်ဂါလန်တွင် တစ်ညစိမ်၍ ဖုံးအုပ်ထားရမည်။ ဆေးရည်ကို ပိတ်ပါးစ (သို့မဟုတ်) စွပ်ကျယ်စဖြင့်စစ်ပြီး ဆေးရည်တစ်လီတာကို ဆပ်ပြာမှုန့်နှစ်ဇွန်း၊ ရေလေးဂါလန်နှင့်ရော၍ တစ်ပတ်တစ်ကြိမ်ဖျန်းပေးပါ။ **ကဇော်ဖတ်ဇီဝပိုးမွှားဆေး**ပြုလုပ်ပုံမှာ ကဇော်ဖတ်ကို ရေသန့်ဘူး၏ သုံးပုံနှစ်ပုံခန့်ဝင်အောင် ထည့်ပါ။ ထိပ်တွင် ပိုးမွှားဝင်နိုင်အောင် အပေါက်ကလေးဖောက်ထားပြီး သီးနှံစိုက်ခင်းများတွင် ချိတ်ဆွဲထားလျှင် ပိုးမွှားများဝင်၍ ထောင်ချောက်သဖွယ် အသုံးပြုနိုင်သည်။

**တမာရွက်ရေဇီဝပိုးသတ်ဆေးရည်ပြုလုပ်ပုံမှာ** တမာရွက် ၂၅ ကျပ်သားကို အမှုန့်ဖြစ်အောင် ထောင်းပြီး ရေတစ်ဂါလန်တွင် တစ်ညစိမ်၍ အုပ်ထားရသည်။ ဆေးရည်ကိုစစ်ယူပြီး ဆေးရည်နို့ဆီတစ်ဘူး၊ ရေလေးဂါလန်နှင့်ရော၍ တစ်ပတ်တစ်ကြိမ်ဖျန်းပေးရန် လိုသည်။ **သြဇာရွက် စိမ်ရေဇီဝပိုးသတ်ဆေးရည်မှာ** သြဇာရွက် ၂၅ ကျပ်သားကို နုပ်နုပ်စဉ်းပြီး ရေတစ်ဂါလန်တွင် တစ်ညစိမ်ပါ။ စိမ်ရည်ကို စစ်ယူ၍ ဆေးရည်နို့ဆီဘူး တစ်ဘူး၊ ဆပ်ပြာမှုန့်တစ်ဇွန်း၊ ငရုတ်သီးမှုန့်တစ်ဇွန်း၊ ရေလေးဂါလန်နှင့် ရော၍ တစ်ပတ်တစ်ကြိမ်ဖျန်းပေးရန် လိုသည်။ **တမာစေ့ကြိတ်ရည်ဇီဝပိုးသတ်ဆေးပြုလုပ်ပုံမှာ** တမာစေ့တစ်ပြည်ကို ကြိတ်ဆုံဖြင့်ကြိတ်ပြီး ခံယူထားသော တမာစေ့အရည်နို့ဆီဘူး တစ်ဝက်ကို ရေလေးဂါလန်နှင့်ရော၍ ဖျန်းပေးနိုင်သည်။

**ပုစွန်ခွံဇီဝပိုးသတ်ဆေးရည်ပြုလုပ်ပုံမှာ** ပုစွန်ခွံ ၇၅ ကျပ်သားကို စပါးခွံပေါင်းရည်တစ်ဂါလန်တွင် တစ်လစိမ်ထားပြီး ဆေးရည်ကိုစစ်ယူပါ။ ဆေးရည် နို့ဆီဘူးတစ်ဝက်ကို ရေလေးဂါလန်နှင့်ရော၍ တစ်ပတ်တစ်ကြိမ်ဖျန်းပေးနိုင်သည်။ **ပဲစိမ်းစားရွက်ဇီဝပိုးသတ်ဆေးပြုလုပ်ပုံမှာ** ပဲစိမ်းစားအပင်၊ အရွက်၊ အမြစ် ၂၅ ကျပ်သားကို ရေနုပ်နုပ် စဉ်း၍ ရေတစ်ဂါလန်နှင့်ပွက်ပွက်ဆူအောင် ပြုတ်၍ အအေးခံပြီး ဆေးရည်ကိုစစ်ယူကာ ဆေးရည်နို့ဆီဘူးတစ်ဘူးနှင့်ရေလေးဂါလန်ရော၍ တစ်ပတ် တစ်ကြိမ် ပက်ဖျန်းပေးနိုင်သည်။ **မဲရိုင်းပင်ပိုးသတ်ဆေးရည်ဖော်စပ်နည်းမှာ** မဲရိုင်းပင်အရွက်၊ အနွယ်၊ အပွင့်နှင့် အမြစ်တို့ကို နုပ်နုပ်စဉ်းကာ ကြိတ်ဆုံ

စာ - ၁၄ သို့

# ကချင်ပြည်နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်



မြစ်ကြီးနား အောက်တိုဘာ ၁၈

**စိုက် ပျိုးရေးဦးစီးဌာနအောက်ရှိ ခြံများအနေဖြင့် နည်းပညာပေးလုပ်ငန်းနှင့်သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ သက်ရောက်လာလျက်ရှိသည့် ရာသီဥတုနှင့်ဒေသရေမြေအခြေအနေတို့အပေါ် မူတည်၍ တောင်သူအကျိုးအမြတ်ရှိစေမည့် သီးနှံမျိုးများပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းတိုင်းက တီထွင်ကြံဆောင်ရွက်ကြစေလိုကြောင်း အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကချင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တာဝန်ရှိသူများအား တွေ့ဆုံစဉ် ပြောကြားသည်။**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်စုံစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်တွင် ပိုးမွေးမြူရေး၊ ပိုးချည်ထုတ်လုပ်မှု၊ ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးလာရေးနှင့် တောင်သူများဆန္ဒရှိသော သီးနှံမျိုးအမယ်သစ်များ စိုက်ပျိုးနိုင်ရေး အကူအညီများ ဆောင်ရွက်ပေးနိုင်ရန်၊ အရည်အသွေးကောင်း သီးနှံမျိုးများ ပြောင်းလဲပေးနိုင်ရေး၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ဘက်စုံ သီးနှံပိုးမွှားကာကွယ်ရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချနိုင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည်။ **(ပုံ)**

ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ရုံးအစည်းအဝေးခန်းမတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ခြံဦးစီးမှူးများနှင့်တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများအား သစ်စိမ်းမြေဩဇာပြုလုပ်သုံးစွဲနိုင်ရန်နှင့် မြေဆွေးပုံပြုလုပ်သုံးစွဲနည်းပညာများ လက်တွေ့သရုပ်ပြသင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေးဆိုင်ရာ နည်းပညာဗဟုသုတများ မျှဝေပေးခြင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး စိုက်ပျိုးရေးပညာရှင် ကွင်းဝန်ထမ်းများသည် ပညာရှင်ဆန်သော နည်းပညာဖြန့်ဝေသူများအဖြစ် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊

သီးနှံဈေးကွက်ရရှိရေး၊ ထုတ်ကုန်အရည်အသွေးမြင့်မားရေး ကူညီပေးခြင်းအပြင် မျိုးစေ့ထုတ်အသင်းအဖွဲ့များ (SGA) ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ကူညီပေးခြင်း၊ တောင်သူစိုက်ပျိုးလိုသော သီးနှံမျိုးကွဲများအား လိုအပ်ပါက မျိုးသန့်များနှင့် လဲလှယ်ပေးခြင်းလုပ်ငန်းများကိုပါ မျက်ခြေမပြတ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သီးနှံပိုးမွှားရောဂါကို အချိန်မီသိရှိပြီး ကာကွယ်နှိမ်နင်းမှုထိရောက်စေရန် အပတ်စဉ် ကင်းထောက်စစ်ဆေးခြင်းနှင့် တောင်သူများ၏အခက်အခဲနှင့် လိုအပ်သည့်အရာများကို သိရှိအောင်လေ့လာပြီး ကူညီဖြေရှင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

မြစ်ကြီးနားမြို့ ရော်ဘာသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (နောင်နန်း)၌ ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းရော်ဘာမျိုးများ ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပိုးစာခြံတွင်လည်း သုတေသနလုပ်ငန်းများ စမ်းသပ်ဆောင်ရွက်ပြီး ဒေသရေမြေရာသီဥတုနှင့် သဟဇာတဖြစ်သော အကောင်းဆုံးပိုးမျိုးနှင့်ပိုးစာမျိုးများအား တောင်သူများသို့ မျိုးဖြန့်ဖြူးဝေပေးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

---

# မိုးစပါးအတွက် သဖန်းဆိပ်ရေလှောင်တမံ သီးနှံအောင်ရေ လုံလောက်စွာ ပေးဝေနိုင်မည်

စစ်ကိုင်း အောက်တိုဘာ ၄

**စစ်ကိုင်း တိုင်းဒေသကြီး သဖန်းဆိပ်ရေလှောင်တမံတွင် ယခုနှစ် ရာသီဥတုဖောက်ပြန်မှုကြောင့် ရေဆင်းဧရိယာနှင့်ဆည်ရေသောက်ဧရိယာများတွင် မိုးရွာသွန်းမှုနည်းပါးခဲ့သည်။ ထို့ကြောင့် မိုးစပါးစိုက်ပျိုးရေစတင်ပေးဝေချိန်မှစ၍ ဆည်ရေကို အနည်းဆုံးနှင့်အထိရောက်ဆုံးပေးဝေနိုင်စေရန် အထူးဖြိုးခြိုးချွေတာ၍ ဆည်ရေသောက်ဧရိယာတစ်ခုလုံး ရေလှည့်စနစ်ကျင့်သုံး၍ စနစ်တကျရေစီမံခန့်ခွဲပေးခဲ့၍ ဆည်ရေသောက်ဧရိယာအားလုံး မိုးစပါးအောင်ရေပြည့်စုံစွာပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။**

သဖန်းဆိပ်ရေလှောင်တမံ ရေဝင်နည်းသော်လည်း ရေပေးမြောင်းမကြီးလေးမြောင်းမှပေးဝေမှုဖြင့် ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ စစ်ကိုင်း၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ အရာတော်၊ ဘုတလင်မြို့နယ်များတွင် ယခုနှစ်မိုးစပါး ၄၈၁၅၉၂ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး စပါးခင်းများ စိမ်းစိုအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ယခုအချိန်သည် စပါးပင်များအောင်ရေလိုအပ်ချိန်ဖြစ်၍ သဖန်းဆိပ်ရေလှောင်တမံမှ ရေကိုလိုအပ်သလိုထိန်းညှိထုတ်လွှတ်ပေးလျက်ရှိပြီး သဖန်းဆိပ်ရေလှောင်တမံ ၂၅.၁၀.၁၉ ရက်တွင် သိုလှောင်ထားသော ဆည်ရေသိုလှောင်ပမာဏ ၆၃၇၁၂၅ ဧကပေဖြင့် မိုးစပါးဧရိယာအားလုံး အောင်ရေပြည့်စုံစွာပေးဝေနိုင်သည့်အပြင် ဒေသတွင်းသောက်သုံးရေကန်များ ရေဖြည့်သွင်းပေးနိုင်ခြင်းနှင့် ရွှေဘိုမြို့လူထုသုံးရေအတွက် မဟာနန္ဒာကန်ရေဖြည့်သွင်းခြင်းတို့ကို ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ရေလုံလောက်စွာ ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ■



---

# ကျေးလက်ဟာသ

မျိုးမြန်မာ

## ဈေးဝယ်ရင် တစ်ဝက်ဆစ်

**သာအောင်တစ်ယောက် စိုက်ပျိုးစရိတ်ထုတ်ဖို့ မြို့ကိုသွားမယ်ဆိုလို့ သူ့ဘကြီးက ဈေးဝယ်မမှားဖို့ သတိပေးလိုက်သည်။**

"ဟေ့ကောင် သာအောင် မြို့က ဈေးသည်တွေက ဈေးပိုပြောတတ်တယ်နော်၊ သူတို့ဆိုတဲ့ဈေးနှုန်းကို တစ်ဝက်ဆစ်မှ တော်ကာကျမယ်၊ အားမနာနဲ့ ဈေးဆစ်ပြီးမှ ဝယ်"

"ဟုတ်ကဲ့ပါ ဘကြီး၊ ကျွန်တော် သတိထား ဝယ်ပါ့မယ်"

သာအောင် စိုက်ပျိုးရေးဘဏ်ကို အရင်သွားပြီး ချေးငွေတွေထုတ်သည်။ ထို့နောက် မိန်းမသတိပေးလိုက်သည့်အတိုင်း ချေးငွေတွေကို လယ်လုပ်ငန်းထဲမှာပဲ အကျိုးရှိအောင် သုံးရန်စဉ်းစားပြီး အပိုပစ္စည်းတွေ ဘာမှမဝယ်ဘဲ လယ်ယာသုံးပစ္စည်းထဲက ဝါးခမောက်တစ်လုံးနှင့် သစ်သားခုံဖိနပ်တစ်ရံသာဝယ်ပြီး ရွာပြန်ဖို့ စဉ်းစားထားသည်။

ရှေးဦးစွာ ခမောက်ကို ကိုင်ကြည့်ပြီး ဈေးမေးသည်။ ဆိုင်ရှင်က ၄၀၀ ကျပ်ပြောတော့ ဘကြီးမှာလိုက်တာ သတိရပြီး တစ်ဝက်ဈေးဆစ်သည်။

"၂၀၀ မရဘူးလား"

"ဟာဗျာ ဒီလောက်ဈေးခွာမထားပါဘူး"

"ဒါဆိုပြီးရော နောက်တစ်ဆိုင်မေးကြည့်ဦးမယ်"ဟု ဆိုကာ ပြန်လှည့်ထွက်လိုက်မည်ပြုစဉ် ဈေးသည်က

"လာ–လာ နောင်ကြီး ၃၅၀ ရမယ်၊ ဒါနောက်ဆုံးပဲ"

"ဒီလိုဆို ၁၇၅ ကျပ်ထားဗျာ"

သူ့ဘကြီးမှာလိုက်သည့်အတိုင်း တစ်ဝက်ဈေး ထပ်ဆစ်လိုက်ပြန်သည်။

ဈေးသည်မှာ မျက်နှာရှုံ့သွားပြီး နောက်ဆုံးဈေး (တကယ့်မှ နောက်ဆုံးဈေးဖြစ်သည်။) ထပ်လျှော့ကာ "၃၀၀ ကျပ်နောက်ဆုံးပဲ"ဟု တစ်ခွန်းတည်း အပြတ်ပြောလိုက်ပြန်သည်။

သူက ဆစ်ပြန်၏။

"ဒါဆို ၁၅၀ ထားပေါ့"တဲ့။

ဈေးသည်မှာ လုံးဝစိတ်ပျက်သွားကာ ငေါ့တော့တော့သဘောဖြင့်

"ဒါဆိုရင်တော့ အလကားပဲယူသွားပါတော့ဗျာ"ဟု ပြောလိုက်ရာ သူ့ကို ငေါ့ပြောလိုက်မှန်းမသိဘဲ

"ကောင်းသားပဲ၊ ဒါဆိုလည်း ခမောက်နှစ်လုံးပေးတဲ့" မှတ်ကရော။

× × ×

ဝါးခမောက်ကို ဆစ်ဈေးမရသဖြင့် မဝယ်သေးဘဲ ဆိုင်မှာ တွေ့နေသည့် ခုံဖိနပ်ဘက်လှည့်ပြန်သည်။

"ဒီခုံဖိနပ်ကရော တစ်ရံဘယ်လောက်လဲ"

"တစ်ရန်ကို ၈၀ ကျပ်ပါ"

ထိုအခါတွင်လည်း ဘကြီးမှာလိုက်သည့်အတိုင်း တစ်ဝက်ဈေးဆစ်ပြန်သည်။

"ဒါဆိုရင် ၄၀ မရဘူးလား"

ထိုအခါမှာတော့ ဆိုင်ရှင်ကလည်း နပ်သွားပြီမို့ ပြုံးရွှင်စွာဖြင့်

"ရပါတယ်ခင်ဗျ၊ ရပါတယ် တစ်ဖက်ယူသွားလေ"

ဒီတစ်ခါမှာတော့ သာအောင်ခမျာ မျက်နှာကြီး ရှုံ့ကာ အင်ခနဲ ဖြစ်သွားတော့၏။

မှတ်ပလား။ ■

**မှတ်ချက်။ ။ လယ်ယာစီးပွားသတင်းသို့ ကျေးလက်ဟာသများ ပေးပို့နိုင်ပါသည်။**

**မြန်မာ စကားပုံမှာ 'အစားမတော်တစ်လုတ်။ အသွားမတော်တစ်လှမ်း'ဟု အဆိုရှိသည်။ မတော်တာ၊ မတည့်တာစားမိလျှင် အစားတစ်လုတ်ဖြင့် အသက်ဆုံးရှုံးနိုင်သည်။ မသွားသင့်သည့်နေရာကို သွားမိလျှင် ခြေတစ်လှမ်းတည်းဖြင့် ဘေးအန္တရာယ်ဖြစ်နိုင်သည်။ မမြင်မကန်းလှမ်းလိုက်မိပါက ခြေတစ်လှမ်းတည်းဖြင့် ချောက်ကမ်းပါးအမြင့်က ကျသွားနိုင်သည်။ ရန်သူတို့ထောင်ထားသည့် ထောင်ချောက်ထဲဝင်သွားနိုင်သည်။ အလောင်းတော်ဥဒေါင်းမင်းသည် မုဆိုး၏ညွှတ်ကွင်းမှာ မိသွားခြင်းမျိုးဖြစ်သည်။ ခြေတစ်လှမ်းမှားခြင်းသည် အသက်အန္တရာယ်ကိုဖြစ်စေနိုင်သည့်သာဓကကို ပြောလိုခြင်းဖြစ်သည်။ ကျွန်တော့်ဘဝမှာ ဒီတစ်ခါတော့ သေပြီဟု ထင်ခဲ့မိသည့်အဖြစ်နှင့် ကြုံရလောက်အောင် ခြေလှမ်းမှားပြီးသွားခဲ့သည့်နေရာတစ်ခုကို ရောက်ခဲ့ဖူးပါသည်။**

အဏ္ဏဝါစိုးမိုး

# မတော်လမ်းသို့ ခြေတစ်လှမ်းသွားဖူးသည်



ကျွန်တော့်မှာ ဝါသနာတစ်ခုရှိသည်။ နိုင်ငံတစ်နိုင်ငံကိုရောက်လျှင် ထိုနိုင်ငံ၏မြို့တော်ကို သွားလို့ရလျှင် သွားချင်သည့်ဝါသနာဖြစ်သည်။ သင်္ဘောသားဘဝဖြင့် အမေရိကန်နိုင်ငံက ဘော်လ်တီမိုးမြို့ကိုရောက်သည်။ ဘော်လ်တီမိုးသည် မြို့တော်ဝါရှင်တန်နှင့် မိုင် ၆၀ မျှသာဝေးသဖြင့် ရထားစီးပြီး သွားလည်သည်။ အသွားအပြန် ရထားခဒေါ်လာ ၂၀ သာကုန်သည်။ ဝါရှင်တန်ကို ရောက်ဖူးခဲ့သည်။ အင်္ဂလန်နိုင်ငံက လီဗာပူးကိုရောက်တော့ လန်ဒန်နှင့်မိုင် ၂၀၀ မျှသာဝေးသည်ဆို၍ အမြန်ရထားဖြင့် လန်ဒန်ကို သွားလည်ချင်သည်။ မိမိအထက်က အရာရှိ ဂရိကပ္ပတိန်နှင့် အဆင်မပြေဖြစ်နေ၍ မသွားလိုက်ရဖြစ်သွားသည်။ ဂျပန်နိုင်ငံ၏မြို့တော် တိုကျိုမှာတော့ သင်္ဘောဆိပ်ရှိသည့်အတွက် မကြာခဏရောက်သည်။ အလားတူပင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှာလည်း သင်္ဘောဆိပ်ကမ်းရှိသည့်အတွက် ရောက်ဖူးပါသည်။ နိုင်ငံတွေ၏မြို့တော်တွေသည် သင်္ဘောဆိပ်ကမ်းတွေနှင့်သိပ်မဝေးလျှင် အချိန်ရပါက သွားလည်လေ့ရှိပါသည်။ ဤသည်မှာ ကျွန်တော်၏ ဝါသနာဖြစ်ပါသည်။

ထိုဝါသနာသည် ကျွန်တော့်ဘဝမှာ အသွားမတော်သည့်တစ်လှမ်း ဖြစ်ခဲ့ဖူးပါသည်။ ယင်းအဖြစ်အပျက်ကို အမှတ်တရဖြစ်ရသမို့ ၂၈.၆.၁၉၈၇ နေ့ဆိုတာကို သိနေပါသည်။ ကျွန်တော်တို့သင်္ဘောသည် ဂါနာနိုင်ငံ၏ဆိပ်ကမ်းမြို့ဖြစ်သည့် တီးမားမြို့မှာ ကုန်ချနေပါသည်။ ဆိပ်ကမ်းအနီးက နိုက်ကလပ်ပိုင်ရှင်အမျိုးသမီးနှင့်ရင်းနှီးနေသဖြင့် မြို့တော်အက်ခရာကို သွားလည်ချင်ကြောင်း ပြောပြမိသည်။ အမျိုးသမီးက သူ့ဂျစ်ကားနှင့်ယာဉ်မောင်းသမားကို စီစဉ်ပေးပါသည်။ ဆိပ်ကမ်းမြို့တီးမားနှင့် မြို့တော်အက်ခရာသည် ခုနစ်မိုင်သာဝေးသည်ဟု သိရသည်။ ကျွန်တော်နှင့်အတူ သင်္ဘောသားခေါင်းဆောင် ဦးမောင်စိန်၊ တက်မကိုင် ကိုကျော်ဟိန်း၊ အလုပ်သင်အင်ဂျင်နီယာ ကိုသောင်းဟန်တို့သည် လမ်းပြကောင်လေးပါခေါ်ပြီး တီးမားမြို့မှ ခုနစ်မိုင်မျှသာဝေးသည့် မြို့တော်အက်ခရာသို့ ဂျစ်ကားဖြင့် နံနက်စောစော ထွက်ခွာသွားကြပါသည်။

အာဖရိကတိုက်က ဂါနာနိုင်ငံ၏ရာသီဥတုနှင့် သဘာဝပေါက်ပင်တို့သည် အရှေ့တောင်အာရှနိုင်ငံတွေနှင့်အတော်တူသည်။ လမ်းဝေးဝဲယာကမြင်ကွင်းများကိုကြည့်ပြီး လိုက်ပါသွားပါသည်။ ပြည်သူအများစုသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လက်လုပ်လက်စားတွေက များသည်။ အစိုးရဝန်ထမ်းတွေလောက်ပဲ စားဝတ်နေရေးအာမခံချက်ရှိသည်။ အများစုဖြစ်သည့် သာမန်ပြည်သူတွေက ခက်ခဲစွာရှာဖွေစားသောက်နေကြရတာကို သတိထားမိသည်။ ဖြတ်သန်းသွားသည့်လမ်းဘေးဝဲယာက ရွာကလေးတွေ၊ အိမ်ကလေးတွေနှင့် ပြည်သူတွေကိုမြင်ခဲ့ရခြင်းဖြင့် ပြည်သူအများစု ဆင်းရဲနေသည်ဆိုခြင်းကို သတိထားမိသည်။ တိုင်းပြည်မှာစစ်တပ်က အာဏာသိမ်းပြီး ဗိုလ်မှူးကြီးတစ်ဦးက သမ္မတလုပ်ကာ အုပ်ချုပ်နေသည့်အချိန်ဖြစ်သည်။ အဲဒီသမ္မတ ဗိုလ်မှူးကြီးတံတားဖွင့်ပွဲတက်တာတွေနှင့် ဆောက်လုပ်ရေးလုပ်ငန်းတွေလိုက်စစ်နေတာတွေကို တီဗွီမှာ နေ့စဉ်ပြနေ၍ မြင်ရသည်။

နံနက် ၉ နာရီလောက်မှာ မြို့တော်အက်ခရာကို ရောက်သွားကြပါသည်။ လမ်းပြကောင်လေးနှင့် ယာဉ်မောင်းတို့က သူတို့နိုင်ငံမှာ ဂုဏ်ယူစွာပြစရာဖြစ်ဟန်တူသည့် ပင်လယ်ကမ်းခြေကို ခေါ်သွားပါသည်။ ပင်လယ်ကမ်းခြေရေချိုးဆိပ်မှာ လူဖြူတွေရော၊ လူမည်းတွေပါ ရေချိုးနေကြတာ တွေ့ရသည်။ ပင်လယ်ကမ်းခြေအပန်းဖြေဆိပ်ကမ်းဖြစ်လို့ အနားယူနေသူတွေ၊ ပြေးလွှားဆော့ကစားနေသူတွေကိုလည်း တွေ့ရသည်။ ဂါနာနိုင်ငံ၏ ထူးခြားချက်က အင်္ဂလိပ်ကိုလိုနီဘဝဖြင့် နှစ်ပေါင်းများစွာနေခဲ့ရသည့်အတွက် ကလေးကအစ လူတိုင်းလောက်နီးပါး အင်္ဂလိပ်စကားပြောနိုင်ကြခြင်းဖြစ်သည်။ သူတို့ကိုယ်ပိုင် ဂါနာစကားလည်းရှိသည်။ အင်္ဂလိပ်လိုပြောလျှင်လည်း လူတိုင်းနားလည်သည်။

ပင်လယ်ကမ်းခြေအနီးက ကျောက်တောင်ကုန်းကြီးပေါ်မှာ ၁၅ ရာစုခေတ်လက်ရာဟု ခန့်မှန်းရသည့် ရှေးဟောင်းရဲတိုက်ကြီးကို နောက်ကျောကမြင်နေရသည်။ ရဲတိုက်ကြီးကလှသဖြင့် အမှတ်တရဓာတ်ပုံရိုက်ကြသည်။ ရဲတိုက်ကြီးကို သီးသန့်စိတ်ကြိုက်ရိုက်သည်။ ရဲတိုက်ကြီးနောက်ခံဖြင့် ကျွန်တော်တို့ ပုံတွေရိုက်နေကြသည်။ ဆယ်နှစ်အရွယ်ကလေးတစ်ယောက်က အနားကပ်လာပြီး ဓာတ်ပုံမရိုက်ရဟု လာပြောသည်။ ကလေးစကားဖြစ်လို့ အလေးမထားဘဲ ဆက်လျှောက်ကြသည်။ ဂျစ်ကားကိုမစီးကြတော့ဘဲ ခြေလျင်လျှောက်သည်။ ကားသမားက သူသည် ဗဟိုဈေးကြီးက စောင့်နေမည်ဟု ပြောသည်။ စကားပြန်လမ်းပြကောင်လေးက ဦးဆောင်ပြီး မြို့ထဲလျှောက်လာခဲ့ကြသည်။

တစ်နေရာအရောက်မှာ ဘောင်းဘီတိုဝတ်၊ အင်္ကျီကိုယ်ကျပ်နှင့်ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းလူတစ်ယောက်က ကျွန်တော်တို့နောက်ကိုပြေးလိုက်လာပြီး ရပ်ခိုင်းသည်။ သူ့လက်ထဲမှာ ပစ္စတိုသေနတ်ကိုင်လာသည်။ ရဲတိုက်ကြီးကို ဓာတ်ပုံရိုက်တာ မင်းတို့လားဟု မေးသည်။ ဓာတ်ပုံမရိုက်ရလို့ပြောသည့် ကောင်လေးပါ သူနှင့်အတူပါလာသည်။ ကင်မရာပိုင်ရှင် ကျွန်တော့်ကို သေနတ်ဖြင့်ချိန်ထားပြီး ကင်မရာကို တောင်းသည်။ ကျွန်တော်က ပေးလိုက်ပါသည်။ ကျွန်တော်တို့ရပ်နေကြစဉ် လင်ရိုဗာကားတစ်စီး ရောက်လာသည်။ ကားပေါ်က အရပ်ဝတ်ဖြင့် လူတစ်ယောက်ဆင်းလာပြီး ဓာတ်ပုံရိုက်တာ မင်းတို့လားဟု မေးသည်။ ဟုတ်ပါတယ်ဟု ပြောလိုက်တာနဲ့ ကျွန်တော့်ကိုနားရင်းပိတ်တီးပါလေတော့သည်။ ကျွန်တော့်ဦးထုပ်လွင့်ကျသွားသည်။ ကျွန်တော်တို့ဟာ နိုင်ငံခြားသားတွေပါဟုပြောတော့ ဘာနိုင်ငံခြားသားလဲ၊ စောက်နိုင်ငံခြားသားလားဆိုပြီး ထပ်တီးပြန်သည်။ ပတ်ဝန်းကျင်က ဝိုင်းအုံကြည့်နေကြတော့ ကြည့်နေသူတွေက သူ့ကိုအထင်ကြီးအောင်၊ ကြောက်သွားအောင် နိုင်ငံခြားသားတွေကို လမ်းပေါ်မှာတင် ရိုက်ပြနေခြင်းဖြစ်သည်။ စစ်ထောက်လှမ်းရေးတွေဆိုတာ သေချာသည်။

ကျွန်တော်တို့ကို ကားပေါ်တက်ခိုင်းပြီး မောင်းယူသွားသည်။ ပင်လယ်ကမ်းစပ်ကို ပြန်ရောက်လာသည်။ ကုန်းမြင့်ခြေရင်းက လုံခြုံရေးကင်းကို ဖြတ်သည်။ ကုန်းပေါ်ကို မောင်းတက်သွားသည်။ ရဲတိုက်ကြီးနားရောက်ကာနီး ခဲတစ်ပစ်လောက်အကွာမှာရှိသည့်အဆောက်အဦးတစ်ခုထဲကို သွင်းလိုက်သည်။ စစ်ကြောရေးစခန်းဖြစ်နေသည်။ တံခါးတွေအလုံပိတ်လိုက်ပြီး ကျွန်တော်တို့လေးယောက်ကို တစ်ယောက်ပြီးတစ်ယောက် ရိုက်ပါတော့သည်။ လမ်းပြကောင်လေးကိုတော့ ခေါင်းကို ပစ္စတိုဖြင့် ရိုက်၍ ခေါင်းပေါက်သွားသည်။ သွေးတွေစီးကျလာသည်။ ကင်မရာပိုင်ရှင်ကျွန်တော့်ကို သေနတ်နဲ့ချိန်ပြီး မေးခွန်းတွေမေးသည်။ ဘာကြောင့် ဓာတ်ပုံရိုက်သလဲဆိုတာကိုပဲမေးသည်။ ကားတစ်စီး ဆိုက်လာသည့် အသံကို ကြားရသည်။ ကားတံခါးပိတ်သံ၊ အခန်းတွင်းဝင်လာသံတွေ ကြားနေရသည်။ အလေးပြုသံတွေကိုပါ ကြားရသည်။ အရာရှိတစ်ယောက်လာတာဖြစ်မည်ဟု သိလိုက်ပါသည်။ ပိတ်ထားသည့်တံခါးပွင့်သွားပြီး အသက် ၅၀ ခန့်အရွယ် ထိပ်ပြောင်ပြောင် လူတစ်ယောက် အရပ်ဝတ်ဖြင့် ဝင်လာသည်။ ရုပ်သန့်သန့်ဖြစ်၍ လူကြီးလူကောင်းဖြစ်မည်ဟု သိလိုက်ပါသည်။ ရုပ်လျက်ခါးလက်ထောက်ပြီး ကျွန်တော်တို့တစ်ယောက်ချင်း၏ မျက်နှာတွေကို လိုက်ကြည့်သည်။ ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်ပြီး မေးသည်။

"မင်းတို့ စီအိုင်အေ မဟုတ်ဘူးလား"

"စီအိုင်အေဆိုတာ ဘာလဲ၊ ကျွန်တော်တို့ မသိပါဘူးခင်ဗျာ"

"ဒီနေရာဘာလဲ သိလား"

"မသိပါဘူးခင်ဗျာ"

"ကောင်းတယ်၊ မသိတာပိုကောင်းတယ်၊ ကင်မရာထဲက ဖလင်လိပ်ထုတ်လိုက်ပါ"

ကျွန်တော် ဖလင်လိပ်ကိုဆွဲထုတ်ပေးလိုက်သည်။ ငါ့လူတွေက မင်းတို့ကို ထိုးကြိတ်သေးလားဟု မေးပါသည်။ ဆော်တာပေါ့ဆရာရယ်၊ ဆရာသာ အချိန်မီရောက်မလာရင် အသက်ထွက်သွားနိုင်တယ်ဟု ပြောလိုက်တော့ ဆောရီးလို့ပြောပြီး သွားလိုရာသွားနိုင်တယ်ဆိုပြီး မြို့လယ်ခေါင်က ဈေးကြီးအထိ လိုက်ပို့ပေးသည်။ အကြီးအကျယ်ကြောက်သွားပြီဖြစ်၍ လျှောက်မလည်ကြတော့ဘဲ မြို့တော်အက်ခရာမှ ဆိပ်ကမ်းမြို့ တီးမားကို ပြန်ခဲ့ကြသည်။

အစောကြီးပြန်ရောက်လာသည့် ကျွန်တော်တို့ကို နိုက်ကလပ်ပိုင်ရှင်အမျိုးသမီးက မေးသည်။ ကျွန်တော်ကမဖြေနိုင်သေးဘဲ တစ်ခွက်ပြည့်ပြည့်ထည့်ခိုင်းပြီး မော့သောက်ချလိုက်သည်။ အကြောင်းစုံ၊ အဖြစ်စုံကို ပြောပြလိုက်သည်။ အမျိုးသမီးက တအံ့တသြမေးသည်။

"ဟယ်–ရှင်တို့ အဲဒီရဲတိုက်ကြီးထဲ ရောက်သွားတယ်လား၊ မဟာကံထူးရှင်တွေပါလား၊ အဲဒီရဲတိုက်ကြီးထဲရောက်သွားသူတွေဟာ အသက်ရှင်ပြီး ပြန်ထွက်လာသူတစ်ယောက်မှ မရှိဘူး"

"အဲဒီရဲတိုက်ကြီးက ဘာကြီးမို့တုံး"

"အဲဒါ သမ္မတအိမ်တော်"

"ပေး–ပေး၊ ပုလင်းလိုက်သာ ပေးပါတော့"

ကြောက်ပြီး မူးအောင် သောက်ပစ်လိုက်ပါသည်။ အသွားမတော်လို့ သေမလိုဖြစ်ခဲ့ရပါသည်။ အိမ်တော်လုံခြုံရေးအရာရှိ အချိန်မီရောက်လာပေ၍သာ အသက်ရှင်ခဲ့တာဖြစ်သည်။ အာဏာရှင်အုပ်ချုပ်သည့်နိုင်ငံတွေက လက်အောက်ငယ်သား ထောက်လှမ်းရေးတွေ၏ လုပ်ရိုးလုပ်စဉ်အတိုင်း အထက်လူကြီးကြိုက်အောင် လုပ်ပြတာခံခဲ့ရခြင်းဖြစ်သည်။ ■



မြသိန်း

## ငှက်ဖျားကြောင့် ကမ္ဘာတွင် နှစ်မိနစ်လျှင် ကလေးတစ်ဦး သေဆုံးနေ

**မျိုးဆက်တစ်ဆက်အတွင်း ငှက်ဖျားရောဂါပပျောက်အောင် တိုက်ဖျက်နိုင်သည်ဟု ကျန်းမာရေးပညာရှင်များက ပြောကြောင်းဖြင့် လန်ဒန်မြို့ ရိုက်တာသတင်းဌာနမှ သတင်းရေးသားလိုက်သည်။**

၂၀၁၉ စက်တင်ဘာလဆန်းပိုင်း၌ ထုတ်ပြန်လိုက်သည့် အမေရိကန်နိုင်ငံ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအုပ်စု၏ အစီရင်ခံစာတွင် ငှက်ဖျားရောဂါ ကင်းစင်မှုကို ၂၀၅၀ ပြည့်နှစ်ထက်နောက်မကျဘဲ ဆောင်ရွက်နိုင်သည်ဟု ဖော်ပြထားသည်။

ကမ္ဘာတွင် ငှက်ဖျားရောဂါကင်းစင်မှုကို လုပ်ဆောင်ရာ၌ သက်ဆိုင်ရာအစိုးရများ၊ သိပ္ပံပညာရှင်များ၊ ပြည်သူ့ကျန်းမာရေးအဖွဲ့များ ပူးပေါင်းပြီး အလှူငွေများ ထည့်ဝင်၍ ခြင်များကို တိုက်ဖျက်ရန် လိုကြောင်း အဆိုပါအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

ခြင်ကြောင့်ဖြစ်သော ငှက်ဖျားရောဂါသည် ၂၀၁၇ ၌ ကမ္ဘာတစ်ခွင်တွင် လူဦးရေ ၂၁၉ သန်းကို ရောဂါရစေပြီး လူဦးရေ ၄၃၅၀၀၀ ခန့်ကို သေဆုံးစေခဲ့၏။ သေဆုံးသူအများစုမှာ ဆင်းရဲသော အာဖရိကနိုင်ငံများမှ ကလေးသူငယ်များဖြစ်ကြ၏။

ကမ္ဘာ့လူဦးရေ၏ထက်ဝက်ခန့်သည် ငှက်ဖျားရောဂါရရှိရန် အနေအထား နီးကပ်စွာ ရှိနေပြီး ယခုအခါတွင် ကမ္ဘာ၌ ငှက်ဖျားရောဂါကြောင့် နှစ်မိနစ်လျှင် ကလေးသူငယ်တစ်ဦး သေဆုံးလျက်ရှိနေ၏။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်သည် ငှက်ဖျားရောဂါကို တိုက်ဖျက်လျက်ရှိ၏။ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ၌ ငှက်ဖျားရောဂါဖြစ်ခဲ့သော လူဦးရေမှာ ၂၃၉ သန်းခန့်ရှိခဲ့ရာ ၂၀၁၅ ၌ ၎င်းရောဂါဖြစ်သူလူဦးရေမှာ ၂၁၄ သန်းခန့်သာ ရှိလာခဲ့၏။ ငှက်ဖျားရောဂါကြောင့် သေဆုံးသူလူဦးရေမှာ ၂၀၀၀ တွင် လူဦးရေ ၆၀၇၀၀၀ ခန့်ရှိခဲ့ပြီး ၂၀၁၃ တွင် ၅၀၀၀၀၀ ခန့်သာ ရှိခဲ့၏။

၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတွင် ငှက်ဖျားရောဂါကင်းစင်ရေးအတွက် ယခုမှစ၍ ၎င်းရောဂါတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ပြီး လုပ်ဆောင်ရန်လိုသည်။ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် ယနေ့အသုံးပြုနေသည့် ခြင်ထောင်များ၊ ဆေးဝါးနှင့်ခြင်သတ်ဆေးစသော လက်နက်များကို ပို၍တိုးမြှင့်အသုံးပြုပြီး လက်နက်အသစ်ဖြစ်သည့် ဆေးဝါးသစ်များကိုလည်း ဖော်ထုတ်ရမည့်အပြင် ငှက်ဖျားကင်းစင်သောနိုင်ငံများသည် ငှက်ဖျားရောဂါခံစားနေရသော နိုင်ငံများနှင့်ပူးပေါင်း၍ အလှူငွေများ ထည့်ဝင်ကြရန် လိုသည်။ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၂၀၀၀ ခန့် လိုအပ်မည်ဖြစ်သည်ဟု အဆိုပါ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအုပ်စု၏ အစီရင်ခံစာတွင် ဖော်ပြထား၏။

**(စထရိတ်တိုင်းမ်စ် ၁၀.၉.၁၉)**

## စားသုံးသူ အဝလွန်စေသော စည်သွပ်အစားအစာများနှင့် အသင့်ပြုလုပ်ထားသော ကြာရှည်ခံ အစားအစာများ

**အစာ အာဟာရသုတေသီများသည် လူတို့နေ့စဉ်စားသောက်နေသော အစားအသောက်များက လူတို့၏ကျန်းမာရေးကို မည်သို့အထောက်အကူပြုသည်ဆိုသည်ကို ဆန်းစစ်မှုပြုလုပ်ကြရာ၌ ယနေ့လူတို့အစားများနေသည့် စည်သွပ်အစားအစာများနှင့်ကြာရှည်ခံရန် အသင့်ပြုလုပ်ထားသော အစားအစာများကို စားပါများလျှင် ကျန်းမာရေးအထောက်အကူမပြုဆိုသည်ကို တွေ့ရှိလာကြ၏။**




အစားအစာများ ကြာရှည်ခံရန် သိပ္ပံနည်းဖြင့် ဆား၊ သကြား၊ အဆီ (ဆီ) နှင့်အခြားပစ္စည်းများကို ပိုမိုအသုံးပြုပြီး ပြုပြင်ထားသောကြောင့် အဆိုပါစည်သွပ်အစားအစာများနှင့် ကြာရှည်ခံရန် အသင့်ပြုလုပ်ထားသည့် အစားအစာများသည် အရသာပိုရှိပြီး စားသူကိုခံတွင်းတွေ့စေသောကြောင့် များများစားလာကြရာ ဤသို့ စားပါများလျှင် စားသူ၏ ကိုယ်အလေးချိန်ကိုတိုးစေပြီး ပိုဝလာခြင်း၊ အဝလွန်ခြင်းကို ဖြစ်စေသည်ဟု ကျန်းမာရေးသုတေသီတို့က ပြောလာကြသည်။

သုတေသီတို့သည် အဆိုပါအစားအစာများကို ရက်သတ္တနှစ်ပတ် ဆက်တိုက်စားသူတို့ကို ဆန်းစစ်ကြရာ၌ သူတို့၏ ကိုယ်အလေးချိန်သည် ပျမ်းမျှ တစ်ကီလိုဂရမ်အထိ တိုးလာကြောင်း တွေ့ရ၏။

ကြာရှည်ခံရန် ပြုလုပ်ထားသည့် အစားအစာများကို ရေရှည်စားသုံးပါက ကျန်းမာရေးကို ထိခိုက်၊ အသက်တိုမည်ဟုသာ အာဟာရသုတေသီတို့က ပြောကြ၏။

ယနေ့လူနေမှုဘဝ၌ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ အပျော်အပါးများခြင်းတို့ရှိလာရာ အစားအစာကို ဖြစ်သလိုစား၊ ကြုံသလိုစား၊ ကျန်းမာရေးကို ဂရုမစိုက်ဘဲ နေလျှင် ရောဂါထူပြီး အသက်တိုမည်ဟု ကျန်းမာရေးပညာရှင်တို့က သတိပေးနေကြရ၏။

အထူးသဖြင့် ငယ်ငယ်ရွယ်ရွယ် ကလေးသူငယ်များအား သန့်ရှင်းလတ်ဆတ်သောအသီးအရွက်များကို များများစားရန်၊ မိဘအုပ်ထိန်းသူများက အလေ့အကျင့်လုပ်ပေးရမည်ဖြစ်ပြီး ၎င်းတို့တတွေ ဝလာခြင်း၊ အဝလွန်လာခြင်းမဖြစ်အောင် ကြာရှည်ခံရန် အသင့်ပြုလုပ်ထားသည့်အစားအစာများကို မစားရန် ကာကွယ်ရန် လို၏။

သိပ္ပံပညာမထွန်းကားမီက စည်သွပ်အစားအစာများနှင့် အဆင်သင့်စားရန် ကြိုတင်ပြုလုပ်ထားသော အစားအစာများမပေါ်မီက လူတို့သည် ဟင်းသီးဟင်းရွက်များ၊ ကောက်ပဲသီးနှံများနှင့် သားငါးများကို စားခါနီးမှ လတ်လတ်ဆတ်ဆတ်ပြုပြင် ချက်ပြုတ်စားသောက်ကြရာ ထိုစဉ်က လူတို့သည် ယနေ့လူများကဲ့သို့ ရောဂါယဘထူပြောခြင်းမရှိဟု ကျန်းမာရေးသုတေသီတို့က ထောက်ပြကြ၏။

**(ဘန်ကောက်ပို့စ် ၁၁.၆.၁၉)**

## လျှပ်စစ်ဓာတ်ထုတ်သည့် ငါးရှဉ့်

**အကြောင်းအမျိုးမျိုးကြောင့် ဤကမ္ဘာပေါ်ရှိ တိရစ္ဆာန်မျိုးစုံများတွင် အချို့တိရစ္ဆာန်များ မျိုးသုဉ်းသွားသလို အချို့တိရစ္ဆာန်များမှာလည်း မျိုးသုဉ်းစပြုနေ၏။ သို့ရာတွင် သဘာဝကို လေ့လာနေသော သိပ္ပံပညာရှင်အချို့သည် တောင်အာဖရိကရှိ အမေဇုန်မိုးသစ်တောကြီး၌ လျှပ်စစ်ဓာတ်အားထုတ်သော ငါးရှဉ့်မျိုးတစ်မျိုးကို ရှာဖွေတွေ့ရှိလိုက်ကြရာ အံ့သြခြင်းဖြစ်သွားကြ၏။ ပို၍ အံ့သြဖွယ်ရာကောင်းသည်မှာ အဆိုပါငါးရှဉ့်မျိုးဆက်သစ်သည် လျှပ်စစ်ဓာတ်အားကို ဗို့ ၈၆၀ အထိ ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရသဖြင့် ရှေးယခင်က လျှပ်စစ်ဓာတ်အားကို ဗို့ ၆၅၀ သာ ထုတ်လွှတ်နိုင်သည့် ငါးရှဉ့်များထက်သာလွန်ပြီး စံချိန်သစ်တင်လိုက်ခြင်းပင် ဖြစ်၏။**

သစ်တောများပြုန်းတီးခြင်း၊ သစ်များထုတ်လုပ်ခြင်းနှင့် တောမီးလောင်ခြင်းတို့ဖြင့် ကြုံတွေ့နေရသော အမေဇုန်မိုးသစ်တောကြီးတွင် တိရစ္ဆာန်မျိုးဆက်သစ်များပေါ်ထွန်းမှုရှိနေသည်ဆိုသည်ကို သဘာဝသိပ္ပံပညာရှင်များက လက်ခံလိုက်ကြပြီဖြစ်၏။

ယခုအသစ်တွေ့ရှိသော အဆိုပါငါးရှဉ့်မျိုးဆက်သစ်သည် လွန်ခဲ့သောနှစ်ပေါင်းသန်းပေါင်းများစွာကတည်းက ကမ္ဘာတွင် စတင်ပေါ်ပေါက်ခဲ့သည့် ငါးရှဉ့်မျိုးဆက်များမှ မျိုးတစ်မျိုးဖြစ်ကြောင်းဖြင့် သတ္တဗေဒပညာရှင်များက အထပ်ထပ် သုတေသနပြုလုပ်ပြီးနောက် ပြောဆိုလိုက်၏။



လျှပ်စစ်ဓာတ်အားထုတ်လွှတ်သော ငါးရှဉ့်များသည် သားကောင်ကို လိုက်လံဖမ်းဆီးရာ၌လည်းကောင်း၊ မိမိတို့ကိုယ်ကိုကာကွယ်ရာ၌လည်းကောင်း၊ သွားလာလှုပ်ရှားရာ၌ လမ်းပြအဖြစ်လည်းကောင်း လျှပ်စစ်ဓာတ်အားကို ထုတ်လွှတ်လေ့ရှိသည်ဟု သုတေသီတို့က ပြောကြသည်။

**(စထရိတ်တိုင်းမ်စ် ၁၂.၉.၁၉)**

## လူသားအကျိုးပြု သစ်ပင်များ

**သစ်ပင်များကိုစိုက်ပါ။ သစ်ပင်သည် ရာသီဥတုကို ပူနွေးစေသော လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူသည်ဟု လူအများက သိထားကြသည်။ သစ်ပင်သည် ထိုသို့လုပ်ဆောင်သည့်အပြင် အပူလှိုင်းများကိုလည်း ကာကွယ်ပေးသည်။ မြေဆီများမပြုန်းတီးရန် ကာကွယ်ပေးသည်။ ကမ်းပြိုခြင်းကိုလည်း ကာကွယ်ပေးသည်။ လေပြင်းများ တိုက်ခတ်ခြင်းကိုလည်း ကာကွယ်ပေးသည်စသော အချက်များကိုလည်း သိထားရန် လို၏။**

**အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးတစ်ပင်သည် လေအေးပေးစက် ၁၀ လုံးက ထုတ်လွှတ်သော အအေးဓာတ်များနှင့် ညီမျှသည့် အအေးဓာတ်ကိုပေးသည်**ဟု လေ့လာသူများက ပြောကြသည်။ မြို့ကြီးများတွင် သစ်ပင်များများစိုက်၊ ပန်းခြံများများ တည်ဆောက်ခြင်းဖြင့် အအေးဓာတ်ကို ရမည်ဖြစ်၏။

**ယခုအခါ ပင်လယ်ရေမျက်နှာပြင်သည် မြင့်တက်လာနေရာ ထိုမြင့်တက်မှုကို ကာကွယ်ရန် တစ်ခုတည်းသော လုပ်ရပ်မှာ ရေငန်တွင်ပေါက်သည့် အပင်များ၊ လမုပင်များကို ပင်လယ်ကမ်းရိုးတန်းများတွင် များများစိုက်ပျိုးရေးပင်ဖြစ်၏။** လမုပင်များအပါအဝင် ပင်လယ်ကမ်းရိုးတန်းများတွင် ပေါက်ရောက်နေသော အပင်များသည် ပင်လယ်ကမ်းရိုးတန်း ရေကြီးခြင်းကို ကာကွယ်၏။ ပင်လယ်ရေများတိုက်စားခြင်းကို ကာကွယ်၏။ လှိုင်းလုံးကြီးများ၏ အမြင့်နှင့် လှိုင်းလုံးကြီးများ၏ ပုတ်ခတ်မှုအားကို လျော့သွားအောင် ခုခံကာကွယ်ပေး၏။

**သစ်ပင်များက ကျွန်ုပ်တို့ကို အကာအကွယ်ပေးနေရာ ကျွန်ုပ်တို့ကလည်း သစ်ပင်များကို ပြန်လည်၍ အကာအကွယ်ပေးကြရမည်ဖြစ်၏။**

ပူပြင်းခြောက်သွေ့ခြင်းသည် ကမ္ဘာတွင်ကျယ်ပြန့်နေ၏။ သစ်ပင်များ၏ အမြစ်များသည် ရေမြှုပ်များသဖွယ် ရေ၊ မိုးရေစသည်တို့ကို စုပ်ယူ၏။ သစ်ပင်များမရှိလျှင် မြေကြီးထဲ၌ ရေများရှိမည်မဟုတ်။

အာဖရိကတိုက်မြောက်ပိုင်းရှိ ဆာဟာရသဲကန္တာရသည် တဖြည်းဖြည်း ကျယ်ပြန့်လာနေရာ ယင်းကျယ်ပြန့်လာမှုကို တားဆီးရန်အတွက် ဆာဟာရသဲကန္တာရဝန်းကျင်နိုင်ငံပေါင်း ၂၁ နိုင်ငံသည် သစ်ပင်များကို အလျင်အမြန်နှင့် အများအပြား စိုက်ပျိုးနေကြရ၏။

ကမ္ဘာပေါ်ရှိ လူသတ္တဝါများကိုသာမက အခြားသက်ရှိသတ္တဝါများကိုပါ အကျိုးပြုသည့်သစ်ပင်များကို များများစိုက်ပြီး သစ်ပင်သစ်တောများကို မပြုန်းတီးအောင် ထိန်းသိမ်းသွားပါမှ ကမ္ဘာကြီးသည် ဆက်လက်ရှင်သန် စိမ်းလန်းစိုပြည်နေမည် ဖြစ်၏။

**(စထရိတ်တိုင်းမ်စ် ၁၀.၉.၁၉)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရှင်မတောင်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ဝင်ငွေရသီးနှံ ပြောင်းလဲစိုက်ပျိုးရေးနှင့် ဘေးကင်းလုံခြုံသော စံချိန်မီ အစားအစာ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

မကွေး နိုဝင်ဘာ ၉

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၉ ရက် နေ့လယ်ပိုင်းတွင် ရေစကြိုမြို့နယ် ကြက်ဆူကျင်းကျေးရွာသို့ ရောက်ရှိကြပြီး ရွှေဟင်္သာကုမ္ပဏီက ထန်းသကြားထုတ်လုပ်ငန်းအတွက် အကြိုလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ရှင်မတောင်ဒေသအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ဝင်ငွေရသီးနှံပြောင်းလဲစိုက်ပျိုးရေးနှင့် ဘေးကင်းလုံခြုံသော စံချိန်မီ အစားအစာ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။**





ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေစကြိုမြို့နယ် သဲပုံ(အရှေ့ရွာ)တွင် ရန်ကုန်စက်မှုတက္ကသိုလ် ၈၃ ကျောင်းသားဟောင်းများအဖွဲ့၏ စုပေါင်း လှူဒါန်းငွေ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ လုပ်အားဒါနတို့ဖြင့် ၄ လက်မ စက်ရေတွင်း ရေတင်စက်ရုံနှင့် ရေစုကန်များကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက အိမ်ထောင်စု ၁၁၇ စု၊ ကျေးရွာသူကျေးရွာသား ၅၈၉ ဦးတို့အတွက် သောက်သုံးရေဖူလုံစွာရရှိသုံးစွဲနေမှုကို ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက စက်ရေတွင်းနှင့် ဆက်စပ်အဆောက်အအုံများ ရေရှည်အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးတို့သည် ရေစကြိုမြို့နယ် ရွှေဟင်္သာထန်းမှုန့်စက်ရုံသို့ ရောက်ရှိကြပြီး ထန်းမှုန့်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။ အော်ဂဲနစ်ထုတ်ကုန်များအား အလေးထားအသုံးပြုလာလျက်ရှိနေသည့် ပြည်ပဈေးကွက်တွင် မြန်မာ့ထန်းထွက်တစ်ခုဖြစ်သည့် ထန်းမှုန့်သည် ဈေးကွက်ဝင်လျက်ရှိပြီး နိုင်ငံခြားငွေရှာဖွေရန် အလားအလာကောင်းသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် တောင်စင်ဆိတ်မွေးမြူရေးစံပြရွာရှိ ပုဂ္ဂလိက သိုးဆိတ်မွေးမြူရေးခြံများကို ကြည့်ရှုအားပေးပြီး အောင်ဓမ္မသုခတိုက်ကျောင်း ဓမ္မာရုံတွင် ဒေသခံသိုးဆိတ်မွေးမြူရေး တောင်သူများ၊ သိုးဆိတ်မွေးမြူထုတ်လုပ်ကုမ္ပဏီများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ တောင်သူလယ်သမားအကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး အစားအစာဘေးကင်းလုံခြုံရေးနှင့် ဈေးကွက်အကျိုးဖြစ်ထွန်းစေရေးအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practice - GAHP) လိုက်နာကျင့်သုံးရန် လိုအပ်ချက်များ၊ မြေယာအသုံးပြုခွင့်အပါအဝင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ ကုန်ချောအဆင့်အထိ ထုတ်လုပ်မှုလုပ်ငန်းစဉ် အပြည့်အဝဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းရန်နှင့် လုပ်ကွက်ငယ်တောင်သူများနှင့် လုပ်ငန်းရှင်တို့အကြား မျှတသော အကျိုးအမြတ်ခွဲဝေခံစားမှုရှိရန် လိုအပ်ချက်များ အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်မှုစနစ်ထွန်းကားလာစေရေးအတွက် တောင်သူများ၊ ကုမ္ပဏီများ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် (GAHP)လိုက်နာကျင့်သုံးရန် လိုအပ်ချက်များကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က တစ်ပိုင်တစ်နိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး တောင်သူများ၏ လိုအပ်ချက် အခက်အခဲနှင့်သိရှိလိုသည်များ မေးမြန်းတင်ပြချက်များကို ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးအတွင်းရှိ သဘာဝဘေးသင့် တောင်သူများအား ကူညီထောက်ပံ့ရန် တိရစ္ဆာန်ကုသဆေးဝါး ၁၂ မျိုးပါ အထုပ် ၂၅၀ ထုပ်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပေးအပ်ရာ မကွေးတိုင်းဒေသကြီး စိုက်/မွေး/ဆည်ဝန်ကြီး ဦးဝင်းမော်ဌေးက လက်ခံရယူသည်။

**MOALI ပြန်ကြားရေး**

# စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်း AIIP Phase2 ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည်



ဖျာပုံ အောက်တိုဘာ ၂၆

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များလိုက်ပါလျက် ယနေ့နေ့လယ်ပိုင်းက ဖျာပုံခရိုင် ဘန့်ဘွေးစုကျွန်းပတ်တာသို့ရောက်ရှိကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်မည့် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း AIIP Phase 2 ရှေ့ပြေးစိစစ်ခြင်းလုပ်ငန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ၊ ဖျာပုံနှင့် မအူပင်မြို့တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း AIIP Phase 2 ၏ စီမံကိန်းလျာထားချက်များကို ရှင်းလင်းတင်ပြသည်။ (ပုံ)**

ယခုဆောင်ရွက်မည့် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း AIIP Phase 2 အား စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း AIIP Phase 2၏ အတွေ့အကြုံကောင်းများကိုအခြေခံ၍ စံနမူနာပြဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းအား ဧရာဝတီတိုင်းဒေသကြီး၌ ဆောင်ရွက်မည်ဆိုပါက ရေသွင်းရေထုတ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ခြင်း၊ စီမံကိန်းဧရိယာရှိ စိုက်ပျိုးရေးဝင်ငွေတိုးလုပ်ငန်းများအပြင် ဝင်ငွေတိုးငါးမွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်ဆောင်ရွက်နိုင်မည်ဖြစ်၍ တောင်သူများ အသားတင်ဝင်ငွေနှင့်အကျိုးအမြတ်ခံစားနိုင်ကြမည် ဖြစ်သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ကျွန်းများတွင် ရေချိုရရှိရေးအတွက် ရေထိန်းတာဖြင့် ဆောင်ရွက်နေမှုများ၊ ဖျာပုံခရိုင်အတွင်း ဘန့်ဘွေးစုကျွန်းပတ်တာ၊ ကြက်ဖမွေးဇောင်းကျွန်းပတ်တာ၊ ဒေါင့်ကြီးအနောက်ကျွန်းပတ်တာ၊ ဒေါင့်ကြီးအထက်ကျွန်းပတ်တာ၊ သုံးခွကျွန်းပတ်တာ၊ မအူပင်ကျွန်းတောင်ပိုင်းတာတို့တွင် (AIIP Phase 2 ) ဖြင့် ကျွန်းပတ်တာများကို အခိုင်အမာပြင်ဆင်ရန် လျာထားဆောင်ရွက်နေမှု၊ ကျွန်းတွင်း ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ ရေတံခါးများ ပြုပြင်တည်ဆောက်ခြင်း၊ တာဘောင်လမ်းခင်းခြင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် တံတားတည်ဆောက်ခြင်းဆိုင်ရာ စီမံထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယခုအခါ ဘန့်ဘွေးစုကျွန်းပတ်တာမှ မိုးစပါးစိုက်ဧက ၁၅၈၂၀ ဧက၊ နွေစပါးစိုက်ဧက ၁၃၃၀၄ ဧက၊ ကြက်ဖမွေးဇောင်းကျွန်းပတ်တာမှ မိုးစပါးစိုက်ဧက ၂၄၅၇၁ ဧက၊ နွေစပါး စိုက်ဧက ၃၄၂၆ ဧက၊ ဒေါင့်ကြီးအနောက်ကျွန်းပတ်တာမှ မိုးစပါးစိုက်ဧက ၁၄၉၆၉ဧက၊ ဘိုကလေးမြို့နယ် ဒေါင့်ကြီးအထက်ကျွန်းပတ်တာမှ မိုးစပါးစိုက်ဧက ၂၈၀၂ ဧက၊ ကျိုက်လတ်မြို့နယ် သုံးခွကျွန်းပတ်တာမှ မိုးစပါးစိုက်ဧက ၁၇၈၁၉ ဧက၊ နွေစပါးစိုက်ဧက ၁၈၅၉၄ ဧက၊ မအူပင်ကျွန်း တောင်ပိုင်းတာမှ မိုးစပါးစိုက်ဧက ၉၇၆၆ ဧက၊ မအူပင်ကျွန်းမြောက်ပိုင်းတာမှ မိုးစပါးစိုက်ဧက ၂၂၇၀၉ ဧက တို့ကို အကျိုးပြုလျက် ရှိသည်။

နေ့လယ်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနခွဲရုံးအောက်ကွင်းကြီး မျိုးသန့်ခြံသို့ ရောက်ရှိပြီး ဒေသအတွက် ဆန်စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်က ရှင်းလင်းတင်ပြရာတွင် ဖျာပုံမြို့နယ် မျိုးစေ့ထုတ်လုပ်ငန်းများအား Contract Farming စနစ်ဖြင့် ဆောင်ရွက်ပြီး တောင်သူများထံ

စာ - ၁၁ သို့






# မွေးမြူရေးနှင့်အသားထုတ်လုပ်နိုင်မှု စွမ်းအားမြှင့်တင်ပေးနိုင်ရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မှာကြား

နေပြည်တော် နိုဝင်ဘာ ၄

**ပြောင်းလဲ သက်ရောက်လာလျက်ရှိသည့် ရာသီဥတု ရေ မြေ အခြေအနေအရ ဖြစ်နိုင်ချေရှိသည့် မွေးမြူရေးလုပ်ငန်းဆိုင်ရာ အလားအလာကောင်းများကို ရှာဖွေသုံးသပ်ပြီး စည်းမျဉ်းစည်းကမ်းနှင့်အညီ ရေရှည်အကျိုးကို မျှော်ကိုးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ် GAHP ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာပြီး တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်အဆင့်ထိမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် ကြိုးပမ်းကြစေလိုကြောင်း ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် ၃၆ ၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။**

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ပြည်နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကား ပြောကြားရာ၌ မိမိတို့တစ်ဦးချင်းစီ၏ နိုင်ငံတကာအတွေ့အကြုံများနှင့် အသိအမြင်ဗဟုသုတများကို ပြန်လည်မျှဝေပေးခြင်းဖြင့် မိမိပတ်ဝန်းကျင်အား တိုက်ရိုက်အကျိုးပြုသူများအဖြစ် ကြိုးပမ်းကြစေလိုကြောင်း၊ လက်ရှိအခြေအနေတွင် မိမိတို့အားလုံးသည် အသီးအပွင့်များကို ဆွတ်ယူစားသုံးနိုင်သည့်အခြေအနေတွင် မရှိသေးသော်လည်း အနာဂတ်မျိုးဆက်များအတွက် မျှော်မှန်းအားထုတ်သည့် အပင်စိုက်သူများအဖြစ် လုံ့လဝီရိယစိုက်ထုတ်ပြီး လုပ်ငန်းများအောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊

တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်အဆင့်အထိ တိုးချဲ့မွေးမြူလာစေရေး အားပေးကူညီဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အစားအစာဘေးကင်းလုံခြုံရေးကို ဦးတည်နေသည့် နိုင်ငံတကာစံနှုန်းအရ မိမိတို့၏ မွေးမြူရေးထုတ်ကုန်များအနေဖြင့်လည်း သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးသည် အလွန်အရေးကြီးကြောင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူအားလုံးတို့က ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ် Good Animal Husbandry Practices (GAHP) ကို ကျွမ်းကျင်စွာ လိုက်နာဆောင်ရွက်ရေးအတွက် တိုးချဲ့ပညာပေးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စီမံချက်များ ထည့်သွင်းရေးဆွဲပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။ (ပုံ)

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ၂၀၁၉ ခုနှစ်အတွင်း တိုင်းဒေသကြီး ပြည်နယ်အလိုက် တိရစ္ဆာန်ရောဂါတွေ့ရှိရမှုများ၊ အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပွားမှု၊ တိရစ္ဆာန်ရောဂါဖြစ်ပွားမှုလျှော့ချရေးလုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးထုတ်လုပ်နိုင်မှု အခြေအနေ၊ ဓာတ်ခွဲခန်းအဆင့်နှင့်လုပ်ငန်းများ၊ မျိုးရည်ခဲချောင်း ထုတ်လုပ်ခြင်းနှင့် နိုက်ထရိုဂျင်ထုတ်လုပ်ခြင်းဆိုင်ရာများ၊ စားကျက်တိုးချဲ့စိုက်ပျိုးမှုအခြေအနေများနှင့် မျိုးထိန်းမျိုးပွားသရုပ်ပြသမှု လုပ်ငန်းဆိုင်ရာများ၊ သဘာဝဘေးဒဏ်ခံဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးဖြန့်ဖြူးခြင်း၊ မြစိမ်းရောင်(အသားကဏ္ဍ) ကျေးရွာထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ ပျားမွေးမြူရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာနှစ်အလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသော တိုင်းဒေသကြီး ပြည်နယ်ဦးစီးဌာနမှူးများက ဒေသအလိုက် ဆောင်ရွက်လျက်ရှိသော မွေးမြူရေးနှင့်တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၆ မှ ၂၀၁၉ ခုနှစ်အတွင်း ကုန်သွယ်မှုဆိုင်ရာစစ်တမ်း၊ တိရစ္ဆာန်ကျန်းမာရေးစစ်တမ်း၊ မွေးမြူထုတ်လုပ်မှုဆိုင်ရာ စစ်တမ်းစသည့် စစ်တမ်း ၁၁ ခုကို ဆောင်ရွက်ခဲ့ပြီး အသားကဏ္ဍဆိုင်ရာ သုတေသနလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ပသို့တင်ပို့သည့် ကျွဲ၊ နွားကောင်ရေ ငါးသိန်းရှစ်သောင်းကျော်ကို ကျန်းမာရေးစစ်ဆေးပေးနိုင်ခဲ့သည်။

ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း ၁၃၀ ကြိမ်၊ ထုတ်လုပ်မှုသင်တန်း ၄၂၇ ကြိမ်၊ ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်း ၂၁၆ ကြိမ် စုစုပေါင်းသင်တန်း ၇၇၃ ကြိမ်မှ ဝန်ထမ်း ၁၉၀၁၈ ဦးတို့အား အရည်အသွေးမြှင့်တင်ပေးနိုင်ခဲ့ကာ မြို့နယ်ခြောက်ခုတွင် တိရစ္ဆာန်ကျန်းမာရေးလုပ်သားနှစ်ပတ်သင်တန်းကို ဖွင့်လှစ်၍ မွေးမြူရေးနှင့် အသားထုတ်လုပ်နိုင်မှု စွမ်းအားမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**MOALI ပြန်ကြားရေး**

---

စာ - ၁၀ စိုက်ပျိုးရေးဝင်ငွေ မှ

မျိုးဖြန့်ဝေဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ပုဂ္ဂလိကဆန်စက်လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုအပေါ် အားပေးကူညီဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့်ကိုရီးယားနိုင်ငံတို့အကြား နှစ်ဖက်သဘောတူညီမှုအရ ၂၀၂၁ ခုနှစ်တွင် ဖျာပုံမြို့နယ်တွင် Agriculture Service Center စတင်တည်ဆောက်ရန် စီမံထားမှုလုပ်ငန်းစဉ်များကိုလည်းကောင်း၊ Welthungerhilfe (WHH) မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စပါးမျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Rice Seed Sector Development Project - RSSD) မှ ထောက်ပံ့ပေးသည့် စက်ကိရိယာ၊ အဆောက်အဦ၊ တလင်းများဖြင့် မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းသို့ရောက်ရှိကြပြီး မျိုးစေ့အရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

**MOALI ပြန်ကြားရေး**

---

# မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန် ဇလဘူမိဗေဒ စာအုပ်မိတ်ဆက်ပွဲ ပြည်ထောင်စုဝန်ကြီး တက်ရောက် ဂုဏ်ပြု






နေပြည်တော် နိုဝင်ဘာ ၁၄

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြေအောက်ရေဌာနခွဲ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သြစတြေးလျနိုင်ငံသား ဇလဘူမိဗေဒပညာရှင် ဒေါက်တာ လီယိုနာဒ်ဝါရင့်ဒရူရီ ပြုစုထားသည့် မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဇုန်၏ ဇလဘူမိဗေဒစာအုပ် မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။(ပုံ)**

အဆိုပါအခမ်းအနားကို နေပြည်တော် Hilton Hotel ဟိုတယ်တွင် ယနေ့နံနက် ၉ နာရီက ကျင်းပရာ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်များ၊ သြစတြေးလျနိုင်ငံ သံရုံးပထမအတွင်းဝန် Mr.Alex Street ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ (Australian Aid)၊ သြစတြေးလျရေမိတ်ဖက်အဖွဲ့ (Australia Water Partnership - AWP)၊ Internationl Water Management Institute - IWMI၊ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ဗဟိုဌာန (International Center for Enviromental Management - ICEM)၊ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကမ္ဘာတစ်ဝန်းဖြစ်ပေါ်လျက်ရှိသော ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် သဘာဝအရင်းအမြစ်များကို လိုအပ်သည်ထက် အသုံးပြုခြင်း၊ လူတို့၏စီမံခန့်ခွဲမှု အားနည်းချက်များမှ စတင်ခဲ့ခြင်းဖြစ်ပြီး နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ရေချိုအရင်းအမြစ်များနှင့် မြေအောက်ရေသယံဇာတများစွာလျော့နည်းလာကာ ကျန်းမာရေးနှင့် လူမှုပြဿနာများစွာကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊

မိမိတို့နိုင်ငံတွင် ကျေးလက်ဒေသမှအစပြု၍ နိုင်ငံတစ်ဝန်း သောက်သုံးရေပြည့်ဝမှုနှင့် ရေအရင်းအမြစ်ဖွံ့ဖြိုးလာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊

အထူးအားဖြင့် အပူပိုင်းဇုန်ဒေသ

စာ - ၃ သို့

# စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စတုတ္ထအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူပွဲ ကျင်းပ





မဟာဘုံကထိန်အလှူပွဲသို့ ကြွရောက်တော်မူသော ဆရာတော်၊ သံဃာတော်များ

နေပြည်တော် နိုဝင်ဘာ ၇

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ရုံးအမှတ် ၃၆ ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်ဇနီး ဒေါ်ခင်သီတာ၊ ဒုတိယဝန်ကြီး ဦးလှကျော်၏ဇနီး ဒေါ်သန်းသန်းဌေး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ အရာထမ်း အမှုထမ်း ဝန်ထမ်းမိသားစုများ စုံညီစွာ တက်ရောက်ကြသည်။



မဟာဘုံကထိန်အလှူပွဲသို့ ကြွရောက်သော ဧည့်ပရိသတ်များ

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တသုတ်နှင့် ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စု ဝန်ကြီး ဒေါက်တာအောင်သူနှင့်ဇနီး ဒေါ်ခင်သီတာ (အပေါ်ဝဲပုံ)၊ ဒုတိယဝန်ကြီး ဦးလှကျော်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်ဇနီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်

၏ဇနီး ဒေါ်သန်းသန်းဌေး အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်က ကထိန် အနုမောဒနာတရားနှင့် ရေစက်ချ တရားများ ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး နှင့်ဇနီးအမှူးပြုသော ဧည့်ပရိသတ်များက ရေစက်သွန်းချ အမျှဝေပေးကြပြီး ပင့်သံဃာ ၁၈ ပါးတို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် စတုတ္ထ အကြိမ် စုပေါင်းမဟာဘုံကထိန် အလှူတော် မင်္ဂလာ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ လှူဒါန်းမှုမှာ ဝတ္ထုပစ္စည်းနှင့် နဝကမ္မ အလှူတော်ငွေ စုစုပေါင်း ၂၂၇၁၁၂၅၀ ကျပ် (ကျပ်နှစ်ရာ နှစ်ဆယ့်ခုနစ်သိန်းကျော်) တန်ဖိုး ရှိကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**



မဟာဘုံကထိန်အလှူပွဲသို့ ကြွရောက်သော ဧည့်ပရိသတ်များ

## လေးကေ့ကော်ဒေသတွင် အိမ်တွင်းမှုရော်ဘာပန်းအလှဆင်ခြင်းသင်တန်း မြဝတီမြို့နယ်တွင် ဖွင့်လှစ်




မြဝတီ အောက်တိုဘာ ၂၂

**အိမ်**တွင်းမှု ရော်ဘာပန်းအလှဆင်ခြင်း သင်တန်းဖွင့်ပွဲ ကို ယနေ့နံနက် ၉ နာရီက မြဝတီ ခရိုင် လေးကေ့ကော်ဒေသ Market Center ၌ ကျင်းပရာ ကရင်ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြပြီး အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ လက်တွေ့ သင်ကြား ပို့ချပေးသည်။

**မြတ်သဉ္ဇာလှိုင်**

## မြောက်ယမားရေလှောင်တမံ စိုက်ပျိုးရေရယူနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ပုလဲ အောက်တိုဘာ ၂၆

**ပုလဲ**မြို့နယ် မြောက်ယမား ရေလှောင်တမံ လက်ယာတိုးချဲ့ရေသောက်စနစ် ဧရိယာအတွင်း မိုးစပါးအောင်ရေရရှိရေးနှင့် စိုက်ပျိုးရေများ ရယူသုံးစွဲနိုင်ရေးအတွက် ရေပေးမြောင်း လက်တံ အမှတ် ၁၀ သို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ ယနေ့ ကွင်းဆင်းကာ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်နှင့်မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး ၄ မှ ဦးစီးအရာရှိ ဒေါ်နန်းငြိမ်းငြိမ်းနှင့်



ဝန်ထမ်းများသည် မြောက်ယမားရေလှောင် တမံအတွင်း ရေဝင်ရောက်မှု အခြေအနေ များနှင့် လက်ယာတိုးချဲ့ရေသောက်စနစ် ရေပေးမြောင်းလက်တံ အမှတ် ၁ မှ ၁၁ အထိ ကွင်းဆင်းကြည့်ရှုကြကာ တောင်သူ များ၊ ဝန်ထမ်းများ ညှိနှိုင်းဆွေးနွေး ကြသည်။(ပုံ)

**ကေခိုင်ယု(မုံရွာ)**

## ပဲတီစိမ်း ကွင်းသရုပ်ပြပွဲ ယင်းမာပင်မြို့နယ်တွင် ကျင်းပ

ယင်းမာပင် အောက်တိုဘာ ၂၉

**စစ်ကိုင်း**တိုင်းဒေသကြီး၊ စိုက်ပျိုးရေး ဦးစီးဌာန၊ Syngenta Foundation for Sustainable Agriculture (SFSA) နှင့် စိမ်းရောင်သမ်းသော စစ်ကိုင်းမြေကုမ္ပဏီလီမိတက် (GSR)တို့ ပူးပေါင်း၍ အရည်အသွေးမြင့် ပဲတီစိမ်းမျိုးကောင်းမျိုးသန့်ရွေးချယ်သုံးစွဲခြင်း ကွင်းသရုပ်ပြပွဲနှင့် ဈေးကွက် အလားအလာရှင်းလင်းပွဲ အခမ်းအနားကို ယင်းမာပင်မြို့နယ် လက်ကပြားကျေးရွာ တောင်သူ ဦးအုံ့ဘွယ်၏ ပဲတီစိမ်းစိုက်ခင်းတွင် ယနေ့ကျင်းပရာ ဌာနဆိုင်ရာများနှင့် မျိုးစေ့ထုတ် ကုမ္ပဏီတို့က ပဲတီစိမ်းစိုက်ပျိုးနည်းစနစ်များ၊ မျိုးရွေးချယ်ခြင်းနှင့် ဈေးကွက် အလားအလာများကို ရှင်းလင်းဆွေးနွေးပြီး တောင်သူ ၇၈ ဦး တက်ရောက်ကြသည်။

**ကေခိုင်ယု(မုံရွာ)**





# ဇွန်ပန်းဆေးဖက်ဝင်အာနိသင်နှင့် ကျန်းမာရေးအကျိုးကျေးဇူး

ကြေးမုံငယ်

**ဇွန်ပန်းပင်၏ အင်္ဂလိပ်အမည်မှာ Indian Jui Jasmine ဟုခေါ်ပြီး Juhi Juhi ဟုလည်း လူသိများကာ သိပ္ပံအမည်မှာ *Jasminum auriculatum* ဖြစ်ကာ မျိုးရင်း Oleaceae တွင် ပါဝင်၏။ ဇွန်ပန်းသည် အိန္ဒိယနိုင်ငံသားများအတွက် ဘာသာရေးဆိုင်ရာ အထွဋ်အမြတ်ထားသော ပန်းတစ်မျိုးအဖြစ် သတ်မှတ်အသုံးပြုကြ၏။**

### နောက်ခံသမိုင်း

ဇွန်ပန်းသည် အမြဲစိမ်းခြုံပင်မျိုးဖြစ်ပြီး အလွန်အံ့အားသင့်လောက်အောင် သင်းပျံ့မွှေးကြိုင်ပြီး ဆွဲဆောင်မှုရှိသော ရနံ့နှင့် လှပသောအဆင်းရှိသည့် ပန်းပွင့်ဖြူလေးများကြောင့် လူကြိုက်များပြီး ယင်းအပင်သည် နွေးသမပိုင်းနိုင်ငံများ၊ အပူပိုင်းနိုင်ငံများ၊ သမပိုင်းဒေသနိုင်ငံများဖြစ်သည့် ယူရေးရှား၊ သြစတြေးလျနိုင်ငံများနှင့် သမုဒ္ဒရာနှင့်ဆက်စပ်နိုင်ငံများတွင် စတင်ပေါက်ရောက်ဖြစ်ထွန်း၏။ ထိုမှတစ်ဆင့် အရှေ့တောင်အာရှနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း တွင်တွင်ကျယ်ကျယ် စိုက်ပျိုးကြ၏။ အရှေ့တောင်အာရှနိုင်ငံများတွင် စပယ်မျိုးစိတ်ပေါင်း ၂၀၀ ကျော်အထိရှိပြီး ဇွန်ပန်းသည်လည်း စံပယ်မျိုးရင်းဝင်တစ်မျိုးဖြစ်၏။

### အသွင်အပြင်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ

ဇွန်ပန်းပင်သည် အမြဲစိမ်းချုံနွယ်ပင်မျိုးဖြစ်၏။ လှပပြီးသေးငယ်သော အဖြူရောင်ဇွန်ပန်းပွင့်လေးများသည် သင်းပျံ့မွှေးကြိုင်သောရနံ့ဖြင့် ပြီးပြည့်စုံနေ၏။ ဇွန်ပန်းရွက်သည် အစိမ်းရင့်ရောင် ဘဲဥပုံသဏ္ဌာန်အရွက်ငယ်လေးများဖြစ်ပြီး အရွက်များသည် ဆန့်ကျင်ဘက်တစ်လှည့်စီထွက်ပြီး အရှည် ၃ ဒသမ ၅ စင်တီမီတာရှိပြီး အကျယ် ၁ ဒသမ ၅ စင်တီမီတာအထိ ရှိ၏။ ဘေးအကိုင်းအလက်မှထွက်သော အရွက်များသည် ပိုမိုသေးငယ်၏။ ပန်းခိုင်တွင် ပန်းဖူးများ အခိုင်လိုက် စုစည်းနေပြီး ထိပ်ဆုံးအပွင့် စတင်ပွင့်ကာ ဘေးအပွင့်များနောက်မှ လိုက်ပွင့်၏။ ပွင့်ဖတ်များသည် ၃ မီလီမီတာခန့်ရှည်လျားပြီး ပန်းပွင့်၏ရိုးတံမှာ ၅ မီလီမီတာခန့်ရှည်လျား၏။ အသီးမှာ အနက်ရောင်ဖြစ်ကာ အချင်းဝက် ၅ မီလီမီတာခန့်ရှိပြီး လုံးဝိုင်းသောပုံသဏ္ဌာန်ရှိ၏။

### ဇွန်ပန်းပင် စိုက်ပျိုးပုံ

ဇွန်ပန်းပင်ကို မြေကြီးတွင် ကိုင်းဖြတ်စိုက်ပျိုးခြင်းဖြစ်စေ၊ ပန်းအိုးထဲထည့်ပြီး စိုက်ပျိုးခြင်းဖြစ်စေ စိုက်ပျိုးနိုင်၏။ စိုက်ပျိုးမည့်မြေကို အစိုဓာတ်အမြဲတမ်းရှိနေအောင် ထိန်းထားပေးပါ။ ဇွန်ပန်းပင်သည် နေရောင်ခြည်ရရှိမှုကို နှစ်သက်သကဲ့သို့ အရိပ်ရရှိရန်လည်း လိုအပ်၏။ စိုစွတ်သောမြေကြီးကို နှစ်သက်သော်လည်း ရေဆင်းကောင်းပြီးအပင်ခြေ ရေမဝပ်ရန် ဂရုစိုက်ပေးသင့်၏။ တိုက်ခန်းများတွင် နေထိုင်သူများလည်း အိုးဖြင့်ထည့်သွင်းစိုက်ပျိုးနိုင်၏။ ပူပြင်းသည့် နွေရာသီတွင် ရေလိုအပ်ချက်ပိုများပြီး ဆောင်းရာသီတွင် မြေအစိုဓာတ်ရှိနေစေရန် ရေအသင့်အတင့်လောင်းပေးပြီး စိုက်ပျိုးနိုင်၏။ ပင်ခြေရေဝပ်ပါက အမြစ်ပုပ်ပြီး အရွက်များဝါလာတတ်၏။ ပန်းပွင့်ရန် နှောင့်နှေးနေသည်ဟု မှတ်ယူပါက ကိုင်းဖျားဖြတ်ပေးခြင်းကို ပြုလုပ်ပေးရန်လိုအပ်၏။ ပန်းပွင့်မှန်မှန်ပွင့်စေရန် အပွင့်အားပေးသည့် သဘာဝမြေဩဇာသော်လည်းကောင်း၊ ဓာတ်မြေဩဇာကိုသော်လည်းကောင်း ပမာဏနည်းနည်းနှင့် အချိန်မှန်မှန်ကျွေးပေးသင့်၏။ ဇွန်ပန်းပင်၏သဘာဝအရ အပူချိန် ၁၆ မှ ၃၂ ဒီဂရီစင်တီဂရိတ်အတွင်းရှိသည့် အခြေအနေမျိုးကို လွန်စွာနှစ်သက်၏။ ဇွန်ပန်းသည် ပူသောရာသီဥတုရှိသည့်အချိန် မိုးရွာသွန်းလိုက်သည့်အခါ လှိုင်လှိုင်ပွင့်လေ့ရှိ၏။ ဆောင်းဦးရာသီအထိပင် မိုးရွာသွန်းမှုကို ရရှိပါက ပန်းပွင့်နိုင်၏။ ဇွန်ပန်းပင်ကို ခြံထဲတွင်ဖြစ်စေ၊ အိမ်အတွင်းတွင်ဖြစ်စေ စိုက်ပျိုးထားပါက ပန်းပွင့်သည့်အချိန်တွင် သင်းပျံ့မွှေးကြိုင်လှသော ဇွန်ပန်းရနံ့များဖြင့် စိတ်ကြည်နူးမှုကို ရရှိစေနိုင်မည်ဖြစ်၏။ ဇွန်ပန်းများကို ဆေးဖက်ဝင်ရနံ့မွှေးဆီများ ထုတ်လုပ်ရန်အတွက်လည်းကောင်း၊ ဆေးဝါးအသုံးအဖြစ်လည်းကောင်း ရည်ရွယ်စိုက်ပျိုးကြ၏။ ဇွန်ပန်းတွင် ပါဝင်သည့် ဆေးဖက်ဝင်အာနိသင်ကြောင့် ယင်းကို အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် စီးပွားဖြစ်စိုက်ပျိုးကြ၏။ ဇွန်ပန်း၏ အဆင်းရနံ့ကြောင့်လည်း ဥယျာဉ်ခြံအလှစိုက်ပန်းအဖြစ်လည်း စိုက်ပျိုးကြ၏။

အိန္ဒိယနိုင်ငံတွင် ဇွန်ပန်းပင်စိုက်ပျိုးမှု တစ်ဟက်တာမှ တစ်နှစ်လျှင် ဇွန်ပန်းပွင့် နှစ်တန်မှ ကိုးတန်အထိ ထွက်ရှိပြီး ပျမ်းမျှရနံ့မွှေးဆီထုတ်လုပ်ရရှိမှုမှာ ၀ ဒသမ ၃ မှ ၀ ဒသမ ၄ ရာခိုင်နှုန်းခန့်သာရှိ၏။

### ဇွန်ပန်းရနံ့မွှေးဆီထုတ်လုပ်ပုံ

အိန္ဒိယနိုင်ငံတွင် ဇွန်ပန်းပွင့်ကို နံနက်မိုးသောက်အရုဏ်ဦးမှသည် မနက် ၁၀ နာရီအတွင်း ခူးဆွတ်လေ့ရှိပြီး အလွန်ပူသည့် ရာသီဥတုတွင် နံနက် ၃ နာရီမှ ၈ နာရီအတွင်း ခူးဆွတ်ကြသည်။ ဇွန်ပန်းအဖူးလေးမှသည် အပွင့်ဘဝသို့ ပြည့်ပြည့်ဝဝမရောက်ခင်အချိန် ပန်းငုံလေးဘဝတွင် ခူးဆွတ်ခြင်းဖြင့် ရနံ့မွှေးဆီထုတ်လုပ်မှုအတွက် အရည်အသွေးကို အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းပေးထားနိုင်၏။ မိုးရွာသွန်းလိုက်ပါက ဇွန်ပန်းပွင့်၏ မွှေးရနံ့များ မိုးနှင့်အတူ မျောပါသွားကာ ရနံ့မွှေးဆီထုတ်လုပ်ရန် အသုံးမပြုနိုင်တော့သော်လည်း နောက်ထပ် ပန်းပွင့်ဆက်လက်ဖူးပွင့်နိုင်ရန်အတွက် မိုးမိသွားသော ဇွန်ပန်းများကိုလည်း ခူးဆွတ်ဖယ်ရှားပစ်ရ၏။

အတွေ့အကြုံရှိ ဇွန်ပန်းခူးဆွတ်သူတစ်ဦး၏ ခူးဆွတ်နိုင်စွမ်းလက်ရည်မှာ တစ်နာရီအတွင်း ကီလိုဝက်ခန့်အထိ ရှိ၏။ သို့ရာတွင် ဇွန်ပန်းခူးသူအများစုမှာ အမျိုးသမီးငယ်များနှင့် ကလေးငယ်လေးများဖြစ်ကြသည့်အတွက် ယင်းတို့ခူးဆွတ်နိုင်သည့် ပမာဏမှာ ငါးနာရီအတွင်း နှစ်ကီလိုခန့် ခူးဆွတ်နိုင်၏။

ခူးဆွတ်ရရှိပြီးသော ဇွန်ပန်းပွင့်များကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ချက်ချင်းဆိုသလို လုပ်ဆောင်ရမည့်လုပ်ငန်းစဉ် အဆင့်အလိုက် ပြုလုပ်ပေးမှသာ ရနံ့မွှေးဆီအရည်အသွေးနှင့် ထုတ်လုပ်နိုင်မှုပမာဏကို ထိခိုက်မှုမရှိစေမည်ဖြစ်၏။ ခူးဆွတ်ခြင်းနှင့် ရနံ့မွှေးဆီထုတ်လုပ်မည့် လုပ်ငန်းစဉ်ပြုလုပ်မည့် အချိန်ကာလအတွင်း ခူးဆွတ်ပြီးသားပန်းများကို အေးမြပြီးအရိပ်ရသောနေရာတွင် ထားရှိပေးရပြီး ရနံ့မွှေးဆီထုတ်လုပ်မည့်စက်ရုံနှင့် ပန်းစိုက်ခင်းတို့သည်လည်း အတတ်နိုင်ဆုံး အနီးဆုံးအနေအထားဖြစ်အောင် စီစဉ်ထားရှိရ၏။ ခူးဆွတ်ရရှိလိုက်သော ဇွန်ပန်းငုံလေးများကို သန့်ရှင်းသည့် ပလတ်စတစ်အိတ်များထဲတွင် ထည့်သွင်းပြီး အထွက်နှုန်း၊ အရည်အသွေးနှင့် ရနံ့များ ပျယ်ပြယ်လျော့နည်းသွားခြင်းမရှိစေရန် အပူချိန် ၁၅ ဒီဂရီစင်တီဂရိတ်ရှိသည့်နေရာတွင် ထိန်းသိမ်းပေးရ၏။ ဇွန်ပန်းပွင့်များကို ပေါင်းခံခြင်းစနစ်အသုံးပြုပြီး ရနံ့မွှေးဆီကို ထုတ်လုပ်သော်လည်း ရရှိသည့်ရနံ့မွှေးဆီပမာဏမှာ အလွန်ပင် နည်းပါးလှ၏။

### ဇွန်ပန်းပင်၏ ဆေးဖက်ဝင်အသုံးများ

ဇွန်ပန်းပင်၏အမြစ်ကို ပွေးဝဲယားနာရောဂါများကုသရာတွင် အထိရောက်ဆုံးဆေးဝါးတစ်လက်အနေဖြင့် အသုံးပြုကြ၏။

နွယ်မြက်သစ်ပင်များကို ဆေးဖက်ဝင်ပရဆေးဝါးများအဖြစ် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လွန်ခဲ့သည့် ဆယ်စုနှစ် အနည်းငယ်ကတည်းကပင် အသုံးပြုလာခဲ့ကြ၏။ ကမ္ဘာ့ကျန်းမာရေးဦးစီးဌာန၏ အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေပမာဏ၏ ၆၅ မှ ၈၀ ရာခိုင်နှုန်းခန့်သည် ယင်းတို့၏ ကျန်းမာရေးအတွက် ရိုးရာဆေးဝါးများကို အဓိကကျန်းမာရေးစောင့်ရှောက်မှုအတွက် အသုံးပြုနေကြသည်ဟု ဖော်ပြထားသည်။ ပရဆေးပင်များသည် ကုန်ကျစရိတ်သက်သာခြင်း၊ ဘေးထွက်ဆိုးကျိုးအာနိသင်နည်းပါးခြင်းနှင့် သဘာဝအတိုင်းစိုက်ပျိုးဖြစ်ထွန်းခြင်းမှ ရရှိလာသည့်အပင်များကို ယင်းတို့၏ လူမှုရေး၊ ယဉ်ကျေးမှုတို့အရ ကျယ်ကျယ်ပြန့်ပြန့် လက်ခံအသုံးပြုလာကြ၏။ ဇွန်ပန်းပင်ကိုလည်း ဆေးဖက်ဝင်ပရဆေးအမယ်တစ်မျိုးအနေဖြင့် အာယုဗေဒဆေးကျမ်းအရ အိန္ဒိယနိုင်ငံတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုကြ၏။

ဇွန်ပန်းပင်၏ အရွက်၊ အပွင့်၊ အမြစ်တို့တွင် မျိုးဆက်ပွားရေးအတွက် လှုံ့ဆော်ပေးခြင်း၊ ပိုးသတ်ပေးခြင်း၊ သန်ကောင်တုတ်ကောင်များကို သေစေခြင်း၊ ရနံ့မွှေးကုထုံးအဖြစ်အသုံးပြုနိုင်ခြင်း၊ နှလုံးအားတိုးစေခြင်း၊ အသားမာတက်ခြင်းမှ ကာကွယ်ပေးခြင်း၊ ဆီးရွှင်စေခြင်း၊ အကြောပြေစေခြင်း၊ ရေအလွန်အမင်းငတ်ခြင်းမှ ကာကွယ်ပေးခြင်း၊ ကာလသားရောဂါတိုက်ဖျက်ပေးခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းကို ကျန်းမာစေခြင်း၊ ဆီးလမ်းကြောင်းပိတ်ခြင်း၊ ကျောက်ကပ်ကျောက်တည်ခြင်းမှ ကာကွယ်ပေးခြင်း၊ အရေပြားရောဂါများ၊ ပြည်တည်နာများနှင့် ထိခိုက်ဒဏ်ရာနာများကို ကုသပေးနိုင်ခြင်း အစရှိသည့် အစွမ်းထက်သည့် အာနိသင်များရှိသည့်အတွက် ရိုးရာတိုင်းရင်းဆေးများ၊ အာယုဗေဒဆေးများ၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များက ဆေးဖက်ဝင်အပင်အဖြစ် သတ်မှတ်ကာ ဆေးများဖော်စပ်အသုံးပြုလာခဲ့ကြ၏။

ဇွန်ပန်းပင်၏ အရွက်ကို ခံတွင်းအတွင်း ပြည်တည်နာများ၊ သွားဖုံးရောင်နာများ၊ သွားကိုက်သွားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်လုံးနာခြင်း၊ အစရှိသည့်ရောဂါများ ဖြစ်ပါက သက်သာစေရန် အသုံးပြုကြ၏။

ဇွန်ပန်းမှ ထုတ်လုပ်ရရှိသည့် ဓာတုဒြပ်ပေါင်းကို တီဘီအဆုတ်နာရောဂါကုထုံးအတွက် ဆေးဝါးဖော်ထုတ်ရာတွင် အသုံးပြုကြ၏။

ဇွန်ပန်း၏ သင်းပျံ့သောမွှေးရနံ့၊ နွေးထွေးမှုရှိသောအာနိသင်ကြောင့် ဇွန်ပန်းရနံ့မွှေးဆီသည် ထိခိုက်မခံနိုင်သော အရေပြားအမျိုးအစားများအတွက်ပါ အသုံးပြုနိုင်၏။ ယနေ့ခေတ် အလွန်အလုပ်များသောလူမှုဘဝတွင် တစ်နေ့တာတွင် စိတ်လှုပ်ရှားရသော အခြေအနေမျိုးစုံနှင့် ရင်ဆိုင်ရတတ်ကြ၏။ ယင်းအနေအထားကို ကာကွယ်ရန်အတွက် ဇွန်ပန်းရနံ့မွှေးဆီကို အသုံးပြုပေးခြင်းဖြင့် စိတ်ကို ငြိမ်းအေးချမ်းသာရှိနေစေမည်ဖြစ်၏။ ဇွန်ပန်းရနံ့မွှေးဆီကို အလှဆီနှင့် ရောစပ်ပြီး ကိုယ်ခန္ဓာအနှံ့လိမ်းကျံပြီးလျှင် အသာအယာ နှိပ်နယ်ပေးခြင်းဖြင့်လည်းကောင်း၊ ညအိပ်ရာဝင်ခါနီး ရေနွေးစိမ်သည့်အခါ ဇွန်ပန်းရနံ့မွှေးဆီထည့်သွင်းကာ စိမ်ပေးခြင်းဖြင့် စိတ်ဖိစီးမှုမှ သက်သာစေသည့်အပြင် အကြောလည်းပြေလျော့သက်သာစေ၏။ ယင်းသို့ပြုလုပ်ပေးခြင်းဖြင့် ကိုယ်ရောစိတ်ပါ လန်းဆန်းစေသည့်အပြင် လုပ်ငန်းခွင်အတွင်း မိမိကိုယ်တိုင် ယုံကြည်မှုရှိလာခြင်းနှင့် လုပ်ငန်းစွမ်းဆောင်နိုင်စွမ်းကို မြင့်တက်စေလာနိုင်ခြင်းအစရှိသည့် ကောင်းကျိုးများကို ရရှိစေနိုင်မည်ဖြစ်၏။

### ဇွန်ပန်းပင်၏အခြားသော အသုံးပြုပုံ

ဇွန်ပန်း၏ သင်းပျံ့မွှေးကြိုင်ပြီး ဆွဲဆောင်မှုရှိသောရနံ့နှင့် လှပသည့် ပန်းပွင့်ဖြူငယ်လေးများကြောင့် ယင်းကို မြေယာ အလှရှုခင်းပြုလုပ်သည့်အခါ ချုံငယ်စိုက်ခင်း၊ နွယ်ပင်စိုက်ခင်း၊ ချုံတန်းစည်းရိုးစိုက်ခင်း အစရှိသဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးပြုပြင်ကာ အလှဆင်စိုက်ပျိုးကြ၏။ အိန္ဒိယနိုင်ငံတွင် စပယ်မျိုးဝင်ပန်းမျိုးစုံကို ဘာသာရေးဝတ်ပြုဆုတောင်းခြင်းပြုလုပ်ရာတွင် တန်ဖိုးထား အသုံးပြုကြ၏။ စပယ်ပန်းမျိုးကွဲများတွင် တစ်ခုချင်းစီအလိုက် တိကျသောအမှတ်အသား သင်္ကေတရှိပြီး မတူညီသည့် ယဉ်ကျေးမှုများစွာအတွက် ချစ်ခြင်း၊ မြတ်နိုးခြင်း၊ ကြည်နူးဆွတ်ပျံ့ခြင်း၊ ရိုးသားဖြူစင်ခြင်း၊ ဖော်ရွေလိုက်လျောခြင်း အစရှိသော ခံစားမှုမျိုးစုံကို ပေးစွမ်းနိုင်၏။ ဟိန္ဒူဘာသာဝင်များအနေဖြင့် မင်္ဂလာဦးဧနီးမောင်နှံအတွက် ဇွန်ပန်းဖြင့် မင်္ဂလာပန်းကုံးသီကာ နှစ်တစ်ရာတိုင် မပျက်ပြယ်သော ချစ်ခြင်းမေတ္တာဖြင့် ပေါင်းဖက်နိုင်စေရေး အမှတ်အသားအနေဖြင့် ဆုတောင်းဆင်မြန်းပေးကြ၏။ ထို့ပြင်သာမက ဇွန်ပန်း၏ ဖြူစင်လှပသော အဆင်း၊ အံ့သြလောက်အောင် သင်းပျံ့မွှေးကြိုင်သောရနံ့များကြောင့် ကံကောင်းခြင်းကို ဆောင်ယူလာသည့် အတိတ်နိမိတ်အဖြစ် မှတ်ယူကာ ယင်းကို ဘာသာရေးပွဲတော်အခမ်းအနားများတွင် မဖြစ်မနေထည့်သွင်း အသုံးပြုကြ၏။ ဟိန္ဒူဘာသာဝင်များအနေဖြင့် ၎င်းတို့ကိုးကွယ်ယုံကြည်ကြသော နတ်ဘုရားများအလိုက် ဆက်ကပ်ရသည့် ဇွန်ပန်းအရေအတွက်ပမာဏ ကွဲပြားကြ၏။ ဇွန်ပန်းကို နတ်ဘုရားများထံ ကပ်လှူပူဇော်ပြီးနောက် မိသားစုအေးချမ်းသာယာပြီး ဘေးအန္တရာယ်ကင်းဝေးစေရန် ဆုတောင်းကြ၏။

ဇွန်ပန်း၏ အဆင်းရနံ့ကြောင့် ရှေးယခင်ကတည်းကပင် ဇွန်ပန်းများကို သီကုံးကာ ပန်းကုံးလုပ်ပြီး အမျိုးသမီးများ၏ ဆံကေသာထက်တွင် အမြတ်တနိုး ပန်ဆင်ကြ၏။ အထူးသဖြင့် အိန္ဒိယနိုင်ငံတောင်ပိုင်းဒေသတွင် နေထိုင်ကြသည့် ဟိန္ဒူအမျိုးသမီးများအနေဖြင့် ဇွန်ပန်းကို ပုံစံအမျိုးမျိုးသီကုံးကာ ဆံကေသာတွင် အလှဆင်ကြ၏။

မြန်မာနိုင်ငံတွင်လည်း ဇွန်ပန်းကို ပန်းကုံးအဖြစ်သီကုံးကာ မြတ်စွာဘုရားထံ ဆက်ကပ်လှူဒါန်းခြင်း၊ ပန်းပွင့်လေးများကို ဘုရားမျက်နှာသစ်တော်ရေတွင်

စာ - ၁၄ သို့

# ပဲတီစိမ်းမျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး ကွင်းသရုပ်ပြပွဲ ကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၂

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)နှင့် Syngenta Foundation for Sustainable Agriculture တို့ပူးပေါင်း၍ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ကုလားပဲစသည့်သီးနှံ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။**



ယင်းအစီအစဉ်တစ်ခုအဖြစ် ပဲတီစိမ်းသီးနှံ အထွက်ကောင်းမျိုးများ အထွက်ယှဉ်ပြိုင်ခြင်း၊ အရည်အသွေးကောင်းမျိုးစေ့နှင့် တောင်သူမျိုးစေ့များ ယှဉ်ပြိုင်စမ်းသပ်ထားသော သုတေသနလုပ်ငန်းများ ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံ၌ ကျင်းပသည်။

သုတေသနပညာရှင်များ သုတေသီများ၊ Syngenta Foundation for Sustainable Agriculture နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲတွင် စမ်းသပ်ကွက်တာဝန်ခံ ဒေါ်အိအိချိုက စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) က ထုတ်ဝေထားသော ပဲတီစိမ်းမျိုးလိုင်းများဖြစ်သည့် ရေဆင်း-၁၄၊ ရေဆင်း-၁၁ နှင့် အလားအလာကောင်းသော YM-13-1413-3၊ YM-13-1413-4 နှင့် YM-13-1413-5 စုစုပေါင်း ပဲတီစိမ်းမျိုးငါးမျိုး၏ အစေ့အရည်အသွေးနှင့် အထွက်နှုန်းသိရှိနိုင်ရန်အတွက် ယှဉ်ပြိုင်စိုက်ပျိုးပြသထားသည့် စမ်းသပ်ကွက်နှင့် ရေဆင်း-၁၄ ပဲတီစိမ်းမျိုးကို အရည်အသွေးကောင်းမျိုးစေ့ (တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံ)နှင့် တောင်သူမျိုးစေ့ (Farmer Saved Seed) တို့အား ယှဉ်ပြိုင်စိုက်ပျိုးပြသထားသော စမ်းသပ်ကွက်များနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပဲတီစိမ်းမျိုးကောင်းမျိုးသန့်ရရှိနိုင်ရေးအတွက် လိုက်နာကျင့်သုံးသင့်သည့်အချက်အလက်များနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် တောင်သူများ အမှန်တကယ်လိုအပ်သည့် ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များနှင့် စိုက်နည်းစနစ်များအား စဉ်ဆက်မပြတ် သုတေသနပြုလုပ်နေသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## တောင်သူလယ်သမားများသို့ အသိပေးကြေညာခြင်း

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ထားသည့် ရေလှောင်တမံများတွင် ယခုနှစ်မိုးရာသီ၌ ရေဝင်ရောက်မှု နည်းပါးလျက်ရှိပြီး အထူးသဖြင့် စိုက်ပျိုးရေ ပေးဝေခြင်းအပြင် ရေအားလျှပ်စစ်ပါ တွဲဖက်ထုတ်လုပ်လျက်ရှိသော သဖန်းဆိပ်၊ ကင်းတား၊ ဆည်တော်ကြီး၊ မြို့ကြီးစသည့် ဘက်စုံရေလှောင်တမံကြီးများတွင် တမံအတွင်း ရေလှောင်ပမာဏများမှာ ယခင်နှစ်ကာလတူ ပမာဏများနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းလျက်ရှိပါသည်။ အဆိုပါရေလှောင်တမံကြီးများမှာ လက်ရှိတွင် မိုးစပါးစိုက်ပျိုးရေ ပေးဝေလျက်ရှိပြီး ဒေသတွင်းသောက်သုံးရေလည်း လိုအပ်သလို ပေးဝေလျက် ရှိပါသည်။

ဤကဲ့သို့ ရေလှောင်ပမာဏများ လျော့နည်းနေမှုအခြေအနေများအရ မိုးကောင်းသောက်ဇရိယာမဟုတ်သော ဒေသများတွင် မိုးစပါးစိုက်ပျိုးရေဝေးဝေရသည့် ရေလှောင်တမံများအနေဖြင့် နှစ်စဉ် လျာထားစိုက်ပျိုးသည့် မိုးစပါးစိုက်ဧကများအပေါ် စိုက်ပျိုးရေကို အထူးခြိုးခြံချွေတာပြီး အလေအလွင့်မရှိ အနည်းဆုံးပမာဏဖြင့် ပေးဝေနိုင်ရန်အတွက် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရေသောက် တောင်သူများနှင့်ပူးပေါင်း၍ စီမံဆောင်ရွက်ပေးလျက် ရှိပါသည်။

မိုးစပါးအောင်ရေအထိ စိုက်ပျိုးရေးပေးဝေပြီးနောက်တွင် တမံအတွင်း ကျန်ရှိသိုလှောင်ရေပမာဏအပေါ်မူတည်၍ ဒေသသောက်သုံးရေလိုအပ်ချက်ကို ဦးစားပေးလျာထားပြီးမှ နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရေပေးဝေမည့်ဧကများကို လျာထားစီမံသွားရမည် ဖြစ်ပါသည်။

မိုးစပါးစိုက်ပျိုးရေပေးဝေနေရသည့် ရေလှောင်မံများတွင် ယခုလက်ရှိရေဝင်ရောက်မှု လျော့နည်းနေသည့် အခြေအနေအရ စိုက်ပျိုးရေရယူသုံးစွဲလျက်ရှိသော တောင်သူလယ်သမားများအနေဖြင့် ဆည်ရေကို အထူးခြိုးခြံချွေတာပြီး အလေအလွင့်မရှိအောင် ရယူသုံးစွဲကြရန်၊ ရေသောက်တောင်သူအချင်းချင်း ညီညွတ်မျှတသည့်စိတ်ဓာတ်ဖြင့် ဌာနမှသတ်မှတ်ထားသည့် ရေလှည့်ဇယားများအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေအခက်အခဲများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာဒေသရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းများနှင့် ဆက်သွယ်ပြီး ညှိနှိုင်းစီမံဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ယခုမိုးရာသီအကုန်၌ ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနှင့် သိုလှောင်ထားနိုင်မှုအခြေအနေများအပေါ်မူတည်၍ နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးရာသီတွင် ရေလိုအပ်ချက်နည်းသော သီးနှံပုံစံအတွဲကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်လာပါက တောင်သူလယ်သမားများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေး စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

**စာ-၁၃ ဖွှန်ပန်းဆေးဘက်ဝင် မှ**

ထည့်သွင်းလှူဒါန်းခြင်း၊ ပန်းမွှေ့ရာ၊ ပန်းခင်းလမ်းများ ပြုလုပ်လှူဒါန်းခြင်းများအဖြစ် ဆက်ကပ်အသုံးပြုကြသကဲ့သို့ အမျိုးသမီးငယ်များ၏ ဆံကေသာတွင် လည်း အလှပန်းအဖြစ် ပန်ဆင်ကြ၏။

ဖွှန်ပန်းမှထုတ်ယူရရှိသည့်ဖွှန်ပန်းဆီကို ဆံကေသာတွင် လိမ်းကျံပြီး မင်္ဂလာဘိသိက် မြောက်သည့်အခမ်းအနားတွင် အသုံးပြုကြ၏။ ဖွှန်ပန်းဆီကို ရေမွှေးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အမွှေးတိုင်လုပ်ငန်းများတွင် အသုံးပြုကြ၏။

ဖွှန်ပန်းပင်ကို ဥယျာဉ်ခြံထဲတွင်သာမက တိုက်ခန်းနေထိုင်သူများ၊ အဆောင်နေထိုင်သူများပါ ပန်းအိုးနှင့် အလွယ်တကူ စိုက်ပျိုးနိုင်၏။ ယင်းအပင်သည် အရိပ်ရော နေရောင်ခြည်ရရှိမှုကို လိုအပ်သည့်အတွက် အိမ်ဝရန်တာတွင် စိုက်ပျိုးထားပါက ပန်းပွင့်သည့်အခါ ယင်း၏ ချိုအီသင်းပျံ့သောရနံ့ဖြင့် တစ်အိမ်လုံး သင်းပျံ့ကြိုင်လှိုင်နေမည့်အပြင် တစ်ပိုင်တစ်နိုင် ပရဆေးဥယျာဉ်လေးအဖြစ်လည်း ဖန်တီးနိုင်မည်ဖြစ်၏။

ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အတွက် ဖွှန်ပန်းပင်ဆေးဖက်ဝင်အသုံးကို လုံလောက် သည့် သုတေသနပြုထားခြင်းမရှိသေးပေ။ **တန်ဆေး လွန်ဘေး၊ အစာလည်းဆေး၊ ဆေးလည်းအစာ** ဆိုသည့် စကားအတိုင်း သင့်တင့်လျောက်ပတ်သည့် ပမာဏအတိုင်း ချင့်ချိန်သုံးစွဲနိုင်သကဲ့သို့ တတ်ကျွမ်း နားလည်သူများ၏ ညွှန်ကြားချက်အတိုင်း အသုံးပြုသင့်၏။

**ကြေးမုံငယ်**

---

**စာ - ၆ ရိက္ခာဖူလုံစရာ မှ**

နှင့်ကြိတ်၍ ဆေးရည်ညှစ်ယူပြီး ရရှိလာသော ဆေးရည်နို့ဆီဘူးတစ်ဝက်ကို ရေလေးဂါလန်နှင့်ရော၍ တစ်ပတ်တစ်ကြိမ် ဖျန်းပေး နိုင်သည်။

**ဆိတ်ချေးဇီဝပိုးသတ်ဆေးရည်ပြုလုပ်ပုံမှာ** ဆိတ်ချေးတစ်ပြည်ကို ရေတစ်ဂါလန်တွင် တစ်ညစိမ်ကာ စိမ်ရည်ကို ပိတ်ပါးစ (သို့မဟုတ်) စွပ်ကျယ်စဖြင့် စစ်ယူပြီး ဆေးရည်နို့ဆီဘူးနှစ်ခွက်နှင့် ရေလေးဂါလန်ရော၍ ဖျန်းပေးနိုင်သည်။ အထူးသဖြင့် ဆိတ်တိုးကောင်ကို နိုင်နင်းသည်။ **လောက်သေရွက်ဇီဝပိုးသတ်ဆေး**ပြုလုပ်ပုံမှာ လောက်သေပင်အပင်နှင့်ဥ၂၅ ကျပ်သားကို နုပ်နုပ်စဉ်းကာ ရေတစ်ဂါလန်တွင် တစ်ညစိမ်ပြီး ဆေးရည်ကို စစ်ယူကာ ဆေးရည် တစ်လီတာနှင့်ရေလေးဂါလန်နှင့် ရော၍ ပက်ဖျန်းနိုင်သည်။ **လက်ဖက်စေ့ဇီဝပိုးသတ်ဆေးပြုလုပ်ပုံမှာ** လက်ဖက်စေ့ ၂၅ ကျပ်သားကို အမှုန့်ထောင်းကာ ရေတစ်ဂါလန်တွင် တစ်ညစိမ်ပြီး ဆေးရည်ကိုစစ်ယူကာ ဆေးရည်နို့ဆီဘူးနှစ်ဘူးကို ရေလေးဂါလန်နှင့်ရော၍ ဖျန်းနိုင်သည်။ **ဆေးပြင်းလိပ်တို ဇီဝပိုးသတ်ဆေး ပြုလုပ်ပုံမှာ** ဆေးပြင်းလိပ်တို ၃၀ ခုကို ရေတစ်လီတာတွင် တစ်ညသိပ်စိမ်ကာ ဆေးရည်ကို စစ်ယူပြီး ဆေးရည်နို့ဆီဘူးနှစ်ဘူးကို ရေလေးဂါလန်နှင့်ရော၍ ပက်ဖျန်းနိုင်သည်။

**ဓာတုပစ္စည်းမပါသည့် အထက်ပါဇီဝပိုးသတ်ဆေးရည်အမျိုးမျိုးမှာ တောင်သူလယ်သမားကြီးများ၏ဝန်းကျင်တွင် အလွယ်တကူရရှိနိုင်သောပစ္စည်းများနှင့် လွယ်လွယ်ပြုလုပ်၍ရသော ပိုးသတ်ဆေးများဖြစ်သည်။ ကုန်ကျစရိတ်လည်း အလွန်သက်သာကာ အပင်အဆိပ်သင့်မှုလည်း မရှိနိုင်ပေ။** အဆိုပါဇီဝ ပိုးသတ်ဆေးရည်အားလုံးသည် စပါး၊ ဂျုံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ကျရောက်ဖျက်ဆီးတတ်သော ကိုက်စားပိုး၊ စုပ်စားပိုး၊ ခြစ်စားပိုး၊ ထွင်းစားပိုး၊ မြေအောင်းပိုးများကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်သည်။ အဆိုပါနည်းလမ်းများကို ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနတွေ့ရှိချက်များနှင့် အင်တာနက်မှ ရှာဖွေတွေ့ရှိချက်များကို တောင်သူလယ်သမားကြီးများ အကျိုးငှာ ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

**မောင်ငြိမ်းအောင် (တန့်ဆည်)**

---

**စာ - ၄ ရေဝင်နည်းတဲ့ မှ**

စမ်းသပ်တွေ့ရှိထားတဲ့ သုတေသနရလဒ်အရ ရေလိုအပ်ချက်နည်းတဲ့ စပါးမျိုးများ ဆည်ရေသောက်ဒေသတွင် အစားထိုးစိုက်ပျိုးဖို့ ဖြစ်ပါတယ်။ ရေအသုံးချမှု ၃၀ ရာခိုင်နှုန်းသက်သာတယ်ဟု ဆိုပါတယ်။ နောက်တစ်ချက်ကတော့ ရေချွေတာပြီး စပါးစိုက်ပျိုးနည်းသုတေသနရလဒ် ဖြစ်ပါတယ်။ ၂၀၀၉-၂၀၁၀ ခုနှစ် နွေရာသီနဲ့ ၂၀၁၀-၂၀၁၁ ခုနှစ် နွေရာသီမှာ စပါးလေးမျိုးရဲ့ ရေစိုတစ်လှည့်၊ ခြောက်တစ်လှည့် ရေထိန်းစနစ်ဖြင့် စမ်းသပ်ခဲ့ရာ စပါးပင်ရဲ့ ကြီးထွားဖြစ်ထွန်းမှု၊ အပင်ရဲ့ ဇီဝကမ္မလက္ခဏာများ၊ အထွက်နှုန်းမိတ်ဖက်အချက်များ၊ စပါးအရည်အသွေးများပြောင်းလဲမှုမရှိဘဲ အထွက်နှုန်းတင်းရာကျော်ထွက်ရှိခဲ့ပြီး စုစုပေါင်းသွင်းရေပမာဏထက် ၃၅-၅၀ ရာခိုင်နှုန်းထိ ချွေတာနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ စမ်းသပ်ချက်တွင် လယ်မြေမှာ ရေမျက်နှာပြင်အောက် ၆ လက်မအနက်တွင် ရေမရှိချိန်၌ ရေ ၂ လက်မကို တစ်ကြိမ် ရေ ၂၀-၃၅ မီလီမီတာအကြိမ် ၂၀ သွင်းပေးဖို့နဲ့ မြေမျက်နှာပြင်အောက် ၁၂ လက်မအနက်မှာ ရေမရှိချိန်၌ ရေ ၂ လက်မကို တစ်ကြိမ် ရေ ၇၀-၁၂၂ မီလီမီတာနဲ့ ခုနစ်ကြိမ်သွင်းပေးရန် လိုအပ်ကြောင်း ထောက်ခံထားပါတယ်။ ရေကိုချွေတာသုံးတဲ့စနစ် ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ဆည်ရေသောက်ဒေသ ဆည်ရေမပေးနိုင်သောနေရာများမှာ အစားထိုးရန်သီးနှံများ၊ သက်တမ်းတိုမျိုးများဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနဲ့အစေ့ထုတ်ပြောင်းများ ဖြစ်ပါတယ်။ အထက်ပါသီးနှံများဟာ ရေလိုအပ်ချက်နည်းပြီး သဘာဝအရ မြေဆီလွှာအတွင်း မိုးရာသီက ကျန်ခဲ့သည့်အစိုဓာတ်နဲ့ပဲ အပင်ရှင်သန်ကြီးထွား၍ သီးနှံအထွက်ကောင်းများရရှိသည့် သတ္တိအစွမ်းရှိပြီး ဖြစ်ပါတယ်။ ပုံမှန်မိုးစပါးအပြီး ဆောင်းသီးထပ်စိုက်ပျိုးသလို စိုက်ပျိုးခြင်း ဖြစ်ပါတယ်။ ပဲတီစိမ်းမျိုးဆိုရင် ရေဆင်း - ၂ ပဲတီစိမ်း၊ ရေဆင်း-၈ ပဲတီစိမ်း၊ ရေဆင်း-၉ပဲတီစိမ်း၊ စိုက်ပျိုးရေး-၁ပဲတီစိမ်း၊ မတ်ပဲမျိုးများဆိုရင် ရေဆင်း-၃ မတ်ပဲ၊ ရေဆင်း-၅မတ်ပဲ၊ ပဲပုပ်မျိုးဆိုရင် ရေဆင်း-၃ ပဲပုပ်၊ ရေဆင်း-၅ပဲပုပ်၊ ရေဆင်း-၆ပဲပုပ်၊ ကုလားပဲမျိုးဆိုရင် ရေဆင်း-၄ ကုလားပဲ၊ ရေဆင်း-၆ ကုလားပဲ၊ မြေပဲမျိုးဆိုရင် မကွေး-၁၀၊ မကွေး-၁၁၊ မကွေး-၁၂၊ မကွေး-၁၅၊ ဆင်းပဒေသာ -၇၊ ဆင်းပဒေသာ-၁ မြေပဲမျိုးများ၊ နှမ်းမျိုးဆိုရင် ဆင်းရတနာ-၁(ဖြူ)၊ ဆင်းရတနာ-၂(အနက်)၊ ဆင်းရတနာ-၄(ဖြူ)နှမ်းမျိုးများ၊ နေကြာမျိုးများဆိုရင် ဆင်းရွှေကြာ-၁၊ ဆင်းရွှေကြာ-၂၊ ရေဆင်းစပ်မျိုးနေကြာမျိုးများ၊ ဆီထွက်ပဲပုပ်မျိုးများ ဆိုရင် SB-45၊ SB-60၊ CLARK၊ GC-2၊ GC-5၊ ပဲပုပ်မျိုးများနှင့် အစေ့ထုတ်ပြောင်းဆိုရင် ရေဆင်းစပ်မျိုး ၁၀ နဲ့ ၁၁ မျိုးများကို ရွေးချယ် အစားထိုးစိုက်ပျိုးနိုင်ကြပါတယ်။

ဒါကြောင့် ရာသီဥတုရဲ့ဖြစ်ပေါ်ဖန်တီးမှုအရ တည်ဆောက်ပြီးဆည်ကြီးများအတွင်း ရေဝင်ပမာဏလျော့နည်းသွားမှုအပေါ် ပေးဝေနိုင်တော့မယ့် ရေပမာဏနဲ့ တောင်သူလယ်သမားကြီးများ အကျိုးရှိရှိ စိုက်ပျိုးထုတ်လုပ်သင့်တဲ့သီးနှံများကို ပကတိမြေပြင်အခြေအနေနဲ့ အံဝင်ဂွင်ကျဖြစ်အောင် သက်ဆိုင်ရာဌာနများမှ တိကျရေရာသေချာတဲ့ အစီအမံများနဲ့ ပွင့်လင်းမြင်သာစွာ ချပြပံ့ပိုးပေးနိုင်ကြစေဖို့ တိုက်တွန်းလိုက်ရပါတယ်။

**မောင်အောင်ဆန်း (စိုက်ပျိုးရေး)**

# ပြည်တွင်းသီးနှံဈေးကွက်အခြေအနေ (လက်ကားဈေးနှုန်းများ) (ကျပ်)

## ရန်ကုန်-မန္တလေးဈေးကွက်

(ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဈေးနှုန်းများသည် တစ်ပိဿာပေါ်အခြေခံ၍ပြန်လည်တွက်ချက်ထားပါသည်။)

| ဆန်(အလတ်စ) | ရေတွက်ပုံ | ရန်ကုန်(ဘုရင့်နောင်ဆန်ပွဲရုံများ) ယခုအပတ် ၁၃-၁၁-၁၉ | ယခင်အပတ် ၆-၁၁-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ယခုအပတ် ၁၃-၁၁-၁၉ | ယခင်အပတ် ၆-၁၁-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန်(ရွှေဘိုပေါ်ဆန်း) (အလတ်စ) | တစ်တင်းခွဲ | ၅၈၀၀၀ | ၅၈၀၀၀ | | ၅၇၀၀၀ | ၅၇၀၀၀ | တူ |
| ဆန်(ဖျာပုံပေါ်ဆန်း)(အလတ်စ) | တစ်တင်းခွဲ | ၃၇၀၀၀ | ၃၇၀၀၀ | | ၄၉၀၀၀ | ၅၂၀၀၀ | ကျ |
| ဆန်(မနောသုခ)(အလတ်စ) | တစ်တင်းခွဲ | ၂၅၀၀၀ | ၂၅၀၀၀ | | ၂၄၀၀၀ | ၂၂၀၀၀ | တက် |
| ဆန်(ဇီယာ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၃၀၀ | ၁၉၃၀၀ | | ၂၂၀၀၀ | ၂၂၅၀၀ | ကျ |
| ဆန်(ဧည့်မထ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၀၀၀ | ၁၉၀၀၀ | | | | |
| ဆန် (ငစိန်) (အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | ၁၈၅၀၀ | ၂၀၀၀၀ | ကျ |
| ဂျုံမှုန့် | ၂၅ ပိဿာ | ၃၄၀၀၀ | ၃၄၀၀၀ | | | | |

| စားဖိုဆောင်သီးနှံများ | | ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၅၄၀၀ | ၅၄၀၀ | | ၅၂၃၃ | ၅၆၅၀ | ကျ |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၇၀၀ | ၅၇၀၀ | | ၅၂၃၃ | ၅၀၀၀ | တက် |
| ငရုတ်ခြောက် (အပွ) | ပိဿာ | ၈၀၀၀ | ၈၀၀၀ | | ၈၃၃၃ | ၈၃၃၃ | တူ |
| ကြက်သွန်နီ (အထူး ၄စမ) | ပိဿာ | ၂၅၀၀ | ၂၁၀၀ | တက် | ၂၆၀၀ | ၂၄၅၀ | တက် |
| ကြက်သွန်နီ(အလတ်၃-၄စမ) | ပိဿာ | ၂၄၀၀ | ၂၀၀၀ | တက် | ၂၄၀၀ | ၂၁၀၀ | တက် |
| ကြက်သွန်နီ (အသေး ၂စမ) | ပိဿာ | ၂၂၀၀ | ၁၈၀၀ | တက် | ၁၈၀၀ | ၁၄၅၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၃၅၅၀ | ၃၅၅၀ | | ၂၆၆၇ | ၂၆၆၇ | တူ |
| ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | ၂၉၀၀ | ၂၉၀၀ | | ၂၆၅၀ | ၂၇၅၀ | ကျ |
| ကြက်သွန်ဖြူ(မြေပြန့်) | ပိဿာ | | | | ၃၄၀၀ | ၃၀၀၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၇၅၀ | ၅၇၀ | တက် | ၈၅၀ | ၈၅၀ | တူ |
| အာလူး (အေဝမ်း) | ပိဿာ | ၆၅၀ | ၅၀၀ | တက် | ၆၅၀ | ၆၀၀ | တက် |
| ချင်း | ပိဿာ | ၂၈၀၀ | ၂၈၀၀ | | ၂၂၀၀ | ၂၀၀၀ | တက် |

| ဟင်းသီးဟင်းရွက်များ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ခရမ်းချဉ် (ရှမ်း) | သေတ္တာ | ၁၄၀၀၀ | ၁၆၅၀၀ | ကျ | ၁၄၀၀၀ | ၁၉၀၀၀ | ကျ |
| ခရမ်းချဉ် (မြေပြန့်) | ပိဿာ | ၁၁၀၀ | ၁၂၀၀ | ကျ | ၈၀၀ | | |
| ဂေါ်ဖီထုပ် (ရှမ်း) | ထုပ် | ၅၅၀ | ၆၀၀ | ကျ | ၄၅၀ | ၆၀၀ | ကျ |
| ပန်းမုန်လာ(ရှမ်း) | ထုပ် | ၅၀၀ | ၆၀၀ | ကျ | ၄၅၀ | ၃၀၀ | တက် |
| မုန်လာဥနီ (ရှမ်း) | ပိဿာ | ၁၃၀၀ | ၁၂၅၀ | တက် | ၁၂၀၀ | ၈၀၀ | တက် |
| သခွားသီး | ၁၀၀ လုံး | ၈၀၀၀ | ၁၀၀၀၀ | ကျ | ၈၀၀၀ | ၈၅၀၀ | ကျ |
| ငရုတ်စို (မိုးထောင်) | ပိဿာ | ၁၇၀၀ | ၁၆၀၀ | တက် | | | |
| ငရုတ်စို (ပီနန်) | ပိဿာ | ၃၅၀၀ | ၃၀၀၀ | တက် | | | |
| ငရုတ်စို (အရှည်) | | | | | ၁၇၀၀ | ၁၅၀၀ | တက် |
| ငရုတ်စို (လတ်) | | | | | ၂၆၀၀ | ၂၂၀၀ | တက် |
| ငရုတ်စို (လုံး) | | | | | ၁၇၀၀ | ၁၆၀၀ | တက် |
| စားပြောင်း | ၁၀၀ဖူး | ၂၁၀၀၀ | ၂၁၀၀၀ | | ၁၂၀၀၀ | | |
| ရုံးပတီသီး | ၁၀၀ တောင့် | ၁၀၀၀ | ၁၂၀၀ | ကျ | ၄၀၀ | ၄၀၀ | တူ |
| ဘူးသီး | လုံး | ၁၃၀၀ | ၁၀၀၀ | တက် | | | |
| ဂေါ်ရခါး | ၁၀လုံး | ၁၀၀၀ | ၁၀၀၀ | | ၁၀၀၀ | ၃၀၀ | တက် |
| ဘိုစားပဲ | ပိဿာ | | | | ၇၀၀ | ၅၀၀ | တက် |
| မုန်လာဥဖြူ | ၁၀လုံးစည်း | | | | ၂၀၀ | ၃၀၀ | ကျ |
| မုန်လာဥဖြူ | ပိဿာ | ၂၀၀၀ | ၁၅၀၀ | တက် | | | |
| ရွှေဖရုံသီး | လုံး | ၁၅၀၀ | ၂၀၀၀ | ကျ | ၈၀၀ | ၇၀၀ | တက် |

| သစ်သီးဝလံများ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငှက်ပျော (သီးမွှေး) | ဖီး | ၂၀၀၀ | ၂၀၀၀ | | ၄၀၀ | ၄၀၀ | တူ |
| ငှက်ပျော (ဖီးကြမ်း) | ဖီး | ၂၀၀၀ | ၂၀၀၀ | | ၅၀၀ | ၅၀၀ | တူ |
| ငှက်ပျော (ရခိုင်) | ဖီး | ၁၀၀၀ | ၁၀၀၀ | | ၅၀၀ | ၅၀၀ | တူ |
| နာနတ်သီး | တစ်လုံး | ၇၀၀ | ၈၀၀ | ကျ | ၄၀၀ | ၄၅၀ | ကျ |
| စပျစ်သီး (နီညို) | ပိဿာ | ၁၂၅၀ | | | ၁၀၀၀ | ၁၀၀၀ | တူ |
| ဩဇာသီး | ၁၀လုံး | ၄၅၀၀ | ၃၅၀၀ | တက် | | | |
| သခွားမွေး | ၁လုံး | | | | ၁၃၀၀ | ၆၀၀ | တက် |
| ဖရဲ | ၁လုံး | | | | ၁၀၀၀ | ၆၀၀ | တက် |
| ထောပတ်သီး | ၁၀ လုံး | ၅၀၀၀ | ၅၀၀၀ | | ၂၂၀၀ | ၂၀၀၀ | တက် |
| ပန်းသီး(တရုတ်) | တစ်သေတ္တာ | ၉၀၀၀ | ၁၀၀၀၀ | | | | |
| ပန်းသီး(တရုတ်) | ၁၀ လုံး | | | | ၁၅၀၀ | ၁၈၀၀ | ကျ |

**စားသုံးဆီ**

| | | ရန်ကုန်(ညောင်ပင်လေးဈေး) | |
|---|---|---|---|
| စားအုန်းဆီ (ကုမ္ပဏီ) | ပိဿာ | ၁၇၅၀ | တက် |
| စားအုန်းဆီ (လက်ကား) | ပိဿာ | ၁၈၀၀ | တက် |
| မြေပဲဆီ (ရန်ကုန်-ရှယ်) | ပိဿာ | ၇၀၀၀ | ကျ |
| မြေပဲဆီ (နယ်မှလာသောဆီ) | ပိဿာ | ၆၆၀၀ | ကျ |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၃၈၀၀ | ကျ |
| နှမ်း (အကြော်ခံ) | ပိဿာ | ၇၀၀၀ | ကျ |
| နှမ်း (ရိုးရိုး) | ပိဿာ | ၆၃၀၀ | ကျ |

**မန္တလေး(ကုန်စည်ဒိုင်)**

| | | | | |
|---|---|---|---|---|
| နံနံစေ့ | ပိဿာ | ၁၃၇၅၀ | ၁၃၇၅၀ | တူ |
| စမုန်နက် | ပိဿာ | ၃၂၀၀ | ၃၂၀၀ | တူ |
| ပဲဖတ် | ပိဿာ | ၁၁၀၇ | ၁၁၀၇ | တူ |
| နှမ်းဖတ် | ပိဿာ | ၁၀၅၀ | ၁၀၅၀ | တူ |
| **အခြားကုန်စည်ဈေးနှုန်းများ** | | | | |
| မြေပဲဆီ | ပိဿာ | ၆၂၅၀ | ၆၂၅၀ | တူ |
| နှမ်းဆီ | ပိဿာ | ၇၀၀၀ | ၇၀၀၀ | တူ |
| စားအုန်းဆီ | ပိဿာ | ၁၈၀၀ | ၁၇၃၅ | တက် |

## ပုသိမ်ဈေးကွက်

ဆန်စက်ပိုင်များ၏ စပါးဝယ်ဈေးနှင့် ဆန်ကုန်သည်များ၏ ဆန်လက်ကားရောင်းဈေး  စပါးတစ်တင်း= ၄၆ပေါင်

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၁၁-၁၉ | ၆-၁၁-၁၉ | | ရေတွက်ပုံ | ၁၃-၁၁-၁၉ | ၆-၁၁-၁၉ |
|---|---|---|---|---|---|---|---|
| စပါး (ပထမတန်းစား) | | | | ဆန် (ထိပ်စ) | | | |
| ဧရာဝတီပေါ်ဆန်း | ၁၀၀ တင်း | ၈၇၆၁၉၀ | ၈၇၆၁၉၀ | | တစ်တင်းခွဲ | ၃၅၀၀၀ | ၃၅၀၀၀ |
| ပေါ်ဆန်းရင် | ၁၀၀ တင်း | ၇၄၄၇၆၁ | ၇၄၄၇၆၁ | | တစ်တင်းခွဲ | ၃၃၀၀၀ | ၃၃၀၀၀ |
| ကောက်ညှင်းဖြူ (အသစ်) | ၁၀၀ တင်း | ၁၁၂၇၀၀၀ | ၁၁၂၇၀၀၀ | | တစ်တင်းခွဲ | ၅၉၅၀၀ | ၅၉၅၀၀ |
| ဖျာပုံပေါ်ဆန်း | ၁၀၀ တင်း | ၇၅၁၉၂၃ | ၇၅၁၉၂၃ | | တစ်တင်းခွဲ | ၃၄၀၀၀ | ၃၄၀၀၀ |
| စပါး (ဒုတိယတန်းစား) | | | | ဆန် (အလတ်စ) | | | |
| ရွှေသွယ်လေး | ၁၀၀ တင်း | ၇၃၆၀၀၀ | ၇၃၆၀၀၀ | | တစ်တင်းခွဲ | ၃၃၀၀၀ | ၃၃၀၀၀ |
| ရေမင်း | ၁၀၀ တင်း | ၇၃၆၀၀၀ | ၇၃၆၀၀၀ | | တစ်တင်းခွဲ | ၃၂၀၀၀ | ၃၂၀၀၀ |
| မနောသုခ | ၁၀၀ တင်း | ၅၇၀၄၀၀ | ၅၇၀၄၀၀ | | တစ်တင်းခွဲ | ၂၂၀၀၀ | ၂၂၀၀၀ |
| မီးကောက် | ၁၀၀ တင်း | ၅၈၈၈၀၀ | ၅၈၈၈၀၀ | | တစ်တင်းခွဲ | ၂၂၀၀၀ | ၂၂၀၀၀ |
| သီးထပ်ရင် | ၁၀၀ တင်း | ၄၆၀၀၀၀ | ၄၆၀၀၀၀ | | တစ်တင်းခွဲ | ၁၉၀၀၀ | ၁၉၀၀၀ |

## ရန်ကုန်ဈေးကွက် ရောင်းဝယ်ဖောက်ကားမှု အခြေအနေ

မြန်မာနိုင်ငံဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)မှ ၁၂.၁၁.၁၉ ရက် ထုတ်ပြန်သော ဆန်အမျိုးအစားအလိုက် ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်း တစ်တင်းခွဲအိတ် တစ်အိတ်လျှင် ၃၆၀၀၀ ကျပ်မှ ၃၉၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း တစ်တင်းခွဲအိတ် တစ်အိတ်လျှင် ၄၀၀၀၀ ကျပ်မှ ၄၃၀၀၀ ကျပ်၊ ပေါ်ကြွဲတစ်အိတ်လျှင် ၁၉၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်၊ ဧည့်မထဆန် တစ်အိတ်လျှင် ၁၈၅၀၀ ကျပ်မှ ၁၉၅၀၀ ကျပ်၊ မနောသုခဆန် တစ်အိတ်လျှင် ၂၄၅၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်၊ ငစိန်ဆန်တစ်အိတ်လျှင် ၁၉၀၀၀ ကျပ်မှ ၁၉၇၀၀ ကျပ်၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များမှ ထွက်ရှိသော ရွှေဘိုပေါ်ဆန်းဆန်များ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး တစ်တင်းခွဲအိတ် တစ်အိတ်လျှင် ၅၅၀၀၀ ကျပ်မှ ၆၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်ဖောက်ကားမှုရှိသဖြင့် ယခုတစ်ပတ်အတွင်း ဆန်အမျိုးအစားအားလုံး ဈေးနှုန်းပြောင်းလဲမှုမရှိ ဈေးတည်ငြိမ်နေကြောင်း သိရသည်။ ဈေးကွက်အတွင်း မိုးစပါးဆန်သစ်စတင်ဝင်ရောက်မှုရှိလာခြင်း၊ လှောင်လက်သမားများမှ ဝယ်လိုအားမရှိဘဲ ရန်ကုန်မြို့တွင်း လက်လီသမားများသာ ပုံမှန်ဝယ်ယူမှုရှိပြီး ယခင်တစ်ပတ်ထက် အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဆန်အမျိုးအစားအားလုံး ဈေးနှုန်းများပြောင်းလဲမှုမရှိကြောင်း သိရှိရသည်။ စားအုန်းဆီဈေးနှုန်းမှာ ပြည်ပမှ မှာယူတင်သွင်းရသော စားသုံးဆီတစ်မျိုးဖြစ်ပြီး နိုင်ငံခြား ငွေကြေးအတက်အကျနှင့် ဝယ်လိုအားအခြေအနေများကြောင့် ဈေးမြင့်တက်ခဲ့သည်။ ရန်ကုန်ဘုရင့်နောင်ဈေးကွက်၌ မတ်ပဲ(သင်္ဘောတင်)မှာ အိန္ဒိယတွင် မုန်တိုင်းမိုးရွာသွန်းနေခြင်းကြောင့် အိန္ဒိယဝယ်လက်များမှ ဝယ်လိုအားနည်းခဲ့ခြင်း၊ ကုန်စည်ဒိုင်ပိတ်ရက်များရှိ၍ အရောင်းအဝယ်အေးခြင်းနှင့် တောင်သူလှောင်လက်များမှ ရောင်းလိုအားများခြင်းတို့ကြောင့် အရောင်းအဝယ်အေးကာ ယခုသီတင်းပတ်အတွင်း ဈေးကျခဲ့သည်။

စားဖိုဆောင်သီးနှံများ ရောင်းဝယ်ဖောက်ကားမှုအခြေအနေအားဖြင့် ကြက်သွန်နီ(ထူး၊ လတ်၊ သေး)မှာ ဆိတ်ဖြူ၊ မုံရွာနှင့်မြင်းခြံဒေသများမှ ဝင်ရောက်မှုရှိသည်။ ထွက်ရှိရာဒေသမှ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့ရန်နှင့် စစ်တွေ၊ တောင်ကုတ်၊ ပြည်ဒေသများသို့တင်ပို့မှုရှိခဲ့ခြင်းကြောင့်လည်းကောင်း၊ သီးနှံအဟောင်းလက်ကျန်နည်းလာခြင်းနှင့် ဝယ်ဈေးမြင့်လာခြင်းတို့ကြောင့်လည်းကောင်း၊ မိုးရွာသွန်းမှုများခြင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်ပိတ်ရက်များရှိခြင်းတို့ကြောင့် ဈေးကွက်အတွင်း သီးနှံဝင်ရောက်မှုနည်းခြင်း၊ ဝယ်လိုအားကောင်းခြင်းတို့ကြောင့်လည်းကောင်း ဈေးမြင့်ခဲ့သည်။ အောင်ပန်းအာလူးနှင့် တရုတ်အာလူးများ ဈေးကွက်အတွင်း ဝင်ရောက်မှုနည်းခြင်း၊ စားသုံးရန်နှင့် အလှူပွဲများအတွက် ဝယ်လိုအားများခြင်းကြောင့် အာလူး(အိုကေ၊အေဝမ်း) ဈေးမြင့်ခဲ့သည်။ စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သည့် ချင်းတက်များ ဝင်ရောက်မှုများလာခြင်း၊ အစိုဓာတ်ပါဝင်မှု နည်းလာပြီး ခြောက်သွေ့မှုရှိလာသော်လည်း ပြည်ပမှဝယ်လိုအားနည်းချိန်ဖြစ်သောကြောင့် ယခုသီတင်းပတ်အတွင်း ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။

ဟင်းသီးဟင်းရွက်ဈေးနှုန်းအနေဖြင့် ခရမ်းချဉ်(ရှမ်း)မှာ အင်းသီးနှင့် အောင်ပန်းသီးများ ဝင်ရောက်မှုများလာခြင်း၊ မြေပြန့်ခရမ်းချဉ်မှာ ကျောက်ပန်းတောင်းသီးများ အဝင်နည်းသော်လည်း မုံရွာနှင့်မအူပင်ဒေသများမှ ဝင်ရောက်မှုရှိခြင်း၊ မြဝတီသီးများလည်း ဝင်ရောက်လာခြင်းတို့ကြောင့် ခရမ်းချဉ်(ရှမ်းနှင့်မြေပြန့်)သီးများ ဈေးနိမ့်ခဲ့သည်။ ငရုတ်စို (ရှည်နှင့်လတ်)မှာ တပ်ကုန်းဒေသမှ ဝင်ရောက်မှုနည်းချိန်ဖြစ်ခြင်း၊ ရေလမ်းသီးများ ဈေးကွက်ဝင်ရောက်မှု မရှိသေးခြင်းနှင့် စားသုံးသူမှ ဝယ်လိုအားကောင်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ရုံးပတီသီးမှာ ပုတီးကုန်း၊ နတ်တလင်း၊ ပြည်နှင့်မော်ဘီမြို့တို့မှ ဝင်ရောက်မှုများခြင်းကြောင့် အရည်အသွေးကောင်းသော်လည်း ဈေးနိမ့်ခဲ့သည်။ ဂေါ်ဖီထုပ်(ရှမ်း)နှင့် ပန်းမုန်လာ(ရှမ်း)တို့မှာ ကုန်အဝင်ပုံမှန်ရှိသော်လည်း ပွဲတော်ရက်များအပြီး အရောင်းအဝယ်နည်းလာခြင်းကြောင့်လည်းကောင်း၊ ပန်းမုန်လာမှာ အရွယ်အစားအကြီးများ ဝင်ရောက်မှုမရှိခြင်းနှင့် အရည်အသွေးညံ့ခြင်းတို့ကြောင့်လည်းကောင်း ဈေးကျခဲ့သည်။ စားပြောင်းမှာ နေပြည်တော် တပ်ကုန်းဒေသမှ ဝင်ရောက်မှုနည်းလာချိန်ဖြစ်ခြင်း၊ ညောင်တုန်းဒေသထွက်ကုန်များလည်း ဝင်ရောက်မှုမရှိသေးခြင်းတို့ကြောင့် ဈေးကွက်အတွင်း ကုန်အဝင်နည်းကာ ဈေးမြင့်ခဲ့သည်။ သစ်သီးဝလံဈေးနှုန်းများ အနေဖြင့် ယခုသီတင်းပတ်အတွင်း လိမ္မော်သီးမှာ အလတ်စများသာ ဝင်ရောက်မှုများလာခြင်းနှင့် အရောင်းအဝယ်အေးခြင်းတို့ကြောင့် လည်းကောင်း၊ ပန်းသီး (တရုတ်)မှာ ဝင်ရောက်မှုများခြင်း၊ ပွဲရုံလက်ကျန်များခြင်း၊ ရောင်းလိုအားများခြင်းနှင့် အရောင်းအဝယ်အေးခြင်းတို့ကြောင့်လည်းကောင်း ဈေးနိမ့်ခဲ့သည်။

ဖြူမာချို (ရန်ကုန်ဈေးကွက်တာဝန်ခံ)

## ပဲမျိုးစုံ (၃ တင်းအိတ်)

| ပဲမျိုးစုံ (၃ တင်းအိတ်) | | ယခုအပတ် ၁၃-၁၁-၁၉ | ယခင်အပတ် ၆-၁၁-၁၉ | တက်/ကျ |
|---|---|---|---|---|
| **ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၄၄၃၅ | ၂၅၅၁၅ | ကျ |
| မတ်ပဲ (သင်္ဘောတင်) | မ တန် | ၁၁၃၅၀၀၀ | ၁၃၃၀၀၀၀ | ကျ |
| ပဲတီရွှေဝါ | ၆၀ ပိဿာ | ၁၁၇၄၅၀ | ၁၁၂၀၅၀ | တက် |
| ပဲလွမ်းဖြူ | ၆၀ ပိဿာ | ၇၂၄၅၀ | ၇၂၄၅၀ | |
| ကုလားပဲ ( လုံး/ဝါ/ကြီး) | ပိဿာ | ၁၃၁၀ | ၁၃၁၈ | ကျ |
| ပဲစင်းငုံ (သင်္ဘောတင်) | မ တန် | ၈၂၅၀၀၀ | | |
| ဘိုကိတ် | ၆၀ ပိဿာ | ၇၄၄၀၀ | ၇၄၄၀၀ | |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၆၂၁၀၀ | ၆၁၅၀၀ | တက် |
| ထောပတ်ပဲ | ၆၀ ပိဿာ | ၁၀၁၇၀၀ | ၁၀၆၉၅၀ | ကျ |
| **မန္တလေး(ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၁၂၅၀ | ၂၁၅၀၀ | တူ |
| ဂျုံ (မုံရွာ) | ၆၀ ပိဿာ | ၅၂၅၀၀ | ၅၂၅၀၀ | တူ |
| ဂျုံ (ရှမ်း) | ၆၀ ပိဿာ | ၄၉၀၀၀ | ၄၉၀၀၀ | တူ |
| မတ်ပဲ (ပြည်တွင်း) | ၆၀ ပိဿာ | ၉၀၀၀၀ | ၁၀၉၀၀၀ | ကျ |
| ပဲတီစိမ်း (ရွှေဝါ) | ၅၆ .၂၅ပိဿာ | ၁၁၄၀၀၀ | ၁၁၄၀၀၀ | တူ |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၄၉၀၀၀ | ၄၉၀၀၀ | တူ |
| ပဲပုပ် (ရှမ်း) | ၆၀ ပိဿာ | ၅၀၃၃၃ | ၅၀၃၃၃ | တူ |
| ပဲစင်းငုံ(နီ) | ၆၀ ပိဿာ | ၉၃၀၀၀ | ၉၀၀၀၀ | တက် |
| ပဲလွမ်းဖြူ | ၆၀ ပိဿာ | ၆၉၀၀၀ | ၆၉၀၀၀ | တူ |
| ကုလားပဲ (လုံးဝါကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၇၉၀၀၀ | ၈၀၀၀၀ | ကျ |
| ကုလားပဲ (လုံးဖြူကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၇၇၅၀၀ | ၇၉၂၅၀ | ကျ |
| စားတော်ပဲ (ကျွန်း) | ၅၉ .၂၅ ပိဿာ | ၈၅၀၀၀ | ၈၅၀၀၀ | တူ |
| ပဲလွမ်းပြာ | ၃ တင်း (၅၄ ပိဿာ) | ၆၈၃၃၃ | ၆၈၃၃၃ | တူ |
| ပဲကြီး (လုံးကြီး) | ၅၅ .၂၅ ပိဿာ | ၁၀၄၀၀၀ | ၁၀၄၀၀၀ | တူ |
| ပဲယင်း | ၆၀ ပိဿာ | ၇၉၀၀၀ | ၇၇၀၀၀ | တက် |
| ထောပတ်ပဲ(လုံးကြီး) | ၅၆ .၂၅ ပိဿာ | ၇၈၅၀၀ | ၇၈၅၀၀ | တူ |
| မြေပဲဆန် (လုံးဆန်) | ၁၀၀ ပိဿာ | ၃၀၅၀၀၀ | ၃၁၀၀၀၀ | ကျ |
| မြေပဲဆန် (ဆီဆန်) | ၁၀၀ ပိဿာ | ၂၅၅၀၀၀ | ၂၅၅၅၀၀ | ကျ |
| ပန်းနှမ်း | ၄၅ ပိဿာ | ၆၈၅၀၀ | ၆၈၅၀၀ | တူ |
| နေကြာ | ၂၇ ပိဿာ | ၅၂၅၀၀ | ၅၂၅၀၀ | တူ |
| နှမ်းနက် | ၄၅ ပိဿာ | ၂၃၂၅၀၀ | ၂၃၂၅၀၀ | တူ |

## ပခုက္ကူဈေးကွက်

| သီးနှံ | ရေတွက်ပုံ | ၁၃-၁၁-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၅၀၀၀ | ကျ |
| ဇီယာ | တစ်တင်းခွဲ | ၂၁၅၀၀ | ကျ |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၀၃ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | ၁၉၄၇ | |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၄၄၅ | ကျ |
| ကုလားပဲ (လုံးဖြူကြီး) | ပိဿာ | ၁၃၆၈ | |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆန်) | ပိဿာ | ၂၇၀၀ | ကျ |
| မြေပဲဆန် (ဆီဆန်) | ပိဿာ | ၂၆၀၀ | တက် |
| နှမ်းဝါ | ပိဿာ | ၃၁၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၂၄၇၅ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၂၃၇၅ | တက် |
| ကြက်သွန်နီ (သေး) | ပိဿာ | ၂၂၇၅ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၆၃၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၇၂၀ | |

## မြင်းခြံဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၁၁-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်နှင့် အစေ့ထုတ်ပြောင်း** | | | |
| ပေါ်ဆန်း | တစ်တင်းခွဲ | ၄၁၅၀၀ | – |
| မနောသုခ | တစ်တင်းခွဲ | ၂၃၅၀၀ | ကျ |
| ပြောင်း (စီပီ) | ပိဿာ | ၃၉၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | ၁၅၅၀ | – |
| ပဲပုပ် | ပိဿာ | ၉၂၅ | – |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၄၂၅ | တက် |
| ကုလားပဲလုံးဝါ (ကြီး) | ပိဿာ | ၁၄၁၀ | – |
| ကုလားပဲလုံးဖြူ (ကြီး) | ပိဿာ | ၁၃၇၅ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၂၉၅၀ | – |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၅၇၅ | – |
| နှမ်းညို | ပိဿာ | ၂၉၅၀ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၇၀၀၀ | – |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၂၂၅၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၃၀၀၀ | – |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၃၁၅၀ | တက် |
| ကြက်သွန်ဖြူ (မြေပြန့်) | ပိဿာ | ၃၂၀၀ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၈၅၀ | – |
| နှမ်းဆီ | ပိဿာ | ၆၂၅၀ | ကျ |
| စားအုန်းဆီ | ပိဿာ | ၁၆၇၀ | ကျ |

## မော်လမြိုင်ဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၁၁-၁၉ | တက်/ကျ |
|---|---|---|---|
| ရာဘာ (RSS-3) | ၁ပေါင် | ၇၄၀ | တက် |
| **ဆန်** | | | |
| ပေါ်ဆန်း (ရွှေဘို ) | တစ်တင်းခွဲ | ၆၆၀၀၀ | |
| ပေါ်ဆန်း (ဒေသ) | တစ်တင်းခွဲ | ၂၉၅၀၀ | |
| ဧည့်မထ | တစ်တင်းခွဲ | ၁၉၀၀၀ | |
| ကမာကြည် (အလတ်စ) | တစ်တင်းခွဲ | ၂၀၀၀၀ | |
| ကောက်ကြီး (အလတ်စ) | တစ်တင်းခွဲ | ၂၃၀၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ပိဿာ | ၁၇၂၅ | ကျ |
| ပဲတီစိမ်း | ပိဿာ | ၁၈၁၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၇၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၉၅၀ | တက် |
| ပုဇွန်၂ကောင်ပုံး | ၁၀ ပိဿာ | ၂၅၈၀၀ | တက် |
| အခြားတံဆိပ်ပုံးများ | ၁၀ ပိဿာ | ၂၀၀၀၀ | တက် |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၈၅၀ | ကျ |
| ကြက်သွန်နီ (အလတ်) | ပိဿာ | ၁၉၇၅ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၃၇၀၀ | |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၂၉၀၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၈၅၀ | |
| အာလူး (အေဝမ်း) | ပိဿာ | ၈၀၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (မြေပြန့်) | ၁၈ ပိဿာ | | |
| ခရမ်းချဉ် (မြဝတီ) | ၁၈ ပိဿာ | ၁၈၀၀၀ | တက် |
| ခရမ်းချဉ် (ရှမ်း) | ၁၈ ပိဿာ | ၁၈၀၀၀ | |
| ပန်းဂေါ်ဖီ (ရှမ်း) | ပွင့် | ၆၀၀ | ကျ |
| ဂေါ်ဖီထုပ် (ရှမ်း) | ၂၀ပိဿာ | ၉၀၀၀ | တက် |
| မုန်လာဥနီ (မြဝတီ) | ပိဿာ | ၁၁၅၄ | |
| ချင်း | ပိဿာ | ၂၀၀၀ | |

## မုံရွာမြို့ ကုန်စည်ဒိုင်

| သီးနှံ | ရေတွက်ပုံ | ၁၃-၁၁-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၅၀၀၀ | ကျ |
| ရေမင်း | တစ်တင်းခွဲ | ၄၅၀၀၀ | |
| အိုင်အာ – ၇၄၇ | တစ်တင်းခွဲ | ၂၁၇၅၀ | တက် |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်းတောင်) | ၂၀ ပိဿာ | ၁၆၀၀၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၄၀၀ | ကျ |
| နှမ်းဆီ | ပိဿာ | ၆၂၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၈၄၀ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆံ) | ပိဿာ | ၂၆၅၀ | တက် |
| မြေပဲဆန် (ဆီဆံ) | ပိဿာ | ၂၄၀၀ | တက် |
| နှမ်းဝါ | ၁၅ ပိဿာ | ၄၆၀၀၀ | တက် |
| နှမ်းနီ | ၁၅ ပိဿာ | ၄၅၀၀၀ | |
| နှမ်းနက် | ၁၅ ပိဿာ | ၇၃၅၀၀ | တက် |
| ပန်းနှမ်း | ၁၅ ပိဿာ | ၂၂၀၀၀ | |
| မုန်ညင်းစေ့ | ၁၆ ပိဿာ | ၁၈၅၀၀ | |
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ၁၈ ပိဿာ | ၇၂၀၀ | တက် |
| ဂျုံဖြူသန့် | ၂၀ ပိဿာ | ၁၇၂၅၀ | |
| ဂျုံထွက်တိုး | ၂၀ ပိဿာ | ၁၅၇၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ၂၀ ပိဿာ | ၃၂၀၀၀ | ကျ |
| ပဲတီစိမ်း (ကြီး) | ၁၉ ပိဿာ | ၃၃၅၀၀ | တက် |
| ပဲပုပ် | ၂၀ ပိဿာ | ၁၈၃၀၀ | |
| ပဲစင်းငုံ (နီ) | ၂၀ ပိဿာ | ၂၇၇၅၀ | |
| ကုလားပဲလုံးဝါကြီး | ၁၉ ပိဿာ | ၂၅၀၀၀ | တက် |
| ကုလားပဲလုံးဖြူကြီး | ၁၉ ပိဿာ | ၂၇၂၀၀ | တက် |
| စားတော်ပဲ | ၂၀ ပိဿာ | ၂၃၀၀၀ | |
| ပဲလွမ်းပြာ | ၁၈ ပိဿာ | ၁၉၀၀၀ | ကျ |
| ပဲကြီး | ၁၈ ပိဿာ | ၂၇၇၅၀ | ကျ |
| နံနံစေ့ | ၁၈ ပိဿာ | ၁၃၇၅၀ | တက် |

| သကြားဈေးနှုန်း | ရန်ကုန် ၁၃-၁၁-၁၉ | ရန်ကုန် ၆-၁၁-၁၉ | မန္တလေး ၁၃-၁၁-၁၉ | မန္တလေး ၆-၁၁-၁၉ |
|---|---|---|---|---|
| သကြား(အထက်စ)ပိဿာ | ၁၂၀၀ | ၁၂၀၀ | ၉၅၀ | ၉၅၀ |
| သကြား(အလတ်စ)ပိဿာ | ၁၁၅၀ | ၁၁၅၀ | – | – |
| သကြား(အောက်စ)ပိဿာ | ၁၁၀၀ | ၁၁၀၀ | ၉၃၀ | ၉၃၀ |

## အင်းလေး

ကောက်ယူချိန် ၁၀း၃၀မှ၁၁း၃၀နာရီ
ကောက်ယူသည့်နေ့စွဲ ၁၀ - ၁၁ -၂၀၁၉

ယခုတစ်ပတ် ရွှေပြည်စိုး၊ ချယ်ရီပန်း၊ အောင်မြန်မာနှင့် နန်းဝင်းပွဲရုံများတွင် အင်းလေးခရမ်းချဉ် (ပင်သစ်) တစ်တင်းပိဿာ၃၀လျှင် ၂၉၅၀၀ ကျပ်၊ ခရမ်းချဉ် (ပုံမှန်) တစ်တင်း ပိဿာ ၃၀လျှင် ၂၅၀၀၀ ကျပ်၊ ခရမ်းချဉ် (ပင်ကျ) တစ်တင်း ပိဿာ ၃၀ လျှင် ၂၂၀၀၀ ကျပ် ဈေးရှိသည်။ ညောင်ရွှေလေ့ဆိပ်တွင် အမှည့်တစ်ပိဿာလျှင် ၁၂၀၀ ကျပ် ဈေးရှိသည်။ ညောင်ရွှေမှ ရန်ကုန်သို့ နေ့စဉ် ၁၂ဘီးကား ၅ စီးခန့် တင်ပို့လျက်ရှိပြီး သယ်ယူစရိတ်ကားခမှာ တစ်သေတ္တာလျှင် ၁၀၀၀ ကျပ်၊ ရန်ကုန်ဈေးနှုန်းမှာ တစ်သေတ္တာ ၁၇ပိဿာလျှင် ၂၁၅၀၀ ကျပ်၊ မန္တလေးသို့ နေ့စဉ် ၁၂ဘီးကား ၈ စီး၊ သယ်ယူစရိတ်ကားခမှာ အသွားအပြန် ၁၁၀၀ ကျပ်၊ မန္တလေးဈေးနှုန်းမှာ တစ်သေတ္တာ ၂၀ပိဿာလျှင် ၂၇၀၀၀ ကျပ် ဈေးရှိသည်။ အင်းလေးခရမ်းချဉ်နှင့် ဗမာသီးများ အထွက်နည်းလာခြင်း၊ အဝေးကားများ လာရောက်ဝယ်ယူမှုရှိခြင်း၊ အရောင်းအဝယ်ကောင်းခြင်းတို့ကြောင့် အင်းသီးဈေးတက်သည်။

ဒေသတွင်း လက်လီရောင်းဈေးမှာ တစ်ပိဿာလျှင် ၂၀၀၀ ကျပ် ဖြစ်သည်။

# ပြည်တွင်း၊ ပြည်ပသီးနှံဈေးကွက်အခြေအနေ

## နေပြည်တော်ဈေးကွက်လယ်ယာထွက်ကုန်ဈေးနှုန်းများ

တနင်္ဂနွေနေ့တိုင်း ကောက်ယူသည်

| | | ပျဉ်းမနား ၁၀-၁၁-၁၉ | တက်/ကျ | တပ်ကုန်း ၁၀-၁၁-၁၉ | တက်/ကျ | လယ်ဝေး ၁၀-၁၁-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန် (အလတ်စ) (တစ်တင်းခွဲပိဿာ၃၀) | ပေါ်ဆန်း | ၄၂၅၀၀ | တူ | ၄၂၀၀၀ | တူ | ၅၂၀၀၀ | |
| | မနောသုခ (ရန်ကုန်) | ၂၇၀၀၀ | | ၂၇၀၀၀ | | ၂၇၀၀၀ | တက် |
| | မနောသုခ (ဒေသ) | ၂၉၀၀၀ | | ၂၄၀၀၀ | | ၂၇၀၀၀ | |
| | သုခထွန်း (ဒေသ) | | | ၁၉၀၀၀ | | ၂၅၀၀၀ | တက် |
| | ဧယာ | ၂၅၅၀၀ | | ၂၀၀၀၀ | | ၂၆၀၀၀ | |
| စားဖိုဆောင်သီးနှံ (ပိဿာ) | ငရုတ်ခြောက် (ရှည်) | ၇၀၀၀ | | ၈၀၀၀ | တက် | ၇၅၀၀ | |
| | ငရုတ်ခြောက် (မိုးထောင်) | ၇၀၀၀ | | ၇၀၀၀ | တက် | ၇၅၀၀ | |
| | ငရုတ်ခြောက် (ပွ) | ၁၂၀၀၀ | တက် | ၁၂၀၀၀ | တက် | ၁၂၀၀၀ | |
| | ကြက်သွန်ဖြူ (ရှမ်း-လတ်) | ၃၅၀၀ | ကျ | ၃၂၀၀ | တက် | ၄၀၀၀ | |
| | ကြက်သွန်ဖြူ (ကြူကုတ်) | ၃၈၀၀ | ကျ | ၂၈၀၀ | | ၃၂၀၀ | ကျ |
| | ကြက်သွန်နီ (ကြီး) | ၃၂၀၀ | တက် | ၃၂၀၀ | | ၃၅၀၀ | တက် |
| | ကြက်သွန်နီ (လတ်) | ၃၀၀၀ | တက် | ၂၈၀၀ | | ၃၂၀၀ | တက် |
| | ကြက်သွန်နီ (သေး) | ၂၈၀၀ | တက် | ၂၅၀၀ | တက် | ၃၀၀၀ | တက် |
| | အာလူး (ကြီး) | ၁၅၀၀ | | ၁၃၀၀ | | ၁၅၀၀ | |
| | အာလူး (လတ်) | ၁၂၀၀ | | ၁၀၀၀ | | ၁၄၀၀ | |
| | အာလူး (သေး) | ၁၀၀၀ | တက် | ၈၀၀ | | ၁၃၀၀ | |
| စားသုံးဆီ (ပိဿာ) | မြေပဲဆီ (ရှယ်) | ၇၃၀၀ | တူ | ၆၅၀၀ | | ၈၀၀၀ | တူ |
| | မြေပဲဆီ (ရိုးရိုး) | ၃၀၀၀ | | ၃၀၀၀ | | ၃၅၀၀ | |
| | နှမ်းဆီ (ရှယ်) | ၇၅၀၀ | | ၇၅၀၀ | | ၈၀၀၀ | |
| | နှမ်းဆီ (ရိုးရိုး) | ၃၀၀၀ | | ၃၅၀၀ | | ၃၅၀၀ | |
| | စားအုန်းဆီ (ကန်ဆီ) | ၁၈၀၀ | | ၁၆၀၀ | ကျ | ၁၈၀၀ | |
| ဟင်းသီးဟင်းရွက် | ခရမ်းချဉ် (ပိဿာ) | ၁၃၀၀ | တက် | ၂၅၀၀ | တက် | ၁၆၀၀ | တက် |
| | ရွှေပဲသီး (ပိဿာ) | ၂၈၀၀ | | ၄၃၀၀ | ကျ | ၅၀၀၀ | တက် |
| | ဂေါ်ဖီထုပ် (ထုပ်) | ၄၀၀ | | ၃၀၀ | တက် | ၄၀၀ | |
| | ပန်းမုန်လာ (ပွင့်) | ၅၀၀ | | ၃၀၀ | | ၅၀၀ | |
| | ဂျူးမြစ် (ပိဿာ) | ၂၀၀၀ | တက် | ၄၃၀၀ | တက် | ၂၀၀၀ | |
| | ဂေါ်ရခါးသီး (လုံး) | ၁၀၀ | ကတ | ၁၀၀ | | ၁၀၀ | ကျ |
| | မုန်လာဥနီ (ရှမ်း) (ပိဿာ) | ၁၂၀၀ | တက် | ၂၈၀၀ | တက် | ၂၀၀၀ | |
| | ဘိုစားပဲ (ပိဿာ) | ၁၂၀၀ | တက် | ၂၈၀၀ | တက် | ၂၀၀၀ | တက် |
| | ငရုတ်စိမ်းပွ (ပိဿာ) | ၁၅၀၀ | တက် | ၂၃၀၀ | | ၂၀၀၀ | |
| | ချင်း (ပိဿာ) | ၂၉၀၀ | | ၂၈၀၀ | | ၂၅၀၀ | |

## စစ်တွေဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၁၁-၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ပေါ်ဆန်းမွှေး(ရှယ်) | ၁ အိတ် | ၄၄၀၀၀ | – |
| ပေါ်ဆန်းမွှေး(ရိုးရိုး) | ၅၀ ကီလို | ၄၁၀၀၀ | – |
| မီးဒုံး (အသစ်) | ၅၀ ကီလို | ၂၂၅၀၀ | ကျ |
| ညှော်မထ | ၅၀ ကီလို | ၂၂၀၀၀ | ကျ |
| ငစိန် | ၅၀ ကီလို | ၂၀၀၀၀ | ကျ |
| ကောက်ညှင်းဆန် | ၅၀ ကီလို | ၆၄၀၀၀ | – |
| ကုလားပဲ | ၁ပိဿာ | ၂၅၀၀ | – |
| ပဲနီလေး | ၁ပိဿာ | ၄၅၀၀ | – |
| မြေပဲဆန် | ၁ပိဿာ | ၃၈၀၀ | – |
| ပဲဆီ | ၁ပိဿာ | ၆၀၀၀ | – |
| စားအုန်းဆီ | ၁ပိဿာ | ၂၈၀၀ | – |
| ကြက်သွန်နီ (လတ်) | ၁ပိဿာ | ၂၄၀၀ | တက် |
| ကြက်သွန်ဖြူ | ၁ပိဿာ | ၃၃၀၀ | တက် |
| ငရုတ်သီး | ၁ပိဿာ | ၁၆၀၀ | တက် |
| နနွင်း | ၁ပိဿာ | ၂၇၀၀ | – |
| ဂျင်း | ၁ပိဿာ | ၃၀၀၀ | – |
| ခရမ်းသီး | ၁ပိဿာ | ၁၄၀၀ | – |
| ခရမ်းချဉ်သီး | ၁ပိဿာ | ၂၅၀၀ | – |
| အာလူး | ၁ပိဿာ | ၂၃၀၀ | တက် |
| သကြား (ဖြူ) | ၁ပိဿာ | ၁၅၀၀ | – |
| **အသား/ဥအမျိုးမျိုး** | | | |
| ဝက်သား | ၁ပိဿာ | ၁၂၀၀၀ | – |
| အမဲသား | ၁ပိဿာ | ၁၄၀၀၀ | – |
| ဆိတ်သား | ၁ပိဿာ | ၁၅၀၀၀ | – |
| ကြက်သား(အိမ်ကြက်) | ၁ပိဿာ | ၁၃၀၀၀ | – |
| ကြက်သား(ဥစားကြက်) | ၁ ကီလို | ၉၀၀၀ | – |
| **ရေထွက်ကုန်** | | | |
| ပုစွန်ခြောက်(အသေး) | ၁ ကီလို | ၂၈၀၀၀ | – |
| ငါးနီတူခြောက်(ရှယ်) | ၁ ကီလို | ၉၀၀၀ | – |
| ငါးနီတူခြောက် | ၁ ကီလို | ၈၀၀၀ | – |
| ငါးဂျင်လိပ်ခြောက် | ၁ ကီလို | ၁၀၀၀၀ | – |
| ငါးပိ | ၁ ကီလို | ၄၇၀၀ | – |

## မြိတ်မြို့ရေထွက်ကုန် ဈေးကွက်အခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၁၁-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| ကုလားကုတ် | ၁ ကီလို | ၄၅၀၀ | – |
| ငါးကွမ်းရှပ် (ကြီး) | ၁ ကီလို | ၄၀၀၀ | – |
| ငါးကွမ်းရှပ် (သေး) | ၁ ကီလို | ၂၂၀၀ | – |
| ငါးပါးနီ | ၁ ကီလို | ၃၈၀၀ | – |
| ကျောက်ငါး | ၁ ကီလို | ၃၆၀၀ | – |
| ကုလားငှ | ၁ ကီလို | ၃၈၀၀ | – |
| ဓာဗျက် | ၁ ကီလို | ၁၅၀၀ | – |
| ဇလုံး | ၁ ကီလို | ၃၈၀၀ | – |
| ကြိမ်မွေ့တောင်း | ၁ ကီလို | ၄၀၀၀ | – |
| ငါးရောင် (ကြီး) | ၁ ကီလို | ၃၁၀၀ | – |
| ငါးရောင် (သေး) | ၁ ကီလို | ၁၆၀၀ | – |
| ငါးသဲတိုး | ၁ ကီလို | ၂၀၀၀ | – |
| ကဏ္ဍုရဲ | ၁ ကီလို | ၁၁၀၀၀ | – |
| ကကတစ် | ၁ ကီလို | ၅၅၀၀ | – |
| ငါးလိပ်ကျောက် | ၁ ကီလို | ၄၀၀၀ | – |
| ငါးမုတ်မဲ | ၁ ကီလို | ၅၅၀၀ | – |
| ငါးမုတ်ဖြူ | ၁ ကီလို | ၁၀၀၀၀ | – |
| သဲကဏန်း | ၁ ကီလို | ၁၃၀၀၀ | – |
| ကင်းမွန် (ကြီး) | ၁ ကီလို | ၇၀၀၀ | – |
| ကင်းမွန်(သေး) | ၁ ကီလို | ၄၅၀၀ | – |
| **ရေငန်ပုစွန်** | | | |
| ရေငန်ပုစွန်ကျား (Tiger) | ၁ ကီလို | ၂၁၀၀၀ | – |
| ရေငန်ပုစွန် (Pink) | ၁ ကီလို | ၈၀၀၀ | – |
| ရေငန်ပုစွန်မီးနီ (White) | ၁ ကီလို | ၁၁၀၀၀ | – |
| မျှင်ငါးပိ | ၁ ကီလို | ၄၀၀၀ | – |
| ပုစွန်ခြောက် (ကြီး) | ၁ ကီလို | ၄၀၀၀၀ | – |
| ပုစွန်ခြောက် (လတ်) | ၁ ကီလို | ၂၅၀၀၀ | – |
| ပုစွန်ခြောက် (သေး) | ၁ ကီလို | ၂၃၀၀၀ | – |

## တောင်သူထံမှဝယ်ယူသောလယ်ယာထွက်ကုန်ဈေးနှုန်းများ

| | ၁၀-၁၁-၁၉ | တက်/ကျ |
|---|---|---|
| **ပျဉ်းမနား** | | |
| ပဲမျိုးစုံ (သုံးတင်းအိတ်) | | |
| မတ်ပဲ (၆၀ ပိဿာ) | ၉၂၀၀၀ | ကျ |
| ပဲတီစိမ်း (၆၀ ပိဿာ) | ၉၃၀၀၀ | – |
| ပြောင်း (၅၄ ပိဿာ) | ၂၂၅၀၀ | – |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၄၅ ပိဿာ) | ၂၁၃၀၀၀ | – |
| နှမ်းနီ (၄၅ ပိဿာ) | | |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၅၀၀ | တက် |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၃၃၀၀ | တက် |
| **တပ်ကုန်း** | | |
| ပဲမျိုးစုံ(တစ်တင်း) | | |
| မတ်ပဲ (၂၀ ပိဿာ) | ၂၅၀၀၀ | – |
| ပဲတီစိမ်း (၂၀ ပိဿာ) | ၄၀၀၀၀ | – |
| ဆီထွက်သီးနှံ | | |
| နှမ်းနီ (၁၅ ပိဿာ) | ၅၀၀၀၀ | – |
| နှမ်းနက် (၁၅ ပိဿာ) | ၈၀၀၀၀ | – |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၃၀၀၀ | – |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၃၀၀ | – |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၄၀၀ | – |
| နေကြာ (ပိဿာ) | ၁၇၀၀ | – |
| **လယ်ဝေး** | | |
| ပဲမျိုးစုံ | | |
| မတ်ပဲ (၂၀ပိဿာ) | ၂၉၀၀၀ | ကျ |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၁၅ ပိဿာ) | ၇၂၀၀၀ | တက် |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၂၈၀၀ | ကျ |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၄၀၀၀ | – |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၂၀၀ | ကျ |

## တောင်ကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၁၁-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| ဧရာဝတီပေါ်ဆန်း | တစ်တင်းခွဲ | ၄၉၀၀၀ | တက် |
| ဖျာပုံပေါ်ဆန်း | တစ်တင်းခွဲ | ၄၁၀၀၀ | ကျ |
| ပေါ်ကျွဲ | တစ်တင်းခွဲ | ၃၁၀၀၀ | ကျ |
| ဧယာ | တစ်တင်းခွဲ | ၂၂၈၃၃ | ကျ |
| မနောသုခ | တစ်တင်းခွဲ | ၃၂၈၃၃ | တက် |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၁၈၃၃ | တက် |
| ခေါက်နမ်းခမ်းဆန် | နှစ်တင်း | ၆၈၀၀၀ | တက် |
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၃၈၀ | |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၇၀၀ | |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် (ရှမ်း) | ပိဿာ | ၁၂၅၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်ဖြူ (ဥလတ်) | ပိဿာ | ၁၈၅၀ | တက် |
| ကြက်သွန်ဖြူ (ရှယ်) | ပိဿာ | ၂၂၀၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၂၂၅၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၃၈၅၀ | တက် |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၄၃၀၀ | ကျ |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၉၀၀ | |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၄၅၀ | တက် |

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ရရှိသောဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ၁၀-၁၁-၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ညှော်မထ(၂၅%) | တန် | ၁၈၄၀ ယွမ် | – |
| ပဲတီစိမ်း | တန် | ၆၁၀၀ ယွမ် | – |
| ပဲပုပ် | တန် | ၃၇၅၀ ယွမ် | – |
| ပဲလွမ်းဖြူ | တန် | ၅၂၅၀ ယွမ် | – |
| ထောပတ်ပဲ | တန် | ၅၇၅၀ ယွမ် | – |
| အစေ့ထုတ်ပြောင်း | တန် | ၁၂၅၀ ယွမ် | – |
| မြေပဲဆန် | တန် | ၁၂၅၀၀ ယွမ် | – |
| နှမ်း | တန် | ၁၂၂၅၀ ယွမ် | – |
| ကြက်သွန်နီ | တန် | ၂၃၅၈ ယွမ် | တက် |
| ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | ၁၃၈၈ ကျပ် | – |
| ဖရဲသီး | တန် | ၁၅၀၀ ယွမ် | – |
| RSS 3 | တန် | ၈၇၅၀ ယွမ် | – |
| **ရေထွက်ကုန်** | | | |
| ကဏန်း (အမာ) | တန် | ၂၆၀၀ ဒေါ်လာ | – |
| ငါးရှဉ့် | တန် | ၃၂၀၀ ဒေါ်လာ | – |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | |
| အမေရိကန်ဒေါ်လာ | ၁ဒေါ်လာ | ၁၅၃၀ ကျပ် | – |
| ယွမ် | ၁ ယွမ် | ၂၁၂ ကျပ် | ကျ |

## လားရှိုးဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၁၁-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်** | | | |
| ဇော်တိကပေါ်ဆန်း | တစ်တင်းခွဲ | ၄၉၀၀၀ | |
| ရွှေဘိုပေါ်ဆန်း | တစ်တင်းခွဲ | ၅၈၀၀၀ | |
| လုံးသွယ်မွှေး | တစ်တင်းခွဲ | ၃၉၀၀၀ | |
| ညှော်မထ | တစ်တင်းခွဲ | ၂၆၀၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၂၇၀၀ | |
| စားအုန်းဆီ (ပုငွန်နှစ်ကောင်) | ပိဿာ | ၂၀၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၂၅၀၀ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၂၃၀၀ | တက် |
| ကြက်သွန်နီ (သေး) | ပိဿာ | ၂၁၀၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၄၀၀၀ | တက် |
| ကြက်သွန်ဖြူ (တရုတ်) | ပိဿာ | ၂၇၀၀ | |
| အာလူး (အိုကေ) | ပိဿာ | ၈၂၅ | |
| **ကုန်စည်ဒိုင်** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၃၇၀ | |

တရုတ်ငွေကြေး ၁ ယွမ်နှင့် ညီမျှသော မြန်မာငွေကျပ် လဲလှယ်နှုန်း - ၂၁၃
နယ်စပ်ပြောင်းအရောင်းအဝယ်မရှိပါ။

## ငါးရက်တစ်ဈေး အောင်ပန်းဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၂-၁၁-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၃၀၀ | |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၉၅၀ | |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၉၀၀ | |
| နေကြာ | ပိဿာ | ၉၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| အာလူး (အိုကေ) | ပိဿာ | ၁၀၀၀ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၈၀၀ | တက် |
| ချင်း (အစို) | ပိဿာ | ၁၈၀၀ | တက် |
| ကြက်သွန်ဖြူ (အလတ်) | ပိဿာ | ၂၉၀၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် | ပိဿာ | ၁၀၀၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်း) | ပိဿာ | ၈၅၀ | ကျ |
| ဂေါ်ဖီထုပ် | ထုပ် | ၂၅၀ | ကျ |
| ပန်းမုန်လာ (ရှမ်း) | ပွင့် | ၃၀၀ | ကျ |
| မုန်လာဥနီ | ပိဿာ | ၁၀၀၀ | |
| ဂေါ်ရခါးသီး | လုံး | ၄၀ | တက် |
| ဂျူး | ပိဿာ | ၈၀၀ | |
| ရွှေပဲသီး | ပိဿာ | ၁၅၀၀ | ကျ |
| ဘိုစားပဲ | ပိဿာ | ၉၀၀ | |
| **သစ်သီးဝလံ** | | | |
| လိမ္မော်သီး | ပိဿာ | ၁၃၀၀ | |
| ထောပတ်သီး | လုံး | ၁၃၀ | |

## ပြည်မြို့မဈေးကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၁၁-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၁၇၀၀၀ | ကျ |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၁၀၀၀ | ကျ |
| ရွှေဝါထွန်း | တစ်တင်းခွဲ | ၁၆၅၀၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| ဘိုကိတ် | ၂၀ ပိဿာ | ၂၂၃၃၃ | ကျ |
| မတ်ပဲ | ၂၀ ပိဿာ | ၃၄၀၀၀ | တက် |
| ပဲတီစိမ်း (သေး) | ၂၀ ပိဿာ | ၃၈၅၀၀ | တက် |
| ပဲပုပ် (မြန်မာ) | ၂၀ ပိဿာ | ၂၂၀၀၀ | |
| ပဲစင်းငုံ (အနီ) | ၂၀ ပိဿာ | ၂၇၀၀၀ | တက် |
| ပဲလွမ်းဖြူ | ၂၀ ပိဿာ | ၂၄၀၀၀ | |
| ကုလားပဲ (လုံးဝါကြီး) | ၂၀ ပိဿာ | ၂၈၅၀၀ | ကျ |
| ပဲကြီး (ကြီး) | ၂၀ ပိဿာ | ၃၁၃၃၃ | ကျ |
| ထောပတ်ပဲ (သေး) | ၂၀ ပိဿာ | ၂၄၆၆၆ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၃၃၅၀ | တက် |
| မြေပဲ (ဆီဆန်) | ပိဿာ | ၃၃၀၀ | တက် |
| နှမ်းနက် | ၄၅ ပိဿာ | ၂၄၀၀၀၀ | တက် |
| နှမ်းနီ | ၄၅ ပိဿာ | ၁၄၂၀၀၀ | တက် |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၅၃၆၆ | ကျ |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၅၃၃ | တက် |
| ငရုတ်ခြောက် (ပွ) | ပိဿာ | ၇၅၀၀ | |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၂၄၆၆ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၉၁၇ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၇၅၈ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၂၉၃၃ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၃၉၀၀ | တက် |
| ချင်း | ပိဿာ | ၂၁၀၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၀၀၀ | ကျ |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၇၀၀၀ | ကျ |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၆၈၀၀ | ကျ |
| စားအုန်းဆီ | ပိဿာ | ၁၇၅၀ | တက် |

## ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် ဝက်ပုတ်ဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၁၁-၁၉ | တက်/ကျ |
|---|---|---|---|
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (မြေပြန့်) | ပိဿာ | ၅၆၇ | |
| ပန်းဂေါ်ဖီ | ပွင့် | ၂၅၀ | ကျ |
| သခွားသီး | ၁၀၀ လုံး | ၄၁၆၇ | ကျ |
| ခရမ်းသီး (လတ်) | ၁၀၀ လုံး | ၅၅၀၀ | တက် |
| ငရုတ်သီးစိမ်း (ရှည်) | ပိဿာ | ၁၇၀၀ | တက် |
| ကြက်ဟင်းခါးသီး | ၁၀၀ တောင့် | ၆၀၀၀ | |
| ရွှေဖရုံသီး | လုံး | ၅၀၀ | ကျ |
| မုန်လာဥဖြူ | ၁၀၀ လုံး | ၃၀၀၀ | |
| ပဲတောင့်ရှည် (တိုင်ပေ) | စည်း | ၆၀၀ | တက် |
| **သစ်သီးဝလံ** | | | |
| ဖရဲသီး | လုံး | ၁၂၀၀ | တက် |

## ပြည်တွင်းဓာတ်မြေဩဇာဈေးနှုန်းများ

၅၀ ကီလိုအိတ်

၁၃-၁၁-၂၀၁၉

| အမျိုးအမည် | ရန်ကုန် | မန္တလေး |
|---|---|---|
| **ယူရီးယား** | | |
| ယူရီးယား(တရုတ်) | ၂၅၅၀၀ | ၂၆၂၀၀ |
| **ကွန်ပေါင်း** | | |
| အာမို(၁၆း၁၆း၈း၁၃)(၄-ရောင်ခြယ်) | ၃၇၅၀၀ | ၃၈၉၀၀ |
| အာမို(၁၅း၁၅း၁၅း၇) | ၄၀၅၀၀ | ၄၂၉၀၀ |
| ရွှေခြင်္သေ့(၁၅း၇း၈) | | ၂၂၅၀၀ |
| ရွှေခြင်္သေ့(၁၀း၁၀း၅) | | ၁၇၀၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၀း၁၀း၅း၅) | ၁၉၂၀၀ | ၁၈၂၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၅း၁၅း၁၅း၁၀) | ၄၀၀၀၀ | ၃၉၀၀၀ |
| **တီဆူပါ** | | |
| GTSP ၄၆% | ၂၄၅၀၀ | ၂၁၇၀၀ |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>50\%$ | ၂၅၃၀၀ | |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>37\%$ | | ၂၄၃၀၀ |
| **ပိုတက်ရှ်** | | |
| ပိုတက်ရှ် (အိန္ဒိယအနီ) | ၂၇၅၀၀ | ၂၈၀၀၀ |
| **မြန်မာ့သြဘာဓာတ်မြေဩဇာမှ ကိုယ်စားလှယ်ဆိုင်လက်ကားဈေးများ** | | |
| Gပုလဲအလုံးကြီး (၄၆ %) | ၂၆၇၀၀ | ၂၇၉၀၀ |
| ရွှေကောမက် (၂၀း၁၂း၁၂) | ၃၇၀၀၀ | ၃၇၈၀၀ |
| ကောမက်သီးစုံ | ၂၇၇၀၀ | ၂၈၅၀၀ |
| Premo lite (၁၆း၁၆း၁၆) | ၄၂၀၀၀ | ၄၄၃၀၀ |

## US$/MT စက်မှုကုန်ကြမ်းဈေးနှုန်းများ

| | | |
|---|---|---|
| **သကြား** | ၁၄. ၁၁. ၂၀၁၉ | ၇. ၁၁. ၂၀၁၉ |
| Refined sugar | ၃၃၅ | ၃၃၉ |
| Raw | ၂၈၀ | ၂၈၃ |
| **ကော်ဖီ** | ၁၄. ၁၁. ၂၀၁၉ | ၇. ၁၁. ၂၀၁၉ |
| Columbia Mild | ၃၁၂၅ | ၃၁၄၈ |
| Brazilian Natural | ၂၃၃၄ | ၂၃၆၈ |
| Robustas | ၁၆၁၆ | ၁၅၇၇ |
| **ရော်ဘာ** | ၁၄. ၁၁. ၂၀၁၉ | ၇. ၁၁. ၂၀၁၉ |
| RSS - 1 | ၁၅၃၈ | ၁၅၃၇ |
| RSS - 2 | ၁၅၁၈ | ၁၅၁၇ |
| RSS - 3 | ၁၅၀၀ | ၁၄၉၉ |
| RSS - 4 | ၁၄၉၀ | ၁၄၈၉ |
| RSS - 5 | ၁၄၇၅ | ၁၄၇၄ |
| **စားအုန်းဆီ** | ၁၄. ၁၁. ၂၀၁၉ | ၇. ၁၁. ၂၀၁၉ |
| RBD P. OLEIN | ၆၀၇ | ၅၉၂ |

Source: LIFFE, CSCE, ICO, International Rubber Prices (Bangkok), www.cbot.com, Myanmar Kuok Oil & Grains Ltd.

## အမေရိကန် ၁ ဒေါ်လာနှင့်ညီမျှသောငွေကြေးတန်ဖိုး

| Source : exchangerate.com | | ၁၄-၁၁-၁၉ | ၇-၁၁-၁၉ |
|---|---|---|---|
| ဥရောပ | (ယူရို) | ၀.၉၀၇၃၈၇ | ၀.၉၀၀၀၀၁ |
| ဗြိတိန် | (ပေါင်စတာလင်) | ၀.၇၇၈၆၅၉ | ၀.၇၇၅၄၀၁ |
| ဩစတြေးလျ | (ဒေါ်လာ) | ၁.၄၅၈၅၄၄ | ၁.၄၄၇၇၂ |
| ဂျပန် | (ယန်း) | ၁၀၉.၁၆၁၈ | ၁၀၈.၇၂၇၈ |
| တောင်ကိုရီးယား | (ဝမ်) | ၁၁၆၁.၉၂ | ၁၁၅၈.၁၂၈ |
| တရုတ် | (ယွမ်) | ၇.၀၀၅၁၈၁ | ၇.၀၁၇၄၂ |
| အိန္ဒိယ | (ရူးပီး) | ၇၁.၅၅၉၂၈ | ၇၀.၇၀၇၅ |
| ဟောင်ကောင် | (ဒေါ်လာ) | ၇.၈၂၆၅၁ | ၇.၈၃၅၀၃၅ |
| ဘင်္ဂလားဒေ့ရှ် | (တာကာ) | ၈၄.၇၄၂၇၈ | ၈၄.၇၄၂၇၈ |
| တိုင်ဝမ် | (ဒေါ်လာ) | ၃၀.၄၃၅၃၃ | ၃၀.၃၇၅၂ |
| စင်္ကာပူဒေါ်လာ | (ဒေါ်လာ) | ၁.၃၆၁၁၁၈ | ၁.၃၅၇၆၈၃ |
| အင်ဒိုနီးရှား | (ရူးပီးယား) | ၁၄၀၇၀.၅၁ | ၁၃၉၇၄.၇၇ |
| ဖိလစ်ပိုင် | (ပက်ဆို) | ၅၀.၈၀၈၂၇ | ၅၀.၄၁၅၀၉ |
| ထိုင်း | (ဘတ်) | ၃၀.၃၄၉၈၅ | ၃၀.၂၉၀၅ |
| ဗီယက်နမ် | (ဒေါင်) | ၂၃၁၆၀.၅၄ | ၂၃၁၆၀.၅၄ |
| မလေးရှား | (ရင်းဂစ်) | ၄.၁၄၀၈၈၄ | ၄.၁၃၄၇၅၈ |
| ကမ္ဘောဒီးယား | (ရီးရယ်) | ၄၀၆၃.၂၅၅ | ၄၀၆၃.၂၅၅ |
| ဘရူနိုင်းဒါရုစလမ် | (ဒေါ်လာ) | ၁.၃၆၁၁၁၈ | ၁.၃၅၇၆၈၃ |
| လာအို | (ကစ်ပ်) | ၈၈၅၀.၄၃၄ | ၈၈၅၀.၄၃၄ |

## (US$/MT) ပြည်ပဆန်ဈေးနှုန်း

Source: riceonline.com

| | | ၁၄-၁၁-၁၉ | ၇-၁၁-၁၉ |
|---|---|---|---|
| **ထိုင်း** | | | |
| | 100%B | ၄၃၆ | ၄၃၃ |
| | 5% | ၄၁၉ | ၄၂၀ |
| | 25% | ၄၁၃ | ၄၁၄ |
| | Parboiled | ၄၁၆ | ၄၂၀ |
| **ဗီယက်နမ်** | | | |
| | 5% | ၃၅၀ | ၃၅၀ |
| | 25% | ၃၃၃ | ၃၃၄ |
| **အိန္ဒိယ** | | | |
| | 5% | ၃၆၅ | ၃၆၅ |
| | 25% | ၃၃၅ | ၃၃၀ |
| | Parboiled | ၃၆၃ | ၃၆၃ |
| **ပါကစ္စတန်** | | | |
| | 5% | ၃၅၀ | ၃၄၈ |
| | 25% | ၃၂၅ | ၃၂၅ |
| | Parboiled | ၃၉၅ | ၃၉၅ |

# ဒုတိယဝန်ကြီး ဦးလှကျော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးလှကျော်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန သီးနှံစိုက်ပျိုးရေးစနစ် သုတေသနဌာနစုရှိ စပါးမျိုးစေ့ထုတ်စိုက်ခင်း၌ ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်မှု၊ အချိန်နှင့်မျိုးစေ့ကုန်ကျမှု သက်သာခြင်းတို့ကြောင့် မျိုးစေ့ထုတ်တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ လက်ခံကျင့်သုံးနိုင်ရေးအတွက် သုတေသနပြုဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ (ပုံ)



အလားတူ စပါးသီးနှံ သုတေသနဌာနစုတွင် သုတေသနပြု ဆောင်ရွက်ထားရှိသည့် စပါးမျိုးမွေးမြူရွေးချယ်ခြင်း စမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗီဇအချက်အလက်နည်းပညာများကိုအသုံးပြုပြီး မြန်မာနိုင်ငံ၏ ဆန်စပါးမျိုးမွေးမြူရွေးချယ်ရေး ကဏ္ဍမြှင့်တင်ခြင်းစီမံကိန်း၏ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်စစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသုတေသနပညာရှင်များက ပေါ်ဆန်းမွှေး၊ အင်းမရဲဘော်၊ မုဆိုးမကြေးကြေအစရှိသော မြန်မာ့စပါးမျိုးများအား သက်တမ်းတို၊ အထွက်ကောင်းကာ ပိုးမွှားရောဂါဒဏ်ခံနိုင်သော ဗီဇများ ထည့်သွင်း၍ မျိုးကူးစပ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြသကြသည်။



**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

---



# စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းမိသားစု စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲ ကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၁၀

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းက မင်းကွန်းတောင်ရိုး ဓမ္မနာဒပရိယတ္တိစာသင်တိုက် ရွှေစင်မုနိကျောင်းတိုက်၌ ကျင်းပရာ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ ရွှေစင်တိပိဋက ဓရဓမ္မဘဏ္ဍာဂါရိက မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရနှင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဘဒ္ဒန္တ ဣန္ဒာစရိယ ဆရာတော် အမှူးပြုသော စာချစာသင်သံဃာတော်အရှင်သူမြတ်များအား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဇနီး ဒေါက်တာ ဌေးဌေးစိုးနှင့်သား မောင်ခန့်ပိုင်ထွန်း မိသားစုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကထိန်လျာသင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် အလှူငွေများ လှူဒါန်းကြပြီး နေ့ဆွမ်းဆက်ကပ်ကြသည်။

အခမ်းအနားတွင် ရာသက်ပန်ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းခြင်း၊ တိပိဋက ဆရာတော်အရှင်သူမြတ် သုံးပါးတို့အား သိက္ခာထပ် အလှူမင်္ဂလာကျင်းပခြင်းနှင့် စာချစာသင်သံဃာတော်များအား သိမ်ဆင်းဆွမ်းလောင်းလှူခြင်း အလှူဒါနများကို ပြုလုပ်ကြသည်။

**MOALI ပြန်ကြားရေး**

---



# စိုက်ပျိုးပညာပေးရေးအဖွဲ့ ရွှေဘိုနှင့် ဒီပဲယင်းတွင် ဖြုတ်ပိုးကျရောက်မှု ကွင်းဆင်း ပညာပေး

မုံရွာ အောက်တိုဘာ ၂၇

**ရွှေဘို** ခရိုင် ဒီပဲယင်းမြို့နယ် မရကန်ကျေးရွာတွင် တိုင်း သီးနှံကာကွယ်ရေးတာဝန်ခံ၊ ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံနှင့် ဒီပဲယင်းမြို့နယ် စိုက်ပျိုးပညာပေး ဝန်ထမ်းများက ဖြုတ်ပိုးကာကွယ် နှိမ်နင်းပညာပေး ဆွေးနွေးပွဲကို ယနေ့ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ဒီပဲယင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌအပါအဝင် တောင်သူ ၁၅၂ ဦး တက်ရောက်သည်။(ပုံ)

အလားတူပင် ရွှေဘိုမြို့နယ်အတွင်း ဖြုတ်ပိုးများကျရောက်မှု တောင်သူပညာပေးဆွေးနွေးပွဲနှင့် ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိရာ ဖြုတ်ပိုးများ နှိမ်နင်းရေးအတွက် ပင်လုံးပြန့်အာနိသင်ရှိသော ပိုးသတ်ဆေးများဖြစ်သည့် အဆီဖိတ်၊ ဒိုင်မီသိုအိတ်၊ ကားတက်အုပ်စုဝင် ဆေးတစ်မျိုးမျိုးအသုံးပြုပြီး ပက်ဖျန်းကာကွယ်ရန်နှင့် စပါးပင်အောက်ခြေသို့ သေချာထိရောက် စေရေးအတွက် ပိုးသတ်ဆေးပက်ဖျန်းရန်၊ စုပေါင်းမီးထောင်ချောက်ထွန်းညှိခြင်းကို ဖြုတ်ပိုးများမတွေ့ရသည်အထိ စဉ်ဆက် မပြတ် ထွန်းညှိကာကွယ်နှိမ်နင်းရန် ကွင်းဆင်းအသိပညာပေးဆောင်ရွက်လျက်ရှိသည်။

စပါးစိုက်သီးနှံ တစ်ရာသီလုံးတွင် ကျရောက်တတ်သော စပါးဖြုတ်ညိုပိုးနှင့် ဖြုတ်ကျောဖြူပိုးများ ထိရောက်စွာ ကာကွယ်ရေးအတွက် စပါးပင်ခြေတွင် ဖြုတ်ပိုးရှိ/မရှိ သေချာစွာ ကွင်းဆင်းစစ်ဆေးရန် လိုအပ်ကြောင်း သိရသည်။

**ကေခိုင်ယု (မုံရွာ)**

---

# တစ်သျှူးငှက်ပျောစိုက်ပျိုးသူများ ပိုးမွှားရောဂါနှင့်မြေဆီလွှာထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ပြောကြား

ဝိုင်းမော် အောက်တိုဘာ ၂၂

**ကချင်**ပြည်နယ်အတွင်း တစ်သျှူးငှက်ပျောစိုက်ပျိုးရာတွင် သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ရေအရင်းအမြစ်ဆုံးရှုံးနိုင်မှု အခြေအနေများအပါအဝင် လူမှုစီးပွားဘဝ ထိခိုက်နိုင်မှုတို့ကိုသက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ပညာရှင်များက လေ့လာစိစစ်လျက်ရှိသည်။

တစ်သျှူးငှက်ပျောစိုက်ပျိုးရာတွင် မြေဆီလွှာဖွံ့ဖြိုးရေးနှင့် ပိုးမွှားရောဂါရှိ/ မရှိစစ်ဆေး၍ ပိုးမွှားရောဂါကင်းရှင်းကြောင်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနက စစ်ဆေးဆောင်ရွက်ပေးသွားမည်ဟု သိရသည်။



တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းကို စိတ်ဝင်စားမှုရှိနေသကဲ့သို့ ဒေသခံများကလည်း စိုးရိမ်မှုအမျိုးမျိုး ရှိနေကြသည်။ တစ်သျှူးငှက်ပျော တင်သွင်းစိုက်ပျိုးမှုတွင် ပိုးမွှားရောဂါကင်းစင်ရေးကို စိုက်ပျိုးရေးဦးစီးဌာနက ပုဂ္ဂလိက စိုက်ပျိုးသူများ၊ တောင်သူများနှင့်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တစ်သျှူးငှက်ပျောစိုက်ပျိုးသူများ အနေဖြင့် စိုက်ပျိုးမြေရယူသုံးစွဲခြင်း အပါအဝင် လုပ်ကိုင်ခွင့်အရပ်ရပ်ကို ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်ရယူလုပ်ကိုင်ရန် လိုအပ်သည်။ တရားဝင်မှတ်ပုံတင်ထားသည့် ဓာတ်မြေဩဇာပိုးသတ်ဆေး၊ မှိုသတ်ဆေးများကိုသာ သုံးစွဲရန်နှင့် လုပ်သားများအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ပေးရန်လိုအပ်သည့်ပြင် ရုတ်တရက် ထိခိုက်အန္တရာယ်ဖြစ်ပေါ်လာ ပါကလည်း ဆောလျင်စွာ ဖြေရှင်းနိုင်ရေးအတွက် ရှေးဦးသူနာပြု (First aid) အစီ အမံများ ဆောင်ရွက်ပေးထားရန် လိုအပ်သည်။

တစ်သျှူးငှက်ပျော စိုက်ခင်းတွင် ပဲဖတ်၊ နှမ်းဖတ်စသည့် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲခြင်းဖြင့် အပင်အတွက် အာဟာရအတွက်သာမက မြေဆီကိုပါ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

တစ်သျှူးငှက်ပျော စိုက်ပျိုးသူများသည် ဓာတုဓာတ်ကြွင်း ကင်းရှင်းရေးအတွက် GAP လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ကြမှသာ ဈေးကွက်နှင့်ဈေးနှုန်း ခိုင်မာမည်ဖြစ်၍ စိုက်ပျိုးထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူများနှင့် ဌာနဆိုင်ရာ ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်ပေးကြရန် သက်ဆိုင်ရာက တိုက်တွန်းထားသည်။

တစ်သျှူးငှက်ပျောဈေးကွက်သည် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြား စံသတ်မှတ်ချက်သဘောတူညီမှုရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

# သင့်အတွက်ကံကြမ္မာ

## စိုးဝင်းထက်

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

**(၂၀–၁၁–၂၀၁၉) မှ (၃–၁၂–၂၀၁၉) ထိ**

### တနင်္ဂနွေ



အဆင်မပြေမှုများနှင့်ကြုံနေမည်။ အလုပ်တွင်းပြဿနာများ ရှင်းသွားမည်။ ထင်ပေါ်ကျော်ကြားသူများ၏ကူညီမှု ရမည်။ ရွှေ၊ ကြေးနီ၊ ကြေးဝါများကြောင့် ငွေများရမည်။ အချစ်ရေး ကံကောင်းနေသည်။ ခါးကို ဒုက္ခပေးတတ်သည်။

**ယတြာ။ ။ အုန်းနို့ခေါက်ဆွဲ ဒါနပြုလိုက်ပါ။**

### တနင်္လာ



စိတ်ချမ်းသာစရာများနှင့်သာ တွေ့ကြုံရမည်။ ငွေရရန်ကိစ္စများ အဆင်ပြေမည်။ နည်းပညာ၊ အတတ်ပညာများကြောင့် အကျိုးကျေးဇူးရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ရန်ဖြစ်နေရမည်။ ဝန်ထမ်းများ ရာထူးတိုးမည်။ ကျန်းမာရေးညံ့နေသည်။

**ယတြာ။ ။ ခွေးများကို ထန်းလျက် ကျွေးလိုက်ပါ။**

### အင်္ဂါ



မမျှော်လင့်ထားသောခရီးများ သွားရမည်။ လုပ်ငန်းသစ်များ တိုးချဲ့ရန် စီစဉ်မှုများ အဆင်ပြေမည်။ လူအများ၏ အားပေးမှု ရမည်။ မြေမှထွက်သောပစ္စည်းမှန်သမျှနှင့် အကျိုးပေးနေသည်။ အချစ်ရေးတွင် စိတ်ထွေပြားမှုရှိနေမည်။ ခြေထောက်များ ထိခိုက်တတ်သည်။

**ယတြာ။ ။ ဆန်လှူပေးပါ။**

### ဗုဒ္ဓဟူး



အကျိုးမရှိသောခရီးများ သွားနေရမည်။ ငွေအကုန်အကျများနေမည်။ လုပ်ငန်းများမရေရာသေးပါ။ လျှပ်စစ်နှင့်လျှပ်စစ်ပစ္စည်းများကြောင့် ငွေများရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေမည်။ လည်ချောင်းနှင့်ပတ်သက်သည့်ရောဂါဖြစ်တတ်သည်။

**ယတြာ။ ။ ရေသန့် လှူပေးပါ။**

### ကြာသပတေး



ပညာရပ်မျိုးစုံသင်ကြားခွင့်ရမည်။ စာမေးပွဲ၊ အင်တာဗျူးမှန်သမျှ အဆင်ပြေမည်။ မြေ၊ အမွေအငြင်းပွားမှုကိစ္စများ အောင်မည်။ ငွေအကုန်အကျများနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေသည်။ ဘုရားဖူးခရီး သွားရမည်။

**ယတြာ။ ။ ပဲပလာတာ ဒါနပြုလိုက်ပါ။**

### သောကြာ



စကားပြောရသည့်လုပ်ငန်းမှန်သမျှ အဆင်ပြေမည်။ ခရီးသွားခြင်းအားဖြင့် အချစ်ရေးနှင့်ငွေကြေးကံကောင်းမည်။ ကပွဲခန်းမ၊ ရုပ်ရှင်ရုံ၊ ဟိုတယ်၊ စားသောက်ဆိုင်များကြောင့် အကျိုးရှိမည်။ အချစ်ရေးတွင် အလွန်စန်းပွင့်နေမည်။ အစာအိမ်ရောဂါ ဖြစ်တတ်သည်။

**ယတြာ။ ။ သစ်သီးများ ဒါနပြုလိုက်ပါ။**

### စနေ



အဟောင်းပစ္စည်းများ ရောင်းထွက်သွားမည်။ လယ်ယာစိုက်ပျိုးရေးကိစ္စမှန်သမျှ အဆင်ပြေမည်။ သံ၊ သံမဏိ၊ သံထည်ပစ္စည်းများကြောင့် ငွေများရနိုင်သည်။ ငွေကြေးကိစ္စ ကြွေးဟောင်း၊ ကြွေးသစ်များနှင့် ရှုပ်ထွေးနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေသည်။ အရိုးနှင့်အာရုံကြောရောဂါဖြစ်တတ်သည်။

**ယတြာ။ ။ ခြေသုတ်ဖုံ လှူပေးပါ။**

# တောင်သူလယ်သမားများသို့ အသိပေးကြေညာချက်

၁။ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးစရိတ်လိုအပ်ချက်ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လုပ်ကွက်ငယ် တောင်သူလယ်သမားများသို့ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက် ရှိပါသည်။ ယခုအခါ သီးနှံအမျိုးအစားအလိုက် စပါး ၁ ဧကကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံများနှင့် ချက်ကြံကို ၁ ဧက ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ မူရင်းကို ဘဏ်မှအပေါင်အဖြစ်ရယူ၍ တောင်သူတစ်ဦးချင်းကိုယ်တိုင် အာမခံသောစနစ်ဖြင့် ချေးငွေများရယူနိုင်ပါသည်။

၂။ ယခုအစိုးရကာလ ၂၀၁၆–၂၀၁၇ ခုနှစ်တွင် စပါးချေးငွေနှုန်းထားကို တစ်ဧကကျပ် ၁ သိန်းမှ ၁ သိန်းခွဲသို့လည်းကောင်း၊ အခြားသီးနှံကို ၂၀၁၇–၂၀၁၈ ခုနှစ်တွင် ကျပ် ၂ သောင်းမှ ၅ သောင်းသို့လည်းကောင်း၊ ၂၀၁၈–၂၀၁၉ ခုနှစ်တွင် ကျပ် ၅ သောင်းမှ ၁ သိန်းသို့လည်းကောင်း ချေးငွေနှုန်းထား ၃ ကြိမ် တိုးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် လက်ရှိထုတ်ချေးပေးလျက်ရှိသော သီးနှံ ၁၄ မျိုးအပြင် ထပ်မံတိုးချဲ့၍ ပဲမျိုးစုံ ၄ မျိုး(ထောပတ်ပဲ၊ ပဲကြီး၊ ပဲယဉ်း၊ စားတော်ပဲ)၊ ဆီထွက်သီးနှံ ၂ မျိုး (ပန်းနှမ်း၊ နေကြာ) စားဖိုဆောင်သီးနှံ ၂ မျိုး (ကြက်သွန်နီ၊ ငရုတ်) စသည့်ပြည်ပပို့ကုန်နှင့် ပြည်တွင်းတွင် စားသုံးမှုများပြားသော အခြားသီးနှံ ၈ မျိုးကို ဆောင်းချေးငွေမှစတင်ပြီး ယခင်နှစ်နှုန်းထားအတိုင်း ထုတ်ချေးသွားမည် ဖြစ်ပါသည်။

၄။ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမည့်ကာလနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | ထုတ်ချေးမည့်ကာလ | ပြန်ဆပ်မည့်ကာလ |
|---|---|---|---|
| (က) | ဆောင်းချေးငွေ | ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ | ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံး |
| (ခ) | မိုးကြိုချေးငွေ | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလဆန်းမှ မတ်လကုန်အထိ | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကုန်နောက်ဆုံး |
| (ဂ) | မိုးချေးငွေ | ၂၀၂၀ ပြည့်နှစ်၊ မေလဆန်းမှ စက်တင်ဘာလကုန်အထိ | ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့နောက်ဆုံး |

၅။ ဆောင်းချေးငွေကို ယခင်နှစ်များက အောက်တိုဘာလဆန်းမှ ဒီဇင်ဘာလကုန်အထိ ထုတ်ချေးပေးပြီး နောက်နှစ်ဇွန်လကုန်တွင် နောက်ဆုံးပေးဆပ်ရန် သတ်မှတ်ခဲ့ရာမှ တောင်သူများချေးငွေပေးဆပ်မှုအဆင်ပြေစေရန်အတွက် ယခုနှစ်တွင် ပေးဆပ်ရန်နောက်ဆုံးရက်ကို စက်တင်ဘာ ၁၅ ရက်အထိ သတ်မှတ်ပေးထားပါသည်။

၆။ တောင်သူများအနေဖြင့် ချေးငွေအဆိုပြုလွှာများကို အချိန်မီတင်ပြနိုင်ရေးအတွက် မိမိတို့ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ချေးငွေစိစစ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**လက်လုပ်လက်စား**

# ဘဝအောင်မြင်ရေးအတွက် အားဆေးတစ်ခွက်

အိမ်ခေတ်မှုး(ရွှေ)

**ပညာ ဒါနဖြန့်ဝေသည့်ဆန်းပညာရှင် ဆရာမက "လူလိမ်မခံချင်ရင် ကိုယ်ဝါသနာပါတဲ့ပညာရပ်ကို တစိုက်မတ်မတ်နဲ့ တတ်မြောက်အောင် သင်ရမယ်။ အဲဒီပညာနဲ့ လမ်းမှန်ပေါ်အမြဲလျှောက်နိုင်ရင် ခရီးဝေးကို သွားနိုင်မယ်"ဟု ပြောပါသည်။**

နေ့လယ်ချိန်ရောက်ပြီဆိုလျှင် ဆရာမက ဗမာမုန့်အမြဲကျွေးပြီး ပညာလည်းပေး အာဟာရလည်းကျွေးသည်။

"မုန့်ကြာစိအုန်းနို့သာကူချိုချိုလေး" လက်ကိုင်ဟွန်းမှ ထွက်လာသည့်အသံကြောင့် ဆရာမက မုန့်ဝယ်ရန်ပြောသည်။ လက်တွန်းလှည်းလေးဖြင့် ခမောက်လေးကိုယ်စီဆောင်း၍ မုန့်ရောင်းနေသူနှစ်ဦးမှာ သားအမိဖြစ်ကြောင်း သိရသည်။ တစ်ပွဲ ၃၀၀ ကျပ်နှင့် ၅၀၀ ကျပ်ရောင်းသော်လည်း မုန့်နှစ်မျိုးစလုံး ထည့်ပေးသည်။

"ကိုယ့်အကြောင်းပဲ စဉ်းစားစမ်းပါအေ။ သူများ အကြောင်း အချိန်ကုန်ခံပြီး လိုက်မစဉ်းစားစမ်းပါနဲ့။ အိမ်မှိရှိ လူကုန် အလုပ်ထွက်လုပ်တာတောင် အကြွေးမတင်အောင် မနည်းစားနေရတဲ့ ခေတ်မှာ ငါတို့တော့ သူများအကြောင်း စဉ်းစားဖို့အချိန်မပေးနိုင်ပါဘူးအေ"

မုန့်ထည့်ပေးနေသည့် အမေဖြစ်သူ၏စကားက ကျွန်မနှလုံးသားကို ထိမှန်သွား၏။ ထိုစိတ်ဓာတ်မျိုးကို ကြိုက်သည်။

မိခင် ဒေါ်သက်မာသည် မြောက်ဥက္ကလာပမြို့နယ် အာသာဝတီ ၃ လမ်းတွင် နေသည်။ အသက် ၅၅ နှစ်ပြည့်ပြီးသော်လည်း ကျန်းမာသန်စွမ်းသည်။ အိမ်ထောင်ကျသည့်အချိန်မှစ၍ ခင်ပွန်းသည်နှင့်အတူ မုန့်ကြာစိ၊ အုန်းနို့သာကူ၊ ရွှေရင်အေးရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်ဟု ဆိုသည်။ ယခင်က မိမိက ခေါင်းပေါ်တင်ကာ ရွက်ရောင်းရသလို ခင်ပွန်းသည်က ဆိုင်းထမ်းဖြင့် တစ်လမ်းဝင်တစ်လမ်းထွက်လျှောက်ရောင်းသည်။ ဆယ်စုနှစ်တစ်စုကျော်ဖြတ်ပြီးချိန်တွင် အိမ်မြေကွက်ဝယ်နိုင်ခဲ့သည်။ သားသမီးလေးယောက်တွင် နှစ်ယောက်က ဘွဲ့ရပြီဟု ဆိုသည်။ ယခုကူရောင်းနေသူမှာ ဘွဲ့ရသမီးငယ်ဟု ဆိုသည်။

"သားသမီးတွေငယ်သေးတဲ့အချိန်မှာ မုန့်ရောင်းတဲ့အလုပ်တစ်ခုတည်းနဲ့ ဘဝကိုဘယ်လိုရုန်းကန်ခဲ့ရသလဲ"ဟု မေးလိုက်မိရာ "ကိုယ်ကချေးသည်ဘဝကို ဖြတ်သန်းနေရတာ သိပ်ပင်ပန်း



လွန်းတယ်။ မွေးထားတဲ့သားသမီးတွေကိုတော့ ပညာတတ်တွေ ချမ်းသာတဲ့သူတွေ ဖြစ်စေချင်တာအမှန်ပါပဲ။ အပင်စိုက်ရင် အသီးစားရတယ်ဆိုပေမယ့် ကိုယ်စိုက်တဲ့အပင်ကို ရေလောင်းပေါင်းသင်အစာကျွေးပိုးသတ်ဆေးဖျန်းပေးမှ အပင်သန်ပြီး အသီးသီးမှာလေ။ အဒေါ်ကတော့ ကိုယ့်မိသားစုရှင်သန်ဖို့ အမြဲစဉ်းစားတယ်။ ဈေးရောင်းမကောင်းရင် ဘာလိုအပ်ချက်ရှိလို့ ရောင်းမကောင်းတာလဲ။ ရောင်းကောင်းနေရင် ဘာကြောင့်ရောင်းကောင်းတာလဲဆိုတာကို အမြဲစဉ်းစားတယ်။ အဒေါ်နဲ့ခင်ပွန်းက ဒီမုန့်ရောင်းတာကို မိသားစုအသက်မွေးဝမ်းကျောင်းပညာတစ်ခုအဖြစ်သတ်မှတ်ပြီး လမ်းမှန်ပေါ်လျှောက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဲဒါက ဘာလဲဆိုရင် စားသုံးတဲ့သူတွေ ကျန်းမာရေးကို ထိခိုက်စေတဲ့ပစ္စည်းတွေမသုံးဘူးဆိုတဲ့အချက်ပဲ။ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလိုပေါ့။ သားသမီးတွေက ငယ်သေးတော့ သူတို့သွားချင်တဲ့ရည်မှန်းချက်ပန်းတိုင်က ဝေးသေးတယ်လေ။ ဒါကြောင့် ကိုယ်ကျွမ်းကျင်တဲ့အလုပ်ကို အာရုံစိုက်ပြီး လမ်းမှန်ပေါ်လျှောက်နိုင်လို့သာ ဒီနေ့အထိ ရပ်တည်နိုင်တာပေါ့ညီမရယ်"

သူ့စကားများက ဘဝအောင်မြင်ချင်သူတိုင်းအတွက် အားဆေးတစ်ခွက်ပမာပင်။

■



# ဒုတိယဝန်ကြီး ဦးလှကျော် ပုသိမ်မြို့ ရေပေးဝေရေးစီမံကိန်း လုပ်ငန်း ကြည့်ရှု စစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၈

**ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပုသိမ်မြို့ မရမ်းချောင်း၌ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ODA Loan MY P-17 ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုသိမ်မြို့ရေပေးရေးစီမံကိန်း (Water Treatment Plant) လုပ်ငန်းခွင် ကြည့်ရှု စစ်ဆေးသည်။** (ပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဘုန်းလွင်က စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ Authentic Construction Co.,Ltd မှ တာဝန်ခံ ဦးအောင်မျိုးဝင်းက ပုသိမ်မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သန့်ရှင်းသောသောက်သုံးရေဖြန့်ဝေရေးနှင့်ပတ်သက်၍ ကန်ထရိုက်တာ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့ သုံးဦးသုံးဖလှယ် အလေးထားဆောင်ရွက်စေလိုကြောင်း၊ နည်းပညာနှင့် စီမံခန့်ခွဲမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်စေလိုကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ပုသိမ်မြို့ရေပေးရေးစီမံကိန်းကာလကို ၂၀၁၇–၂၀၁၈ မှ ငါးနှစ်တာသတ်မှတ်ထားပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာတွင် အပြီးဆောင်ရွက်သွားမည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး ဦးလှကျော်နှင့်အဖွဲ့သည် ငပုတောမြို့နယ် ပမ္မဝတီ ကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေး၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြှင့်တင်ခြင်းကဏ္ဍ၊ ငွေကြေးရင်းနှီးမြှုပ်နှံပံ့ပိုးကူညီမှုများနှင့်ပတ်သက်၍ ကျေးရွာစိတ်ဓာတ်ငါးချက်နှင့် ပြည့်စုံစွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးတင်အောင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်တို့က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်မီးလင်းရေး၊ ကျေးလက်လမ်းနှင့် ကျေးလက်ဆေးပေးခန်းအပါအဝင် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်နိုင်ငံ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသည့် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း (၂၀၁၄–၂၀၁၉) ရှေ့ပြေးစိစစ်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ်၊ ကွင်းယားအရှေ့ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀ မျိုးသန့်မျိုးစေ့ထုတ်စံပြစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးသည်။

**MOALI ပြန်ကြားရေး**

**ကျောဖုံး – ကိုရီးယား မှ**

အတွင်းရေးမှူးချုပ် Ms.So Hee Kim က မော်တော်ယာဉ်များနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုရီးယားရာသီဥတုပြောင်းလဲမှုစင်တာမှ အထွေထွေအတွင်းရေးမှူးချုပ် Ms.So Hee Kim နှင့် SK Telecom မှ Executive Vice President, Mr.Ryu Woong Hwan တို့က စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုထံ မြန်မာနိုင်ငံတွင် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်း စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအတွက် မော်တော်ယာဉ်များနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကိုရီးယားရာသီဥတုပြောင်းလဲမှုစင်တာမှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် SK Telecom Executive Vice President တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး စွမ်းအားမြင့် မီးဖိုများ ဖြန့်ဖြူးခြင်း စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအတွက် ကိုရီးယားရာသီဥတုပြောင်းလဲမှုစင်တာမှ လွှဲပြောင်းပေးအပ်သည့် မော်တော်ယာဉ်များနှင့် လက်တော့ကွန်ပျူတာများ၊ ပရိုဂျက်တာများ၊ အပေါ့စားမီးစက်များနှင့် မိုဘိုင်းဖုန်းဟန်းဆက်များကို လှည့်လည် ကြည့်ရှုကြသည်။

မြန်မာနိုင်ငံတွင် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ထင်းသုံးစွဲမှု ၄၅ ရာခိုင်နှုန်း လျှော့ချနိုင်ခြင်း၊ သစ်တောပြုန်းတီးမှု ကာကွယ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုအပေါ် ကောင်းကျိုးများ သက်ရောက်စေခြင်း၊ ကာဗွန်ထုတ်လုပ်မှု လျှော့နည်းစေခြင်း၊ Carbon Credit Sharing ကို မြန်မာနိုင်ငံမှ ၁၅ ရာခိုင်နှုန်း၊ ကိုရီးယားဘက်မှ ၈၅ ရာခိုင်နှုန်း ခွဲဝေမှုအရ နိုင်ငံအတွက် အကျိုးကျေးဇူးရရှိနိုင်ခြင်း၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းနှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများအပြင် မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာသစ်လူပ်ရှားမှုများ ဆောင်ရွက်နိုင်ရန် စွမ်းအားမြင့်မီးဖိုတစ်ဖိုဖြန့်ဖြူးတိုင်း အမေရိကန်တစ်ဒေါ်လာကို ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ကိုရီးယားရာသီဥတုပြောင်းလဲမှုစင်တာမှ စိုက်ပျိုးရေးဦးစီးဌာန၏ ငွေစာရင်းအကောင့်သို့ ထည့်ဝင်ပေးရန် သဘောတူထားပြီးဖြစ်၍ ငါးနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၂ သန်း ထူထောင်နိုင်မည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်ခြောက်ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဆိုပါစီမံကိန်းကြောင့် ထင်းအသုံးပြုမှုလျှော့ချနိုင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေခြင်းနှင့်အတူ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် အသိပညာပေးခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်ပြီးဖြစ်သဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟုသုတများ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် စွမ်းအားမြင့်မီးဖိုထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လောင်စာအသုံးပြုချက်ပြုတ်ခြင်းအတွက် ထင်းသုံးစွဲခြင်းမှ ဖြစ်ပေါ်လာမည့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်သဖြင့် Carbon Credit ရရှိရန်တို့ကို ရည်ရွယ်ကာ စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

# ကရင်ပြည်နယ် ဝန်ကြီး ဦးစောမြင့်ဦး ဓာတ်မြေသြဇာ စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲ ကြည့်ရှု အားပေး

လှိုင်းဘွဲ့ နိုဝင်ဘာ ၂

**ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးသည် ယနေ့နံနက် ၈ နာရီက လှိုင်းဘွဲ့မြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာဖြစ်သော သမ္ဘာန်ကျေးရွာ တောင်သူ ဦးကျော်လုံး၏ မနောသုခစပါး ကိုးဧကစိုက်ကွင်းတွင် ကိုရီးယားဝမ်းပရိုဓာတ်မြေသြဇာ သုံးဧကစမ်းသပ်ကွက် ဆောင်ရွက်ထားရှိမှုများကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးသည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦးက အားပေးစကားပြောကြားပြီး DoF Co.Ltd မှ တာဝန်ရှိသူတစ်ဦးက ကိုရီးယားမြေသြဇာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ကိုရီးယားမြေသြဇာကို မနောသုခစပါးစိုက်ခင်း သုံးဧကတွင် တစ်ဧက ရှစ်အိတ်နှုန်း၊ ခုနစ်အိတ်နှုန်းနှင့် ကျန်တစ်ဧကတွင် လုံးဝအသုံးပြုခြင်းမရှိဘဲ စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

**ရီရီစိန်**



# မိုးစပါးနှင့်နာနတ် GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး တန့်ယန်းမြို့နယ်တွင် ကွင်းဆင်း စစ်ဆေး

တန့်ယန်း နိုဝင်ဘာ ၄

**မိုးစပါးနှင့်နာနတ် GAP လက်မှတ်များထုတ်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေးခြင်းကို လားရှိုးခရိုင် တန့်ယန်းမြို့၌ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုးဦးဆောင်သော ခရိုင်စစ်ဆေးရေးအဖွဲ့နှင့် မြို့နယ်ဦးစီးမှူး ဦးလှစိုးခေါင်းဆောင်သော မြို့နယ်အဖွဲ့များက ယနေ့နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးသည်။**

တန့်ယန်းမြို့နယ် နမ့်ဟူးလွယ်ကာရွာရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကွက်ရှိ မိုးစပါးစိုက်တောင်သူ ၁၅ ဦးတို့၏ စပါးဧက ၅၆ ဒသမ ၁၉ ဧကအတွက် GAP အသိအမှတ်ပြုလက်မှတ်များ လျှောက်ထားခဲ့ရာ တန့်ယန်းမြို့နယ် ရပ်ကွက် ၈ မှ နာနတ်တောင်သူတစ်ဦး၏ နာနတ်စိုက် ငါးဧက၊ ခိုယောင်ကျေးရွာတောင်သူများ၏ နာနတ်တောင်သူ သုံးဦးစိုက် ၁၅ ဧက ၊ စုစုပေါင်း နာနတ်စိုက်ဧက ၂၀ GAP လက်မှတ်များ ထုတ်ပေးရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးခြင်း ဖြစ်သည်။

**ခင်မေကြည် (မန္တလေး)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ နော်ဝေနိုင်ငံ Bergen မြို့တွင် Institute of Marine Research (IMR) နှင့် ငါးလေလံဈေးများ လေ့လာ






**နေပြည်တော် အောက်တိုဘာ ၂၄**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နော်ဝေနိုင်ငံအစိုးရနှင့် နော်ဝေနိုင်ငံ Bergen မြို့ရှိ Institute of Marine Research (IMR)တို့၏ ဖိတ်ကြားချက်အရ မြန်မာ-နော်ဝေနှစ်နိုင်ငံ ငါးလုပ်ငန်းကဏ္ဍဆိုင်ရာ ညှိနှိုင်းတိုးမြှင့်မှုများဆောင်ရွက်ရန် နော်ဝေနိုင်ငံ ငါးလုပ်ငန်းကဏ္ဍနှင့်စီမံခန့်ခွဲမှုအပေါ် ပိုမိုသိရှိနားလည်စေရန်နှင့် ငါးလုပ်ငန်းကဏ္ဍတွင် အဓိကပါဝင်ပတ်သက်သူများ ပိုမိုတတ်ကျွမ်းစေရန်ရည်ရွယ်၍ အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ နော်ဝေနိုင်ငံသို့ သွားရောက် လေ့လာသည်။**

အဆိုပါ Bergen မြို့ရှိ Institute of Marine Research (IMR) သို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ရောက်ရှိစဉ် နော်ဝေနိုင်ငံ ငါးလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ၊ နော်ဝေနိုင်ငံတပ်မတော်ရေနှင့်ကမ်းခြေစောင့်ရဲတပ်ဖွဲ့တာဝန်ခံများက ငါးအလွန်အကျွံဖမ်းဆီးခြင်းအား လျှော့ချရေး၊ ပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ ငါးမွေးမြူခြင်းဆိုင်ရာ နည်းပညာများနှင့် ရောဂါကျရောက်နိုင်မှုအခြေအနေများကို စောင့်ကြည့်ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာများ၊ ပင်လယ်ပြင်အတွင်း ငါးလုပ်ငန်း၊ ရေတပ်၊ ကမ်းခြေစောင့်ရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး ကင်းလှည့်စစ်ဆေးခြင်း၊ သုတေသနရလဒ်အပေါ်အခြေခံပြီး ငါးလုပ်ငန်းစီမံခန့်ခွဲမှု စောင့်ကြည့်ထိန်းချုပ်ခြင်းအပါအဝင် နှစ်နိုင်ငံငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ ငါးသယံဇာတထိန်းသိမ်းနေမှု အခြေအနေများ၊ ကောင်းမွန်သောရေသတ္တဝါမွေးမြူမှုကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး ငါးသယံဇာတသုတေသနပြုဆောင်ရွက်နေမှုများ၊ နော်ဝေနိုင်ငံနှင့် FAO တို့၏အစီအစဉ်အရ Dr.Fridtjof Nansen သုတေသနရေယာဉ်ဖြင့် မြန်မာ့ပိုင်နက်ရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှုအခြေအနေ၊ ရေငန်ဒေသဆိုင်ရာ ပြောင်းလဲမှုအခြေအနေများ၊ မြန်မာ့ပင်လယ်ကမ်းရိုးတန်းတွင် Micor Plastic ပါဝင်မှုအား သုတေသနဆောင်ရွက်ထားရှိမှုရလဒ်အပေါ် စီမံခန့်ခွဲမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နော်ဝေနိုင်ငံ Bergen မြို့ရှိငါးလေလံဈေးကို ကြည့်ရှုလေ့လာကြသည်။ **MOALI ပြန်ကြားရေး**




# ကိုရီးယားရာသီဥတုပြောင်းလဲမှုစင်တာမှ စိုက်ပျိုးရေးဦးစီးဌာနသို့ လှူဒါန်းသည့် မော်တော်ယာဉ်နှင့် ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

**မြန်မာနိုင်ငံတွင် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအတွက် ကိုရီးယားရာသီဥတုပြောင်းလဲမှု စင်တာ (Korea Climate Change Center - CCC) မှ စိုက်ပျိုးရေးဦးစီးဌာနသို့ မော်တော်ယာဉ်များနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr.Jung Yung Soo နှင့် SK Telecom မှ Executive Vice President, Mr.Ryu Woong Hwan တို့က အမှာစကား ပြောကြားကြပြီး ကိုရီးယားရာသီဥတု ပြောင်းလဲမှုစင်တာမှ အထွေထွေ

စာ - ၁၉ သို့

# ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွက် ဂျပန်ယန်းငွေ ၄၄၄ သန်းတန် စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေး ပစ္စည်းကိရိယာများ ထောက်ပံ့ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၄**

**ဂျပန်နိုင်ငံအစိုးရ၏ ငွေကြေးအထောက်အပံ့ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသများအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ကိရိယာများ ထောက်ပံ့ပေးရေးစီမံကိန်းအတွက် Grant Agreement သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော် ရုံးအမှတ် ၅၀ ၌ ကျင်းပရာ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် တက်ရောက် အားပေးသည်။**

စက်မှုလယ်ယာဦးစီးဌာနနှင့် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးအေဂျင်စီ (JICA) တို့ လက်မှတ်ရေးထိုးကြသည့် အဆိုပါစီမံကိန်းအတွက် ဂျပန်အစိုးရက ဂျပန်ယန်းငွေစုစုပေါင်း ၄၄၄ သန်းတန်ဖိုးရှိ လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်၊ စက်ယန္တရား ၆၁ စီးနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး ဆန်စပါးကို အဓိကထား စိုက်ပျိုးနေပြီး လုပ်ကွက်ငယ်တောင်သူ အများအပြားရှိသော ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ရှိ အခြေခံအဆောက် အအုံဖွံ့ဖြိုးမှုနည်းပါးလျက်ရှိသည့် ဒေသခံ ပြည်သူများအတွက် ရည်ရွယ် ထောက်ပံ့ ကူညီပေးခြင်းဖြစ်ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်း အတွင်းဝန် ဦးကျော်မင်းဦး၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စက်မှုလယ်ယာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏကျော်၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အရာရှိချုပ် Mr.Masayuki KARASAWA သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများနှင့်လုပ်ငန်းတာဝန်ခံ အရာရှိများ တက်ရောက်ကြပြီး ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။




ထို့နောက် စက်မှုလယ်ယာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) ဌာနေကိုယ်စားလှယ် Mr.Massayuki KARASAWA တို့က ကျေးလက်ဒေသများအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ ထောက်ပံ့ပေးရေးစီမံကိန်းအတွက် Grant Agreement သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ (ပုံ)

စာ - ၅ သို့